# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၁)ရက် ၊ တနင်္ဂနွေနေ့ ၊ (15-10-2023) ၊ အတွဲ (၃၂)၊ အမှတ် (၁၆၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိ သည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ

## အိန္ဒိယနိုင်ငံ ဒုတိယအမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ အိန္ဒိယနိုင်ငံ ဒုတိယအမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် H. E. Mr. Vikram Misri ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပမည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ရှစ်နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့တက်ရောက်ရန် ရောက်ရှိနေသည့် အိန္ဒိယနိုင်ငံ ဒုတိယအမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် H. E. Mr. Vikram Misri ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်
အယ်ဒီတာ့အာဘော်

# ထာဝရငြိမ်းချမ်းရေးအတွက် မရှိမဖြစ် NCA

မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟူ၍ ကမ္ဘာ့အလယ်တွင် တင့်တယ်စွာ ရပ်တည်လာခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟူသော အသုံးမျိုးကို လွတ်လပ်ရေးရပြီးမှသာ စတင်သုံးနှုန်းသော်လည်း ရှေးပဝေသဏီကာလကပင် မြန်မာနိုင်ငံတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် စည်းလုံးညီညွတ်စွာ အတူတကွ နေထိုင်ခဲ့ကြသည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဟူ၍ အခိုင်အမာမှတ်တမ်းပြုနိုင်ပြီဖြစ်သော ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ အမိနိုင်ငံတော်အတွက် ပေါင်းစည်းညီညွတ်စွာ လက်တွဲကြိုးပမ်းခဲ့ကြမှုများ၊ အပြန်အလှန် ချစ်ကြည်စည်းလုံးစွာ နေထိုင်ခဲ့ကြမှုများ သမိုင်းတစ်လျှောက် ထင်ရှားစွာရှိခဲ့သည်။

ပြည်ထောင်စုကြီးအတွင်း နှစ်ပေါင်းများစွာ အတူတကွ ပေါင်းစည်းချစ်ကြည်စွာ နေထိုင်ခဲ့ကြသော တိုင်းရင်းသားညီအစ်ကိုများကြားတွင် နယ်ချဲ့တို့၏ သပ်လျှိုသွေးခွဲခဲ့မှုတို့ကြောင့် နှစ်ပေါင်းများစွာဖြစ်ပွားခဲ့ရသော အထင်အမြင်လွဲမှားမှုများ၊ နားလည်မှုလွဲမှားမှုများနှင့် ၎င်းတို့မှတစ်ဆင့် လက်နက်ကိုင်ပဋိပက္ခများလည်း ဖြစ်ပေါ်လာခဲ့သည်။ မိမိတို့နိုင်ငံတွင် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုရရှိစေရန်၊ တည်ငြိမ်အေးချမ်းမှုမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်လျှောက်လှမ်းနိုင်ရန်အတွက် လက်နက်ကိုင်ပဋိပက္ခများ မဖြစ်မနေ ချုပ်ငြိမ်းဖို့လိုပါသည်။ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် **(NCA)** လမ်းကြောင်းအတိုင်း ငြိမ်းချမ်းရေးပန်းတိုင်ကို လှမ်းချီကြရမည်ဖြစ်ပါသည်။

ပါတီစုံဒီမိုကရေစီခေတ်ကာလ ပထမ ငါးနှစ်သက်တမ်းတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ၂၀၁၁ ခုနှစ်က ငြိမ်းချမ်းရေးဖိတ်ခေါ်မှုများပြုလုပ်ပြီးနောက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်များသည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် **(NCA)** ကို အတူတကွညှိနှိုင်းဆွေးနွေးရေးဆွဲကြသည်။ ဆွေးနွေးမှုများစွာပြုလုပ်ပြီးနောက် ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်တွင် **NCA** (မူကြမ်း) ထွက်ပေါ်ခဲ့သည်။ ထို့နောက် **NCA** (မူချော)ရရှိသည်အထိ အဆင့်ဆင့် ညှိနှိုင်းဆွေးနွေးမှုပြုလုပ်ပြီးနောက်တွင် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် နေပြည်တော် **MICC II** ၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့မှ ခေါင်းဆောင်များ၊ ပြည်တွင်း၊ ပြည်ပသက်သေများရှေ့တွင် **NCA** စာချုပ်ကို သမိုင်းဝင်သဘောတူလက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့သည်။ ထိုမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်ခဲ့ရာ ၂၀၁၈ ခုနှစ်တွင် တိုင်းရင်းသားလက်နက်ကိုင် နောက်ထပ်နှစ်ဖွဲ့ **NCA** စာချုပ်တွင် ထပ်မံလက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ယခုဆိုလျှင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် **(NCA)** ချုပ်ဆိုခဲ့သည်မှာ ရှစ်နှစ်မြောက်နှစ်ပတ်လည်နေ့သို့ ရောက်ရှိခဲ့ပြီပင်ဖြစ်သည်။ **NCA** စာချုပ်သည် လက်နက်ကိုင်လမ်းစဉ်မှ ငြိမ်းချမ်းရေးကို လမ်းခင်းပေးထားသောစာချုပ်၊ ထာဝရငြိမ်းချမ်းရေးဖြစ်ထွန်းစေရေးအတွက် ပြည်ထောင်စုဖွားအားလုံး၏ အသက်ဝိညာဉ်သဖွယ် တန်ဖိုးထားရမည့် အကျိုးစီးပွားစာချုပ်ဖြစ်ပါသည်။ ထို့ကြောင့် ထာဝရငြိမ်းချမ်းရေးရရှိခိုင်မာစေရန် အမျိုးသားအကျိုးစီးပွားဖြစ်သော ဒို့တာဝန်အရေးသုံးပါးဟူသော သန္နိဋ္ဌာန်စိတ်ဖြင့်လည်းကောင်း၊ **NCA** လမ်းကြောင်းမှ မသွေမဖည် ညီနောင်သားချင်းတို့ အတူလက်တွဲမယ်ဟူသော ခံယူချက်ဖြင့်လည်းကောင်း သစ္စာရှိရှိ၊ တာဝန်သိသိဖြင့် မဆုတ်မနစ် ကြိုးပမ်းကြရပါမည်။ သို့မှသာ ပြည်ထောင်စုဖွားတိုင်းရင်းသားတို့အားလုံး တောင့်တနေသည့် ငြိမ်းချမ်းရေးပန်းဥယျာဉ်ကြီးသည် ဖူးပွင့်ဝေဆာလာမည်သာ ဖြစ်ပါကြောင်း အလေးအနက်ယုံကြည်စွာ ရေးသားလိုက်ရပါသည်။

# မန္တလေးဈေးကွက်တွင် မြေထောက်ပဲ အရောင်းအဝယ်ကောင်းလာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၅၅၀၀၀ ဖြင့် ဈေးကောင်းရရှိနေ

**မန္တလေး အောက်တိုဘာ ၁၅**

မန္တလေးဈေးကွက်တွင် မြေထောက်ပဲ အရောင်းအဝယ်ကောင်းလာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၅၅၀၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

မြေထောက်ပဲများကို ယခုလက်ရှိတွင် တရုတ်နိုင်ငံဘက်က ဝယ်ယူမှုများရှိလာကြောင်း၊ ပြည်တွင်း၌လည်း မြေထောက်ပဲများ အရောင်းအဝယ်ကောင်းသဖြင့် မန္တလေးဈေးကွက်တွင် မြေထောက်ပဲများ ဈေးကောင်း ရရှိနေကြောင်း သိရသည်။

"မြေထောက်ပဲတွေကို အခုလက်ရှိ တရုတ်နိုင်ငံအပြင် အိန္ဒိယနိုင်ငံဘက်ကပါ ပြန်ပြီးဝယ်ယူမှုတွေရှိလာတယ်။ ပြည်တွင်းကလဲ ဝယ်ယူမှု များလာတာကြောင့် အရင်ကထက် ဈေးကောင်းပိုရလာပါတယ်။ မြေထောက်ပဲက မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းတဲ့ ပဲအမျိုးအစားတွေထဲက တစ်မျိုးဖြစ်ပါတယ်" ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင်အောက်တိုဘာလ ပထမပတ်အတွင်းက မြေထောက်ပဲဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀ သာပေါက်ဈေးရှိခဲ့သော်လည်း အောက်တိုဘာ ၁၄ ရက်တွင် မြေထောက်ပဲဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၃၅၅၀၀၀ ပေါက်ဈေးရှိပြီး ဈေးကောင်းရရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) မှ သိရသည်။ (၁၈၄)

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး အောက်တိုဘာ ၁၅**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၃၃၈၇၁၇ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နယ်စုံဒေသက ဘုရားဖူးတွေ လာရောက်ဖူးမြော်ကြပါတယ်။ ဒီနေ့ဟာ ဥပုသ်နေ့ဖြစ်တာကြောင့် ဘုရားဖူးတွေ အများအပြား လာရောက် ဖူးမြော်ကြပါတယ်။ ရာသီဥတု ပူပြင်းတဲ့အခါမှာလဲ ဘုရားဖူးတွေက နားနေဆောင်မှာ အနားယူအပန်းဖြေကြပြီးတော့ စောင်းတန်းကနေ လှည့်လည်ပြီး ဘုရားဖူးကြတာကို တွေ့ရပါတယ်။ သနပ်ခါးကျောက်ပျဉ်ကြီးမှာလဲ ဘုရားဖူးတွေ ဝင်ရောက်လိမ်းခြယ်ကြပါတယ်။ ဘုရားဖူးတွေက လိုဏ်ဂူအတွင်းကိုလဲ ဝင်ရောက်လေ့လာကြပါတယ်။ အမှတ်တရ ပစ္စည်းအရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်"ဟု ဝေဠုဝန်ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ ညနေထိ ဘုရားဖူး ၁၆၅၂ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၃၃၅၈၅၃ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၁၂၁၂ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ခုနစ်ခရိုင်တွင် တိရစ္ဆာန်အစာအတွက် မြက်စိုက်ဧက ၅၈၀ ကျော် စိုက်ပျိုးပြီးစီး

**မန္တလေး အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ခုနစ်ခရိုင်တွင် တိရစ္ဆာန်အစာအတွက် မြက်စိုက်ဧက ၅၈၀ ကျော်ကို ဇူလိုင်လက စတင်စိုက်ပျိုးခဲ့ရာ ယခုအခါ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာခင်ဇော်က ပြောပြ၍ သိရသည်။

တိရစ္ဆာန်အစာကဏ္ဍဖြစ်ထွန်းစေရန်အတွက် ခရိုင် ခုနစ် ခရိုင်တွင် တောင်သူများက မြက်အမျိုးအစားအလိုက် စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင် နေပီယာမြက်စိုက်ဧက ၅၄၃ ဒသမ ၀၂ ဧက၊ မိုပါးစားမြက်စိုက်ဧက ၁၅ ဒသမ ၀၅ ဧက၊ မိုလတိုမြက် စိုက်ဧက သုည ဒသမ ၂၅ ဧက၊ မြက်လျှိုမြက်စိုက်ဧက ၃၀ ဒသမ ၁ ဧက စုစုပေါင်း မြက်စိုက်ဧက ၅၈၈ ဒသမ ၄၂ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီးအတွင်းမှာ တိရစ္ဆာန်အစာကဏ္ဍဖြစ်ထွန်းဖို့အတွက် အောင်မြင်တဲ့နေရာတွေကို ရွေးချယ်ပြီးစိုက်ပျိုးပါတယ်။ မြက်အမျိုးအစားကတော့ လေးမျိုး စိုက်ပျိုးထားပါတယ်။ နိုင်ငံခြားက မျိုးတွေပါ။ တစ်ကြိမ်စိုက်ပြီးရင် သုံး၊ လေးနှစ်လောက်စားရတယ်။ ရေသွင်းပေးရပါတယ်။ တိရစ္ဆာန်အစာအတွက် အဆင်ပြေပါတယ်။ ဇူလိုင်လကနေ စစိုက်ခဲ့တာပါ။ အခုဆို အားလုံးစိုက်ပျိုးပြီးပါပြီ။ ဌာနကနေပြီး နည်းစနစ်နဲ့ မျိုးတွေကို ဖြန့်ဖြူးပေးပါတယ်။ စမ်းသပ်ကွက်တွေ စိုက်ပြီးတော့လဲ မျိုးတွေကို အခမဲ့ဖြန့်ဖြူးပေးပါတယ်။ တောင်သူတွေအနေနဲ့ ဝယ်ကျွေးရတာနဲ့စာရင် ကိုယ်တိုင်စိုက်ပျိုးတာကြောင့် တွက်ခြေကိုက်ပါတယ်။ တိရစ္ဆာန်တွေအတွက်လဲ ဒီလို မြက်မျိုးတွေ ကျွေးနိုင်တာကြောင့် အောင်မြင်ဖြစ်ထွန်းပြီး အသားကဏ္ဍမှာလဲ ဖွံ့ဖြိုးတိုးတက်စေပါတယ်"ဟု ဒေါက်တာခင်ဇော်က ပြောပြသည်။

ထိုသို့ တိရစ္ဆာန်အစာကဏ္ဍအတွက် ဖြစ်ထွန်းအောင်မြင်စေရန် မြက်စိုက်ပျိုးရာတွင် အောင်မြေသာစံခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ မြင်းခြံခရိုင်၊ ညောင်ဦးခရိုင်၊ ရမည်းသင်းခရိုင်၊ မိတ္ထီလာခရိုင်တို့၌ မြက်အမျိုးအစားလေးမျိုးကို စိုက်ပျိုးထားရှိကြောင်း၊ အဆိုပါမြက်များထဲတွင် နေပီယာမြက်ကို အများဆုံးစိုက်ပျိုးထားကြကြောင်း သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပြည်မြို့နယ် ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ပြည် အောက်တိုဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပြည်မြို့နယ် သခွက်ကုန်းကျေးရွာ၌ အရှည်ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် တစ်နာရီ ဂါလန် ၂၀၀ ကျော်ထွက်ရှိသော ဆိုလာစနစ်ဖြင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၅၃ သန်းဖြင့်လည်းကောင်း၊ လယ်ဘဲ့ကျေးရွာ၌ အရှည်ပေ ၃၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း မြေနီလမ်းခင်းခြင်းလုပ်ငန်းနှင့် တစ်နာရီ ဂါလန် ၂၀၀ ကျော်ထွက်ရှိသော ဆိုလာစနစ်ဖြင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ ဒသမ ၆ သန်းဖြင့်လည်းကောင်း ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက နည်းပညာကူညီပံ့ပိုးကာ ကျေးရွာပြည်သူလူထုကိုယ်တိုင် စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၀ ရာခိုင်နှုန်းစီ ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဌေးဇော်က ပြောပြ၍ သိရသည်။ **ကိုညို**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးညီညီဟိန်း-ဒေါ်နှင်းယုမြိုင် သား-မောင်ထက်ကောင်းခံ့(စ)မိုးချစ်၊ မောင်လင်းခေခေတ် မိသားစုက ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၈၀၀၀၀၀ လှူဒါန်းရာ စီမံအထွေထွေအတွင်းရေးမှူး သီဟသုဓမ္မဇောတိကဓဇ ဦးကျော်ဝင်း၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးမိုးလွင်နှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၆၅၀၇ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် အောက်တိုဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၆၅၀၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၁၆၅၀၇ ဧကကို ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ မိုးသီးနှံစုံ ၁၆၅၀၇ ဧကတွင် မိုးစပါး ၁၄၀၂၃ ဧက၊ ပိန်း ၈၉ ဧက၊ ပန်းအမျိုးမျိုး ဧက ၂၀၊ ပီလောပီနံဧက ၄၅၀၊ ကွမ်း ၃၂ ဧက၊ ငရုတ်ဧက ၃၀၊ ပဲစင်းငုံ ၉၁ ဧက၊ ကြံ ၄၁ ဧက၊ ပြောင်းဖူးစားပြောင်း ၂၄၇ ဧက၊ နှမ်း ၅၁ ဧက၊ မြေပဲ ၅၆၂ ဧက၊ စားဖိုဆောင်သီးနှံ ၈၇၁ ဧကဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ငရုတ်ကောင်းမြို့ မိုးသီးနှံစိုက်ပျိုးရာသီမှာ သီးနှံစုံ ၁၆၅၀၇ ဧက စိုက်ပျိုးပြီးစီးပါပြီ။ အခုနှစ် မိုးသီးနှံစုံတွေထဲမှာ စပါးကို အများဆုံးစိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ လက်ရှိ သီးနှံစုံတွေစိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့စိုက်ပျိုးရေးနည်းပညာတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးပါတယ်။ ဒါ့ပြင် သီးနှံစုံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ အခက်အခဲမရှိစိုက်ပျိုးဖို့အတွက် မစိုက်ခင်အချိန်ကနေ စိုက်ပျိုးပြီးတဲ့ထိလဲ တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံများ စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးစရိတ်ချေးငွေများ စိုက်ပျိုးရာသီအမီရရှိစေရေး၊ စိုက်ပျိုးပြီးသီးနှံများ အထွက်နှုန်းတိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်းသီးနှံများ စနစ်တကျစိုက်ပျိုးနိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့် လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# နွားထိုးကြီးမြို့နယ် မင်းကုန်းကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**နွားထိုးကြီး အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် မင်းကုန်းကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းတာဝန်ခံများက မင်းကုန်းကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

နွားထိုးကြီးမြို့နယ် မင်းကုန်းကျေးရွာတွင် အရှည်ပေ ၈၉၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၄၅ သိန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက စက်တင်ဘာလ ပထမပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသိန်းက ပြောပြ၍ သိရသည်။ **သက်မာ**

# လယ်ဝေးမြို့နယ် သဲကောလေးကျေးရွာ၌ စတုတ္ထအကြိမ် VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် အောက်တိုဘာ ၁၄**

နေပြည်တော် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဲကောလေးကျေးရွာ၌ စတုတ္ထအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက သဲကောလေးကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများ ရရှိစေရန်ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကြီးကြပ်မှုကော်မတီဝင်များထံ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကြီးကြပ်မှုကော်မတီဝင်များက သဲကောလေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသားအသင်းသူ ဦးရေ ၁၄၀ ကို စတုတ္ထအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကျပ် သိန်း ၃၄၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရှိုးသန်းညွန့်**



# နိုင်ငံတော်ရဲ့ အနာဂတ်ကို အလှပဆုံး၊ အတောက်ပြောင်ဆုံး၊ အငြိမ်းချမ်းဆုံးဖြစ်စေချင်

စိုင်းခမ်းအောင်

မြန်မာ့မြေ၊ မြန်မာ့ရေမှာ တို့တိုင်းရင်းသားတွေ နေထိုင်ခဲ့တာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပါပြီ။ အေးအတူပူအမျှ၊ မရှိအတူရှိအတူဆိုတဲ့စကားတွေ အတိုင်းအေးချမ်းစွာနေထိုင်ခဲ့ကြပါတယ်။ တစ်ခါတလေမှာ စိတ်သဘောထားချင်းမတိုက်ဆိုင်လို့ ပဋိပက္ခတွေဖြစ်ခဲ့ကြပေမဲ့ အချိန်အကြာကြီးဖြစ်နေခဲ့တာ မဟုတ်ပါဘူး။ တွေ့ဆုံညှိနှိုင်းဖြေရှင်းလိုက်ကြတာနဲ့ ပဋိပက္ခဆိုတာ ပြေပျောက်သွားတာမျိုးပါ။ အတိတ်ကာလက မြန်မာကို အင်္ဂလိပ်နယ်ချဲ့တွေက တိုက်ပွဲသုံးကြိမ်ဆင်နွှဲပြီး သိမ်းပိုက်ခဲ့တာပါ။ အဲဒီတိုက်ပွဲသုံးကြိမ်စလုံးမှာ တိုင်းရင်းသားတွေကလဲ ငါ့မြေငါ့ရေအတွက်ဆိုတဲ့စိတ်ဓာတ်နဲ့ နယ်ချဲ့အင်္ဂလိပ်တွေကို ပြန်လည်တိုက်ပွဲဝင်ခဲ့ကြပါတယ်။ တစ်နိုင်ငံလုံးသိမ်းပိုက်ခံခဲ့ရပြီးတဲ့နောက်မှာလဲ ကိုယ့်ဒေသအလိုက် တိုင်းရင်းသားခေါင်းဆောင်တွေက ရရာလက်နက်စွဲကိုင်ပြီး တိုက်ပွဲဝင်ခဲ့ကြတာဖြစ်ပါတယ်။

မြန်မာတိုင်းရင်းသားတွေရဲ့ စည်းလုံးညီညွတ်နေတဲ့စိတ်ဓာတ်ကို အင်္ဂလိပ်တွေက ဖျက်ဆီးခဲ့ပါတယ်။ သွေးခွဲခဲ့ပါတယ်။ နှစ်ပေါင်းတစ်ရာကျော် သွေးခွဲအုပ်ချုပ်တဲ့စနစ်နဲ့ အုပ်ချုပ်ခဲ့တဲ့အတွက် အရင်တုန်းက စည်းလုံးညီညွတ်တဲ့မြန်မာတိုင်းရင်းသားတွေ သွေးကွဲခဲ့ရပါတယ်။ ဘယ်လောက်အထိ သွေးခွဲအုပ်ချုပ်ခဲ့သလဲဆိုရင် တောင်ပေါ်ဒေသနဲ့ မြေပြန့်ဒေသကို လွယ်လွယ်ကူကူသွားလာလို့မရခဲ့ပါဘူး။ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရမယ်ဆိုတော့လဲ အင်္ဂလိပ်တွေက တောင်တန်းဒေသတွေကို ချန်လှပ်ထားချင်ပါသေးတယ်။ အဲဒီလိုထားဖို့အတွက် အမျိုးမျိုးချော့၊ ခြောက်၊ မြှောက် နည်းမျိုးစုံနဲ့ သွေးခွဲခဲ့ပါသေးတယ်။ နောက်ဆုံးမှာတော့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေရဲ့ အမြော်အမြင်ကြီးမားမှုကြောင့် တစ်နိုင်ငံလုံး အတူတကွ လွတ်လပ်ရေးရရှိခဲ့တာဖြစ်ပါတယ်။

လွတ်လပ်ရေးရရှိခဲ့တာဖြစ်ပေမဲ့ မြန်မာတိုင်းရင်းသားပြည်သူတွေအားလုံး စိတ်ချမ်းသာစွာနေထိုင်ခဲ့ရတာမဟုတ်ပါဘူး။ နယ်ချဲ့အင်္ဂလိပ်ရဲ့ သွေးခွဲမှုတွေကြောင့် ပေါ်ပေါက်လာတဲ့လက်နက်ကိုင်အဖွဲ့တွေ၊ ဝါဒရေးရာကြောင့် ပေါ်ပေါက်လာတဲ့လက်နက်ကိုင်အဖွဲ့တွေ ပေါ်ပေါက်လာခဲ့ပါတယ်။ တိုင်းပြည်က အေးချမ်းမှု၊ တည်ငြိမ်မှုမရှိတဲ့အတွက် လွတ်လပ်ရေးသက်တမ်းက နုနယ်သေး၊ လက်နက်ကိုင်တွေက များသေးဆိုတဲ့အခြေအနေကြောင့် "တိုင်းပြည်ကနုနု၊ မုန်တိုင်းကထန်ထန်"လို့ ပြောဆိုခဲ့ကြပါတယ်။ အလားတူပါပဲ အဲဒီတုန်းက အစိုးရကိုလဲ ရန်ကုန်မြို့ကွက်ကွက်ကလေးသာ အာဏာစက်သက်ရောက်တာမို့ "ရန်ကုန်အစိုးရ"လို့ လှောင်ပြောင်ခြင်းခံခဲ့ရပါတယ်။

တိုင်းပြည်ရဲ့မငြိမ်သက်မှုတွေ အဆုံးသတ်ဖို့အတွက် အဓိက ဦးဆောင်တိုက်ပွဲဝင်ခဲ့ရတာကတော့ မြန်မာ့တပ်မတော်ပဲဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုတွေကို တိုက်ခိုက်နေရင်းမှာပဲ ပြည်ပကျူးကျော်မှုကို တိုက်ခိုက်ခဲ့ရပါသေးတယ်။ ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းသူတွေဟာ ပထမကမြစ်ဝကျွန်းပေါ်ဒေသမှာ စိုးမိုးနေတယ်။ မြစ်ဝကျွန်းပေါ်ဒေသတစ်ခုလုံးမှာ သောင်းကျန်းသူတွေကိုအမြစ်ဖြတ်တိုက်ခိုက်ခဲ့ရတယ်။ အဲဒီနောက်မှာ ပဲခူးရိုးမတစ်ခွင်မှာစိုးမိုးနေတဲ့သောင်းကျန်းသူတွေကိုလဲ အမြစ်ပြတ်အောင်တိုက်ခိုက်ခဲ့ရတယ်။ လက်နက်ကိုင်သောင်းကျန်းသူတွေရှိနေတဲ့နေရာဒေသတွေမှာရှိတဲ့ပြည်သူတွေ အေးအေးချမ်းချမ်းမနေကြရဘူး။ လူသစ်စုဆောင်းခံရတယ်။ ဆက်ကြေးကောက်တာခံရတယ်။ မထင်ရင်မထင်သလို လက်နက်ကိုင်သောင်းကျန်းသူတွေရဲ့တိုက်ခိုက်ခြင်းကို ခံရတယ်။ ပြောချင်တာက သူတို့မှာ တရားဥပဒေဆိုတာမရှိဘူး။ သူတို့ကိုင်ထားတဲ့လက်နက်ဟာ သူတို့ရဲ့တရားဥပဒေလို့ပဲ ပြောရမှာပါ။ ဒေသခံပြည်သူတွေရဲ့ လူမှုဒုက္ခတွေဟာ အလွန်ပဲ ကြေကွဲဝမ်းနည်းဖွယ်ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အစိုးရအဆက်ဆက်ဟာ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပပျောက်ဖို့အတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ အကြိမ်ကြိမ်ကျင်းပခဲ့ကြပါတယ်။ ငယ်ငယ်တုန်းက ဖတ်ခဲ့ဖူးတဲ့ အကြောင်းအရာတစ်ခုကို ယနေ့တိုင် စွဲစွဲမြဲမြဲမှတ်မိနေပါသေးတယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲတက်ရောက်လာတဲ့ လက်နက်ကိုင်အဖွဲ့တွေ ငြိမ်းချမ်းရေးဆွေးနွေးပွဲမအောင်မြင်လို့ ပြန်သွားနေတဲ့ပုံလေးကို သတင်းထောက်တစ်ယောက်က မှတ်တမ်းတင်ထားပြီး "သူတို့ပြန်သွားကြလေပြီ"လို့ ခေါင်းစဉ်တပ်ခဲ့ပါတယ်။ ဝမ်းနည်းကြေကွဲလွမ်းဆွတ်ဖွယ်ကောင်းလှပါတယ်။ လက်နက်ကိုင်ပဋိပက္ခတွေ မချုပ်ငြိမ်းသမျှ ဒေသခံပြည်သူတွေရဲ့ဒုက္ခက ကြီးမားနေအုံးမှာပါ။ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာ အောင်မြင်မှုတွေရှိခဲ့သလို မအောင်မြင်မှုတွေလဲရှိခဲ့တဲ့အတွက် စစ်ရေးအရ ပစ်ခတ်တိုက်ခိုက်မှုတွေ မချုပ်ငြိမ်းခဲ့ပါဘူး။ ဒါကြောင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုတွေရပ်စဲဖို့ လုပ်ဆောင်ကြရပါမယ်။

မြန်မာနိုင်ငံမှာ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးဖို့အတွက် ပထမဦးဆုံး ပေါ်ပေါက်လာတဲ့ ဒီမိုကရေစီအစိုးရကတော့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်တဲ့ အစိုးရဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကျင့်သုံးမယ်ဆိုရင် လက်နက်ကိုင်ပဋိပက္ခတွေ ကင်းစင်ဖို့လိုပါတယ်။ ဘာကြောင့်လဲဆိုတော့ မိမိတို့ဒေသ၊ မိမိတို့တိုင်းရင်းသားတွေရဲ့ လိုလားချက်တွေကို လွှတ်တော်မှာ ပါဝင်ဆွေးနွေးညှိနှိုင်းအဖြေရှာတာက အဆင်ပြေဆုံးဖြစ်မှာပါ။ ဆိုလိုတာက စစ်ရေးနဲ့ဖြေရှင်းနေကြမဲ့အစား နိုင်ငံရေးနည်းနဲ့ဖြေရှင်းတာဟာ အကောင်းဆုံးဖြစ်လို့ပါပဲ။ ပါတီထောင်မယ်၊ ရွေးကောက်ပွဲဝင်မယ်၊ ရွေးကောက်ခံကိုယ်စားလှယ်အဖြစ် ပြည်သူတွေရဲ့လိုအပ်ချက်တွေကို တောင်းဆိုမယ်။ ဒါဟာ ကောင်းတဲ့နည်းလမ်းပါပဲ။

စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးနေတဲ့အတွက် ဒီမိုကရေစီရဲ့အခြေခံမူတွေဖြစ်တဲ့ လွတ်လပ်စွာပြောဆိုခွင့်၊ ရေးသားခွင့်၊ ဆန္ဒထုတ်ဖော်ခွင့်နဲ့ အသင်းအဖွဲ့များဖွဲ့စည်းခွင့် စတာတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေနိုင်ပြီဖြစ်ပါတယ်။ ဒီလို ဒီမိုကရေစီနည်းလမ်းတကျ လုပ်ကိုင်ဆောင်ရွက်နိုင်ပြီဖြစ်တဲ့အခြေအနေ၊ အချိန်အခါမျိုးမှာ လက်နက်စွဲကိုင်ပြီး မိမိတို့လိုချင်တာကို တောင်းဆိုတာမျိုး၊ လက်နက်ကိုင်လမ်းစဉ်ကိုဖက်တွယ်ပြီး လူမျိုးစွဲ၊ ဒေသစွဲကြီးမားစွာနဲ့ မိမိတို့ရဲ့ဆန္ဒကိုသာ ဦးစားပေးဖော်ဆောင်ဖန်တီးနေတာမျိုးတွေဟာ ဒီမိုကရေစီရဲ့ ဆန့်ကျင်ဘက်ပါပဲ။

ဒီနေရာမှာ နောက်ခံသမိုင်းတွေ၊ နိုင်ငံရေးရပ်တည်ချက်တွေ၊ လိုလားချက်တွေအရ မတူညီကြတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအားလုံးအနေနဲ့ တူညီစွာတောင်းဆိုခဲ့တဲ့ အဓိကအချက်တွေရှိပါတယ်။ ဒါကတော့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပစ်ခတ်တိုက်ခိုက်မှုတွေရပ်စဲဖို့နဲ့ လက်နက်ကိုင်ပဋိပက္ခတွေကို နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးအဖြေရှာဖို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့်လဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပေါ်ပေါက်လာခဲ့တာဖြစ်ပါတယ်။ ဒီစာချုပ်မှာပါတဲ့ အချက်အလက်အများစုဟာ စာချုပ်ရေးဆွဲတဲ့ကာလတစ်လျှောက် အတူတကွပါဝင်ခဲ့တဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေရဲ့တောင်းဆိုချက်တွေကို အဓိကအခြေခံရေးဆွဲခဲ့တာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်ဟာ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးသမိုင်းသစ်ကိုစတင်ဖွင့်လှစ်လိုက်တဲ့နေ့ပါပဲ။ NCA နဲ့ပတ်သက်လို့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းမှာ ပြည်ထောင်စုလွှတ်တော်က ကန့်ကွက်သူမရှိ အတည်ပြုပေးခဲ့ပါတယ်။ NCA မှာ ပါဝင်လက်မှတ်ရေးထိုးတဲ့အဖွဲ့တွေနဲ့ လက်မှတ်မထိုးသေးတဲ့အဖွဲ့တွေရှိပေမဲ့ ဒီသဘောတူစာချုပ်ဟာ အစိုးရ၊ လွှတ်တော်၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေ ဆွေးနွေးပြီးမှပေါ်ပေါက်လာခဲ့တာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)မှာ အပစ်အခတ်ရပ်စဲရေးထက်ကျော်လွန်တဲ့ နိုင်ငံရေးသဘောတူညီချက်တွေကိုလဲ ထည့်သွင်းချုပ်ဆိုထားတာဖြစ်ပါတယ်။ စာချုပ်မှာ နောက်ထပ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှစ်ဖွဲ့ ပါဝင်လက်မှတ်ရေးထိုးခဲ့တဲ့အတွက် NCA မှာ ပါဝင်လက်မှတ်ရေးထိုးတဲ့ တိုင်းရင်းသားအဖွဲ့အစည်း ၁၀ ဖွဲ့ရှိနေပြီဖြစ်ပါတယ်။

အဓိကအချက်အနေနဲ့ကတော့ လက်နက်ကိုင်ပဋိပက္ခတွေကို နိုင်ငံရေးနည်းလမ်းနဲ့ညှိနှိုင်းအဖြေရှာရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးကိုထူထောင်ရေးအတွက် နိုင်ငံရေးဆွေးနွေးပွဲတွေပြုလုပ်ဖို့ပဲဖြစ်ပါတယ်။ ဒါကြောင့် NCA ချုပ်ဆိုပြီး ရက်ပေါင်း ၆၀ အတွင်းမှာ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်မှာ သဘောတူအတည်ပြုခဲ့ပါတယ်။ ရက်ပေါင်း ၉၀ အတွင်းမှာ ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်ထိ နေပြည်တော်မှာ သမိုင်းဝင်ကျင်းပနိုင်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကနေ ပေါ်ထွက်လာတဲ့ ဒီမိုကရေစီအစိုးရလက်ထက်မှာတော့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံဆိုတဲ့နာမည်ကို **ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ** အမည်နဲ့ ကျင်းပခဲ့ပါတယ်။

ဒီကနေ့ကာလဟာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာ မဲမသမာမှု၊ တရားမဲ့ပြုကျင့်မှုတွေ ပေါ်ပေါက်လာမှုတွေအပေါ် တပ်မတော်နဲ့ နိုင်ငံရေးပါတီတွေက ညှိနှိုင်းဆွေးနွေးအဖြေရှာဖို့ နည်းလမ်းပေါင်းစုံကြိုးစားခဲ့ပေမဲ့ မအောင်မြင်တဲ့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပေါ်ပေါက်လာခဲ့ရတာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နဲ့အညီ နိုင်ငံတော်တာဝန်တွေကို ထမ်းဆောင်နေရတာဖြစ်လို့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နဲ့ ဦးတည်ချက်(၉)ရပ်ချမှတ်ကာ ဆောင်ရွက်လျက်ရှိပါတယ်။ အဓိကဆောင်ရွက်ချက်တွေထဲမှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်တွေအတိုင်း အလေးထားလုပ်ဆောင်နေတာလဲပါဝင်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေရပ်တန့်မှုမရှိစေဖို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဝင်၊ လုပ်ငန်းကော်မတီဝင်နှင့်ညှိနှိုင်းရေးကော်မတီဝင်တွေကို ပြန်လည်ဖွဲ့စည်းခဲ့ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနဲ့ ထာဝရငြိမ်းချမ်းရေးရရှိဖို့အတွက် NCA ပါအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနဲ့ တွေ့ဆုံဆွေးနွေးရေးအတွက် အမြဲတံခါးဖွင့်လှစ်ထားရှိကြောင်း အတိအလင်းကြေညာထားပြီးဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ နိုင်ငံတော်အစိုးရတာဝန်ကို ရယူထားချိန်ဖြစ်တာနဲ့အညီ ငြိမ်းချမ်းရေးဆွေးနွေးမှုတွေကို အကောင်အထည်ဖော်ရာမှာ ပြည်ထောင်စုလွှတ်တော်မှာအတည်ပြုတဲ့အဆင့်မှအပ ကျန်တဲ့အစိတ်အပိုင်းတွေဆောင်ရွက်နိုင်ပါတယ်။ အချို့သောတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေအနေဖြင့် တပ်မတော်၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့ရမှုအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုချိုးဖောက်ပြီး NCA သဘောတူညီချက်များကို ချိုးဖောက်ခဲ့သဖြင့် NCA စာချုပ်ပျက်ပြယ်ပြီဟု အခြေအမြစ်မရှိပြောကြားမှုများပြုလုပ်လျက်ရှိပါတယ်။ တပ်မတော်အနေနဲ့ မဲမသမာမှုဖြစ်စဉ်တွေကြောင့်သာ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ်ခဲ့ရခြင်းဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ NCA လမ်းကြောင်းပေါ်မှာ ခိုင်ခိုင်မာမာရပ်တည်ပြီး တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရရှိရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်နေတာဖြစ်ပါတယ်။

NCA ဟာ နိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေချုပ်ဆိုတဲ့ အမြင့်ဆုံးစာချုပ်တစ်ခုဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ နိုင်ငံတော်အစိုးရတို့ ချုပ်ဆိုထားတဲ့ ကတိကဝတ်လဲဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ချမှတ်ဆောင်ရွက်နေသကဲ့သို့ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

❖ NCA မှာ ပါဝင်လက်မှတ်ရေးထိုးတဲ့အဖွဲ့တွေနဲ့ လက်မှတ်မထိုးသေးတဲ့အဖွဲ့တွေရှိပေမဲ့ ဒီသဘောတူစာချုပ်ဟာ အစိုးရ၊ လွှတ်တော်၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေ ဆွေးနွေးပြီးမှပေါ်ပေါက်လာခဲ့တာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)မှာ အပစ်အခတ်ရပ်စဲရေးထက်ကျော်လွန်တဲ့ နိုင်ငံရေးသဘောတူညီချက်တွေကိုလဲ ထည့်သွင်းချုပ်ဆိုထားတာ ဖြစ်ပါတယ်။ စာချုပ်မှာ နောက်ထပ်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နှစ်ဖွဲ့ ပါဝင်လက်မှတ်ရေးထိုးခဲ့တဲ့အတွက် NCA မှာ ပါဝင်လက်မှတ်ရေးထိုးတဲ့ တိုင်းရင်းသားအဖွဲ့အစည်း ၁၀ ဖွဲ့ ရှိနေပြီဖြစ်ပါတယ်။ ❖

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ယခုနှစ် စက်တင်ဘာလတွင် ပြည်ပသို့ ပြောင်းတန်ချိန် ၁၉၅၉၄ တန် တင်ပို့ရောင်းချပေးခဲ့ရ

**နေပြည်တော် အောက်တိုဘာ ၁၄**

ယခုနှစ် စက်တင်ဘာလတွင် ပြည်ပသို့ အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၃၁ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၁၉၅၉၄ တန် တင်ပို့ရောင်းချပေးခဲ့ရကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိနေသည့် ပြောင်းသီးနှံများကို ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ တရုတ်၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ဂျပန်နိုင်ငံ စသည့်ဖောက်သည်ဈေးကွက်နိုင်ငံများသို့တင်ပို့ရောင်းချပေးလျက်ရှိရာ စက်တင်ဘာလအတွင်းက တရုတ်၊ ထိုင်း၊ စင်ကာပူ၊ ဖိလစ်ပိုင်ဟူသည့် ဖောက်သည်ဈေးကွက်နိုင်ငံ လေးနိုင်ငံသို့တင်ပို့ရောင်းချပေးခဲ့ရပြီး ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၁၃ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၉၂၂၃ တန်နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၁၈ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၁၀၃၇၁ တန် စုစုပေါင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၃၁ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၁၉၅၉၄ တန် တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

စက်တင်ဘာလအတွင်း ပြောင်းသီးနှံကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက တင်ပို့ရောင်းချပေးခဲ့ရာတွင် ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်းတန်ချိန် ၉၂၀၀၊ စင်ကာပူနိုင်ငံသို့ ပြောင်းတန်ချိန် ၂၃ တန် စုစုပေါင်းပြောင်းတန်ချိန် ၉၂၂၃ တန် တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အတူ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက တင်ပို့ရောင်းချပေးရာတွင် တရုတ်နိုင်ငံသို့ ပြောင်းတန်ချိန် ၇၈၄၀၊ ထိုင်းနိုင်ငံသို့ ပြောင်းတန်ချိန် ၂၅၃၁ တန် စုစုပေါင်း ပြောင်းတန်ချိန် ၁၀၃၇၁ တန် တင်ပို့ ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ထွက်ရှိနေသည့် ပြောင်းကို ယခင်က ထိုင်းနိုင်ငံသို့ အများဆုံး တင်ပို့ရောင်းချပေးနေခဲ့သော်လည်း ယခုအခါ ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့မှုအခွန်ကင်းလွတ်ခွင့်ကာလ ကျော်လွန်သွားပြီဖြစ်သဖြင့် စက်တင်ဘာလမှစတင်၍ ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့မှု သိသိသာသာလျော့သွားခဲ့ကြောင်း၊ ထို့ကြောင့် စက်တင်ဘာလကစ၍ တရုတ်နိုင်ငံသို့ ပြောင်းတင်ပို့နိုင်ရေး ဈေးကွက်ရှာဖွေဆောင်ရွက်ခဲ့ကြောင်း သိရသည်။

SKL



➤ စာမျက်နှာ ၄ မှအဆက်

ပြည်သူလူထုရဲ့ဆန္ဒဖြစ်တဲ့ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကိုကျင်းပနိုင်ရေးဆက်လက်ဆောင်ရွက်နေပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်လျှောက်လှမ်းရာမှာ တိုင်းရင်းသားတွေနဲ့ဒေသကိုယ်စားပြုနိုင်တဲ့ကိုယ်စားလှယ်တွေအများအပြားရွေးကောက်ခံစင်မြင့်သို့ ရောက်ရှိလာဖို့လိုအပ်ပါတယ်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရဲ့အခြေအနေနဲ့လိုက်လျောညီထွေရှိတဲ့ဖက်ဒရယ်စနစ်ကို ကျင့်သုံးရမှာဖြစ်ပါတယ်။ လူမျိုးကိုအခြေခံတဲ့ဖက်ဒရယ်ကို ဆောင်ရွက်ခြင်းမဟုတ်ဘဲ ဒေသကိုအခြေခံတဲ့ ဖက်ဒရယ်စနစ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒေသတစ်ခုချင်း၊ လူမျိုးတစ်မျိုးချင်းအကျိုးထက် တိုင်းပြည်ရဲ့အကျိုးကို ရှေးရှုဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **"လာမယ့် အောက်တိုဘာ ၁၅ ရက်နေ့ဟာ ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုခြင်း၊ NCA လက်မှတ်ရေးထိုးသည့်ရှစ်နှစ်မြောက်နေ့ဖြစ်ပါတယ်။ ဒါကို နိုင်ငံရေးအနစ်သာရရှိရှိလုပ်ဖို့ရှိပါတယ်။ တိုင်းရင်းသားခေါင်းဆောင်တွေလည်း လက်လှမ်းမီသလောက်အကုန်ဖိတ်ပါတယ်။ ပြည်ပနိုင်ငံတွေလည်း အစုဖိတ်နေပါပြီ။ ကျွန်တော် Personal အကုန် စာတွေရေးပြီးဖိတ်ပါတယ်။ တချို့ကလည်း တယ်လီဖုန်းနဲ့၊ တချို့ကလည်းစာနဲ့ရေးပြီး ဖိတ်တာတွေရှိတယ်။ တချို့လာနိုင်တယ်လို့လည်း ပြောတာရှိတယ်။ တချို့ကတော့ သူလည်းမလာနိုင်ဘူး၊ သို့သော်လည်း အဓိကကျတဲ့သူတို့ ကိုယ်စားလှယ်တွေလွှတ်ပေးမယ်လို့ ပြောတာတွေရှိပါတယ်။ ပြည်ပနိုင်ငံတွေက ဒီလိုသဘောထားရှိလို့ရှိရင် ကျွန်တော်တို့တိုင်းရင်းသားခေါင်းဆောင်တွေ ပိုပြီးလိုလားတဲ့စိတ်ရှိဖို့လိုတာပေါ့"**လို့ စက်တင်ဘာ ၂၈ ရက်ကကျင်းပတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးမှာ ပြောကြားခဲ့ပါတယ်။

ဒီအခမ်းအနားကိုလာတက်ပြီး ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်မှာ လျှောက်လှမ်းလို့ရအောင် လမ်းခင်းကြဖို့လိုပါတယ်။ သံသယရှင်းရှင်း၊ အာဃာတကင်းကင်းနဲ့လုပ်ဆောင်ကြရင်း ကျွန်တော်တို့တိုင်းရင်းသားတွေစုစည်းနေထိုင်တဲ့ မြန်မာနိုင်ငံရဲ့အနာဂတ်ကို အလှပဆုံး၊ အတောက်ပြောင်ဆုံး၊ အငြိမ်းချမ်းဆုံးဖြစ်အောင် ဆောင်ရွက်ကြရမှာပဲဖြစ်ပါတယ်။

## နိုင်ငံရေးအနှစ်သာရနှင့် ပြည်သူ့ဆန္ဒ

\- နိုင်ငံရေးပြဿနာ
အဖြေရှာ စစ်ရေးနည်းဖြင့်
မပြီးနိုင်ပါ၊
စားပွဲဝိုင်း မျက်နှာစာမှာ
ယုံကြည်စွာ အမြင်အတွေး
ဆွေးနွေးမှသာ၊
နိုင်ငံရေး ယဉ်ကျေးစဉ်လာ
ထူထောင်ကာ ဖော်ဆောင်ကြ၊
လက်နက်ကိုင် ပဋိပက္ခ
ချုပ်ငြိမ်းမှာ ထာဝရ
"ပြည်ထောင်စု"ဘဝ။

\- အသွင်ကူးပြောင်းစဉ်ကာလ
အစိုးရ ဦးဆောင်ကာ၊
ဖိတ်ခေါ်ကာ နွေးနွေးထွေး
ဆွေးနွေး အဖြေရှာ၊
"အင်န်စီအေ"စာချုပ်ပေါ်လာ
အကြိုက်ညီကာ ဘဝင်အေး၊
ပစ်ခတ်မှုရပ်စဲရေး
ဖော်ဆောင်ကာ တစုတဝေး
ငြိမ်းချမ်းဖို့အရေး။

\- လမ်းကြောင်းက "အင်န်စီအေ"
တွဲလက်တွေ မဖြုတ်စတမ်း
လှမ်းကြမယ်လေ၊
ငြိမ်းချမ်းပန်း တဝေဝေ
လှမ်းဆွတ်ခြွေ တူတကွ၊
ပန်ကြမယ် ဝေအမျှ
နိုင်ငံရေး နှစ်သာရ
ပြည်သူတွေ လွန်တောင့်တ
တူညီဆန္ဒ။ ။

**ကျော်စောဟန်**

(တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ရှစ်နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုလျက်)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# လီနင်ဂရက်ကို နာဇီများပိတ်ဆို့သကဲ့သို့ ဂါဇာကိုမပိတ်ဆို့ရန် သမ္မတပူတင် သတိပေး

**ဘက်ရှ်ကက်ခ် အောက်တိုဘာ ၁၄**

နာဇီတပ်များ လီနင်ဂရက်ကို ပိတ်ဆို့ဝန်းရံခဲ့သည့်နည်းတူ ဂါဇာကမ်းမြောင်ကို မပိတ်ဆို့ရန် ရုရှားသမ္မတပူတင်က အောက်တိုဘာ ၁၃ ရက်တွင် သတိပေး ပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် အစ္စရေး၏ မြေပြင်ထိုးစစ်ကြောင့် လက်မခံနိုင်လောက်အောင် မြင့်မားသည့် အရပ်သားသေဆုံးမှုများ ရှိလာနိုင်ကြောင်း သမ္မတပူတင်က ပြောကြားခဲ့ကြောင်း သိရသည်။

အစ္စရေးနိုင်ငံအနေဖြင့် ဟားမစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်သည့် တိုက်ခိုက်မှုနှင့်ရင်ဆိုင်ခဲ့ရချိန်တွင် ၎င်းသည်လည်းရက်စက်ကြမ်းကြုတ်သည့် ကိုယ်ပိုင်နည်းလမ်းများဖြင့် တုံ့ပြန်နေကြောင်း ရုရှားသမ္မတပူတင်က ဝေဖန်ခဲ့သည်။

ထို့ပြင် အမေရိကန်နိုင်ငံ၌ ဆိုလျှင် ဒုတိယကမ္ဘာစစ်အတွင်း ဆိုဗီယက်ပြည်ထောင်စုလီနင်ဂရက်မြို့ကို နာဇီတပ်များပိတ်ဆို့ထားသကဲ့သို့ တောင်းဆိုမှုများပင် ရှိနေကြောင်း ရုရှားသမ္မတ ပူတင်က ပြောကြားခဲ့သည်။

ကာဂျစ်စတန်နိုင်ငံ၌ ကျင်းပနေသော လွတ်လပ်သည့်နိုင်ငံများ ဓနသဟာယအုပ်စုထိပ်သီးညီလာခံ၌ သမ္မတပူတင်က အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အောက်တိုဘာ ၇ ရက်တွင် ဂါဇာကမ်းမြောင်အခြေစိုက် ဟားမစ်အုပ်စုသည် အစ္စရေးနိုင်ငံကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာ အစ္စရေးနိုင်ငံကလည်း ဂါဇာကမ်းမြောင်မြောက်ပိုင်း၌ မြေပြင်ထိုးစစ်ဆင်နွှဲရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



# နှစ်နိုင်ငံကုန်သွယ်ရေးသဘောတူညီချက်ဆွေးနွေးပွဲ ယူအေအီးနှင့် တောင်ကိုရီးယားတို့ အဆုံးသတ်

**ဒူဘိုင်း အောက်တိုဘာ ၁၄**

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် နှစ်နိုင်ငံကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ်အတွက် ဆွေးနွေးညှိနှိုင်းမှုများကို အပြီးသတ်နိုင်ခဲ့ပြီဖြစ်ကြောင်း ယူအေအီးနှင့် တောင်ကိုရီးယားတာဝန်ရှိသူများက ယနေ့တွင် ပြောကြားခဲ့သည်။

ယူအေအီးနှင့်တောင်ကိုရီးယားနိုင်ငံတို့ကြား ကုန်သွယ်ရေးသဘောတူညီချက်ကို ဘက်ပေါင်းစုံစီးပွားရေး မိတ်ဖက်သဘောတူညီချက်ဟူ၍ အမည်ပေးထားသည်။

ယူအေအီးနှင့်တောင်ကိုရီးယားတို့ကြား ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည် ယခုနှစ်ပထမနှစ်ဝက်တွင် မြင့်တက်လာခဲ့သည်။

ယူအေအီးနှင့် တောင်ကိုရီးယားတို့ကြား ရေနံကုန်သွယ်ရေးမဟုတ်သည့် အခြားကုန်သွယ်ရေးလုပ်ငန်းများ၏ အမြန်အလျှန်ကုန်သွယ်မှုတန်ဖိုးမှာ ယခုနှစ်ပထမနှစ်ဝက်တွင် အမေရိကန်ဒေါ်လာ သုံးဘီလီယံထိရောက်ရှိခဲ့ပြီး ၂၀၂၁ ခုနှစ် အလားတူ ကာလကထက် ၂၁ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

တောင်ကိုရီးယား နိုင်ငံသည် ယူအေအီးနိုင်ငံက ဘက်စုံစီးပွားရေး မိတ်ဖက်သဘောတူညီချက် (စီအီးပီအေ)ရယူရေးအတွက် စတင်ဆွေးနွေးခဲ့သည့် ပထမဆုံးနိုင်ငံများထဲတွင် ပါဝင်သည်။

၂၀၂၂ ခုနှစ် စာရင်းအင်းများအရ ယူအေအီး၌ စီးပွားရေးလုပ်ငန်းများလည်ပတ်နေသည့် တောင်ကိုရီးယားကုမ္ပဏီပေါင်း ၁၇၈ ခုထိ ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# အစ္စရေး-ဟားမစ်စစ်ရေးပဋိပက္ခဆုံးဖြတ်ချက်မူကြမ်း ရုရှားနိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်သွင်း



**နယူးယောက် အောက်တိုဘာ ၁၄**

အစ္စရေး-ဟားမစ်စစ်ရေးပဋိပက္ခအတွက် လုံခြုံရေးကောင်စီဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်ကို ရုရှားနိုင်ငံက အောက်တိုဘာ ၁၃ ရက်တွင် အဆိုပြုတင်သွင်းထားကြောင်း သိရသည်။

ရုရှားနိုင်ငံက အဆိုပြုတင်သွင်းထားသည့် လုံခြုံရေးကောင်စီဆုံးဖြတ်ချက်မူကြမ်းတွင် လူသားချင်း စာနာထောက်ထားမှုလုပ်ငန်းများအတွက် အပစ်အခတ်ရပ်စဲရေး၊ အရပ်သားများကို အကြမ်းဖက်မှုနှင့် အကြမ်းဖက်ဝါဒပုံစံမျိုးစုံကို ရှုတ်ချရန်တောင်းဆိုထားသည်။

ထို့ပြင် ပြန်ပေးဆွဲခံထားရသူများကို ချက်ချင်းပြန်လွှတ်ပေးရန်၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးခွင့်ရရန်နှင့် လိုအပ်လာပါက အရပ်သားများကို ဘေးကင်းလုံခြုံစွာ ရွှေ့ပြောင်းခေါ်ထုတ်ခွင့်တို့ အတွက်လည်း ရုရှား၏ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်မူကြမ်း၌ တိုက်တွန်းထားသည်။

ရုရှားနိုင်ငံသည် အဆိုပါဆုံးဖြတ်ချက်မူကြမ်းကို အောက်တိုဘာ ၁၃ ရက်တွင် ပြုလုပ်ခဲ့သော လုံခြုံရေးကောင်စီ တံခါးပိတ်ဆွေးနွေးပွဲ၌ အဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံသို့ ဖြန့်ဝေပေးထားသည်။

ဂါဇာကမ်းမြောင် မြောက်ပိုင်းအား တိုက်ခိုက်မည့်အစီအစဉ်ကို ဆိုင်းငံ့ထားရန် ကမ္ဘာ့နိုင်ငံများက အစ္စရေးကို တိုက်တွန်းနေချိန်တွင် ရုရှားနိုင်ငံက ၎င်းရေးဆွဲထားသည့် ဆုံးဖြတ်ချက်မူကြမ်းကို လုံခြုံရေးကောင်စီသို့ တင်သွင်းထားခြင်းဖြစ်သည်။

စာမျက်နှာတစ်မျက်နှာပါ ရုရှား၏ဆုံးဖြတ်ချက်မူကြမ်းတွင်အစ္စရေးနှင့်ပါလက်စတိုင်းတို့ကိုသာ အမည်နာမအားဖြင့်ဖော်ပြထားပြီးဟားမစ်အုပ်စုကို ထည့်သွင်းဖော်ပြထားခြင်း မရှိကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ပြင်သစ်နိုင်ငံအတွင်း လုံခြုံရေးကင်းလှည့်မှုများမြှင့်တင်ရေး ရဲတပ်ဖွဲ့ဝင် ဦးရေ ၇၀၀၀ ဖြန့်ကြက်ထားရန် သမ္မတမက်ခရွန် ညွှန်ကြား

**ပဲရစ် အောက်တိုဘာ ၁၄**

ပြင်သစ်နိုင်ငံ မြောက်ပိုင်း၌ အစွန်းရောက်ဝါဒ တိုက်ခိုက်မှုတစ်ရပ်ကြောင့် ကျောင်းဆရာတစ်ဦး သေဆုံးခဲ့ရပြီးနောက် လုံခြုံရေးကင်းလှည့်မှုများ မြှင့်တင်ရေးအတွက် ပြင်သစ်ရဲတပ်ဖွဲ့ဝင် ဦးရေ ၇၀၀၀ ကို ဖြန့်ကြက်ထားရန် ပြင်သစ်သမ္မတမက်ခရွန်က ယနေ့တွင် ညွှန်ကြားထားသည်။

ပြင်သစ်နိုင်ငံ မြောက်ပိုင်း အားရက်စ်မြို့ စာသင်ကျောင်းတစ်ကျောင်း၌ အစွန်းရောက်ဝါဒ တိုက်ခိုက်မှုတစ်ရပ်ကြောင့် အောက်တိုဘာ ၁၃ ရက်တွင် အသက် ၂၀ အရွယ်ကျောင်းဆရာတစ်ဦးသေဆုံးခဲ့ရပြီး အခြားနှစ်ဦးဒဏ်ရာများရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်ဖြစ်ပွားပြီးနောက် ပြင်သစ်နိုင်ငံတစ်ဝန်း မြို့ကြီးများနှင့် ကမ္ဘာလှည့်ခရီးသည် အသွားအလာများသည့် နေရာများ၌ ပြင်သစ် လက်နက်ကိုင်တပ်ဖွဲ့ဝင် ဦးရေ ၇၀၀၀တို့က အောက်တိုဘာ ၁၆ ရက်တွင် ကင်းလှည့်မှုများစတင်လုပ်ဆောင်မည် ဖြစ်ကြောင်း ပြင်သစ်သမ္မတရုံးက သတင်းထုတ်ပြန်ထားသည်။

ပြင်သစ်နိုင်ငံသည် ပြီးခဲ့သည့်နှစ်များအတွင်း အစွန်းရောက်ဝါဒ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် အကြိမ်ကြိမ်ရင်ဆိုင်ခဲ့ရသည်။

အဆိုးဆုံး တိုက်ခိုက်ခံရမှုမှာ ၂၀၁၅ ခုနှစ်အတွင်းဖြစ်ပွားခဲ့သည့် ပဲရစ်မြို့ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပြီး ယင်းတိုက်ခိုက်မှုအတွင်း သေနတ်သမားများနှင့် အသေခံဗုံးခွဲသမားများက ပဲရစ်မြို့တွင်း၌ အချိန်ကိုက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

အားရက်စ်မြို့ အကြမ်းဖက်တိုက်ခိုက်မှုသည် အစ္စရေး-ဟားမစ်စစ်ရေးပဋိပက္ခနှင့် ဆက်စပ်နေနိုင်သည်ဟု ပြင်သစ်ပြည်ထဲရေးဝန်ကြီးက ကြေညာထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**




# ဆင်းရဲသားလယ်သမားများအတွက် မြေယာဝယ်ယူရန် ကိုလံဘီယာအစိုးရ ဒေါ်လာလေးဘီလီယံကျော်သုံးစွဲမည်

**ဘိုဂိုတာ အောက်တိုဘာ ၁၄**

ကိုလံဘီယာ လက်ဝဲဝါဒီအစိုးရသည် ဆင်းရဲသည့်လယ်သမားများနှင့် ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များအတွက် လုပ်ကိုင်စားသောက်ရန် မြေဟက်တာပေါင်း ၁ ဒသမ၅ သန်း (ဧက ၃ ဒသမ ၇ သန်း)ကို အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၅ ဘီလီယံဖြင့် ဝယ်ယူရန် စီစဉ်ထားကြောင်း ကိုလံဘီယာတာဝန်ရှိသူများက အောက်တိုဘာ ၁၃ ရက်တွင် ပြောကြားခဲ့သည်။

သမ္မတ ဂုစတာဗိုပက်ထရို၏ စိုက်ပျိုးရေး ထုတ်ကုန်ထုတ်လုပ်မှုမြှင့်တင်ရေး၊ ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းများ မြှင့်တင်ရေး အစီအစဉ်အရ ဆင်းရဲသော လယ်သမားများအတွက် မြေများဝယ်ယူပေးရန် ကိုလံဘီယာအစိုးရက စဉ်းစားထားခြင်းဖြစ်ကြောင်း သိရသည်။

ဆင်းရဲသော လယ်သမားများနှင့် ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များအတွက် မြေဝယ်ယူပေးရေး အစီအစဉ်သည် ၂၀၂၂ ခုနှစ်တွင် ပဏာမစတင်ခဲ့ပြီး လက်ရှိသမ္မတ ဂုစတာဗိုပက်ထရို သမ္မတရာထူး သက်တမ်းကုန်ဆုံးချိန် ၂၀၂၆ ခုနှစ်တွင် အပြီးသတ်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိကိုလံဘီယာသမ္မတ ဂုစတာဗိုပက်ထရိုသည်လူပေါင်း ၄၅၀၀၀၀ သေဆုံးခဲ့ရသည့် နှစ် ၆၀ ကြာ ကိုလံဘီယာပြည်တွင်းစစ်ကို အဆုံးသတ်နိုင်ရန် ကြိုးစားလျက်ရှိသည်။

သူပုန်အုပ်စုများ၊အစိုးရတပ်များ၊ အခြားလက်နက်ကိုင်အစုအဖွဲ့များနှင့် ရာဇဝတ်ဂိုဏ်းများ ပါဝင်ပတ်သက်နေသည့် ကိုလံဘီယာ ပြည်တွင်းစစ်သည် မူလက မြေယာပိုင်ဆိုင်ခွင့်ပြဿနာများကို အခြေခံ၍ ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

မိမိတို့၏အစီအစဉ်အရ မိသားစုတစ်စုလျှင် မြေဟက်တာ ၁၀ ဟက်တာထိ ရရှိနိုင်မည်ဖြစ်ရာ မိသားစု ၁၅၀၀၀၀ အတွက် အကျိုးရှိမည်ဖြစ်သည်ဟု ကိုလံဘီယာ အမျိုးသား မြေယာအေဂျင်စီ အကြီးအကဲဂျီရာဒိုဗီဂါကပြောကြားထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## နာဆာက ဆိုက်ခ်ီဂြိုဟ်သိမ်လေ့လာရေးအာကာသယာဉ်ကို အောက်တိုဘာ ၁၃ ရက်က အောင်မြင်စွာ လွှတ်တင်ခဲ့



**ဝါရှင်တန် အောက်တိုဘာ ၁၄**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည်ဆိုက်ခ်ီအမည်ရှိ ဂြိုဟ်သိမ်လေ့လာရေးအာကာသယာဉ်ကို အောက်တိုဘာ ၁၃ ရက်က အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

နာဆာအဖွဲ့သည် ဆိုက်ခ်ီ အာကာသယာဉ်ကို တင်ဆောင်ထားသော Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်ဟဲဗီးဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ဆိုက်ခ်ီမစ်ရှင်သည် ဖယ်လ်ကွန်-၉ ဒုံးပျံအတွက် အဋ္ဌမမြောက်မစ်ရှင်ဖြစ်ပြီး ၂၀၂၃ ခုနှစ်၏ စတုတ္ထမြောက်မစ်ရှင်ဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် အချင်း ၁၇၃ မိုင်ရှိပြီး သတ္တုများဖြင့်ဖွဲ့စည်းထားဖွယ်ရှိသည့် ၁၆ ဆိုက်ခ်ီအမည်ရှိ ဂြိုဟ်သိမ်ကိုလေ့လာရန် ဆိုက်ခ်ီအာကာသယာဉ်ကို လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ဆိုက်ခ်ီအာကာသယာဉ်သည် အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်ကြား ဂြိုဟ်သိမ်ခါးပတ်ကွင်းနယ်မြေအတွင်းရှိ ၁၆ ဆိုက်ခ်ီ ဂြိုဟ်သိမ်ဆီသို့ ၂၀၂၉ ခုနှစ်မှ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

၁၆ ဆိုက်ခ်ီ ဂြိုဟ်သိမ်သို့ရောက်ရှိပြီးနောက် ဆိုက်ခ်ီအာကာသယာဉ်သည် ၎င်းဂြိုဟ်သိမ်ကို နှစ်နှစ်ကြာ အနီးကပ်လှည့်ပတ်လေ့လာမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## ဆန်းကြယ်သည့် ရေဒီယိုစွမ်းအင်ပေါက်ကွဲမှုများက နျူထရွန်ကြယ်များပေါ်၌ ငလျင်လှုပ်ခတ်မှုကြောင့် ပေါ်ထွက်လာခြင်းဖြစ်နိုင်

**တိုကျို အောက်တိုဘာ ၁၄**

ဆန်းကြယ်သည့် ရေဒီယိုစွမ်းအင်ပေါက်ကွဲမှု(FRBs) များသည် ကြယ်သေများ သို့မဟုတ် နျူထရွန်ကြယ်များပေါ်၌ ငလျင်လှုပ်ခတ်မှုကြောင့် ပေါ်ထွက်လာခြင်းဖြစ်နိုင်ကြောင်း အောက်တိုဘာ ၁၃ ရက် သတင်းများအရ သိရသည်။

၂၀၀၇ ခုနှစ်က ပထမဆုံးတွေ့ရှိခဲ့သော FRBs များကို သာမန်မျက်စိဖြင့်မမြင်နိုင်ဘဲ ရေဒီယိုတယ်လီစကုပ်များဖြင့်သာ ထောက်လှမ်းတွေ့ရှိနိုင်သည်။

FRBs များသည် အလွန်တရာစွမ်းအားပြင်းထန်သော်လည်း ၎င်းတို့၏သက်တမ်းမှာ တစ်စက္ကန့်၏ ၁၀၀၀ ပုံ တစ်ပုံမျှသာ တည်တံ့သည်ဖြစ်ရာ အဆိုပါစွမ်းအင်ပေါက်ကွဲမှုများ၏ဇာစ်မြစ်ကို ထောက်လှမ်းဖော်ထုတ်ရန် ခက်ခဲသည်။

သို့ရာတွင် တိုကျိုတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ FRBs များသည် နျူထရွန်ကြယ် မျက်နှာပြင်များပေါ်တွင် ငလျင်လှုပ်ခတ်မှုကြောင့် ပေါ်ထွက်လာခြင်းဖြစ်နိုင်ကြောင်း သိရသည်။



ကမ္ဘာမြေပေါ်ရှိ ငလျင်များနည်းတူ နျူထရွန်ကြယ်မျက်နှာပြင်များပေါ် ရုတ်တရက်ရွေ့လျားမှုတစ်ရပ်ရှိခဲ့လျှင် နျူထရွန်ကြယ်ငလျင်လှုပ်မှုများဖြစ်ပေါ်လာနိုင်ပြီး FRBs ရေဒီယိုစွမ်းအင်ပေါက်ကွဲမှုများ ထွက်ပေါ်လာနိုင်သည်ဟု ဂျပန် သိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

သီအိုရီသဘောအရ နျူထရွန်ကြယ်များပေါ်၌ ငလျင်လှုပ်ခတ်ချိန်တွင် ကမ္ဘာမြေငလျင်လှုပ်ခတ်မှုများကဲ့သို့ပင် စွမ်းအင်များပေါ်ထွက်လာနိုင်ကြောင်း ဂျပန်သိပ္ပံပညာရှင်များက ယူဆထားသည်။

**Ref : Sputnik News**

**Trs : KKO**

## ဘိုးအင်းလေကြောင်းစက်မှုကုမ္ပဏီက အာကာသယာဉ်မှူးများလိုက်ပါမည့် စတားလိုင်နာ အာကာသလူသယ်ယာဉ်လွှတ်တင်ရေးအစီအစဉ် ထပ်မံနောက်ဆုတ်ခဲ့

**ဝါရှင်တန် အောက်တိုဘာ ၁၄**

အမေရိကန်နိုင်ငံ အခြေစိုက် ဘိုးအင်းလေကြောင်း စက်မှုကုမ္ပဏီသည် အာကာသယာဉ်မှူးများလိုက်ပါမည့် စတားလိုင်နာ အာကာသလူသယ်ယာဉ် လွှတ်တင်ရေးအစီအစဉ်ကို ထပ်မံနောက်ဆုတ်ခဲ့ကြောင်း အောက်တိုဘာ ၁၃ ရက် သတင်းများအရ သိရသည်။

အာကာသယာဉ်မှူးများလိုက်ပါမည့် စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို သတ်မှတ်ကာလထက် တစ်လနောက်ဆုတ်၍ ၂၀၂၄ ခုနှစ် ဧပြီလလယ်ထက်နောက်မကျဘဲ လွှတ်တင်မည်ဖြစ်ကြောင်း ဘိုးအင်းကုမ္ပဏီ၏ကြေညာချက်၌ ဖော်ပြထားသည်။

CFT ဟူ၍ အမည်ပေးထားသော အဆိုပါမစ်ရှင်သည် ဘိုးအင်းကုမ္ပဏီ၏ စတားလိုင်နာ အာကာသ လူသယ်ယာဉ်အတွက် အာကာသယာဉ်မှူးများ လိုက်ပါမည့် ပထမဆုံးမစ်ရှင်ဖြစ်ကြောင်း သိရသည်။

CFT မစ်ရှင် လွှတ်တင်ရေး အစီအစဉ် ထပ်မံနောက်ဆုတ်ခဲ့မှုအတွက် မည်သည့်အကြောင်းပြချက်ကိုမျှ ဘိုးအင်းကုမ္ပဏီက ထုတ်ဖော်ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

ဘိုးအင်းကုမ္ပဏီသည် အာကာသယာဉ်မှူးများ လိုက်ပါခြင်းမရှိသည့် စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို ၂၀၁၉ ခုနှစ်က နိုင်ငံတကာ အာကာသစခန်းသို့ အောင်မြင်စွာ လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အာကာသယာဉ်မှူးများ လိုက်ပါမည့် ပထမဆုံးစမ်းသပ်မစ်ရှင်ဖြစ်သည့် CFT မစ်ရှင် လွှတ်တင်ရေးမှာမူ အကြိမ်ကြိမ်နှောင့်နှေးခဲ့ရကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## လမ်းလျှောက်နေစဉ် ကိုယ်အလှည့်အပြောင်းလုပ်ရန် ခက်ခဲမှုက အယ်ဇိုင်းမားရောဂါ ရှေ့ပြေးလက္ခဏာဖြစ်နိုင်

**လန်ဒန် အောက်တိုဘာ ၁၄**

လမ်းလျှောက်နေစဉ်အတွင်း ကိုယ်အလှည့်အပြောင်းလုပ်ရန် ခက်ခဲမှုသည် အယ်ဇိုင်းမားရောဂါ၏ ရှေ့ပြေးလက္ခဏာဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက အောက်တိုဘာ ၁၃ ရက်တွင် သတိပေးလိုက်သည်။

ဗြိတိန်နိုင်ငံ လန်ဒန်ကောလိပ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ကျန်းမာရေးကောင်းသူလူငယ် ၃၁ ဦး၊ ကျန်းမာသည့် အသက်ကြီးပိုင်း ၃၆ ဦးနှင့် အယ်ဇိုင်းမားရောဂါ လူနာ ၄၃ ဦးကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသည့်ရလဒ်များအရ လမ်းလျှောက်နေစဉ် ကိုယ်အလှည့်အပြောင်းလုပ်ရန် ခက်ခဲနေတတ်မှုသည် အယ်ဇိုင်းမားရောဂါ၏ ရှေ့ပြေးလက္ခဏာဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

မိမိတို့၏လေ့လာချက်မှ ထွက်ပေါ်လာသည့်ရလဒ်များအရ လှုပ်ရှားသွားလာမှု ဖောက်ပြန်ခြင်းများသည် အယ်ဇိုင်းမားရောဂါ၏ ရှေ့ပြေးလက္ခဏာများဖြစ်နိုင်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

ဗြိတိန်နိုင်ငံတွင် လူဦးရေ ၉၄၄၀၀၀ မှာ အယ်ဇိုင်းမားရောဂါဖြင့် ရင်ဆိုင်နေကြရသူများဖြစ်ကြကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အထက်ပါ အယ်ဇိုင်းမားလူနာအရေအတွက်မှာ လာမည့်နှစ်များအတွင်း ထပ်မံမြင့်တက်လာနိုင်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## နှာခေါင်းဖျန်းဆေးရည်အဖြစ် အသုံးပြုနိုင်သည့် ကိုဗစ်ရောဂါကာကွယ်ဆေးတစ်မျိုးက စမ်းသပ်မှုရလဒ် အလားအလာကောင်းနေ

**နယူးယောက် အောက်တိုဘာ ၁၄**

နှာခေါင်းဖျန်းဆေးရည်အဖြစ် အသုံးပြုနိုင်သည့် ကိုဗစ်ရောဂါကာကွယ်ဆေးတစ်မျိုးမှာ စမ်းသပ်မှုရလဒ်များအရ အလားအလာကောင်းနေကြောင်း အောက်တိုဘာ ၁၃ ရက် သတင်းများအရ သိရသည်။

အဆင့်(၁) လက်တွေ့စမ်းသပ်ချက်ရလဒ်များအရ အဆိုပါ နှာခေါင်းဖျန်းဆေးရည် နှစ်ကြိမ်ဖျန်းပြီးချိန်တွင် ကိုဗစ်ရောဂါကိုတားဆီးနိုင်သည့် ခုခံအားစနစ်တုံ့ပြန်မှုများကို သိသိသာသာ ထုတ်ပေးနိုင်ကြောင်း သိရသည်။

Coviliv အမည်ရှိ အဆိုပါ ကာကွယ်ဆေးကို Codagenix ခေါ် အမေရိကန်နိုင်ငံ အခြေစိုက် ဇီဝနည်းပညာကုမ္ပဏီတစ်ခုက ဖန်တီးထားခြင်းဖြစ်ကြောင်း သိရသည်။

စမ်းသပ်မှုမှ ထွက်ပေါ်လာသည့်ရလဒ်များအရ Coviliv ကာကွယ်ဆေး နှာခေါင်းဖျန်းထားသူများတွင် ခိုင်မာသည့်ခုခံအားစနစ်တုံ့ပြန်မှု ပေါ်ထွက်လာသည်ကို တွေ့ရကြောင်း Codagenix ကုမ္ပဏီက ပြောကြားသည်။

Coviliv ကာကွယ်ဆေးသည် အာနိသင်လျှော့ချထားသည့် ကိုရိုနာဗိုင်းရပ်များဖြင့် ဖန်တီးထားသည့်ဆေးဖြစ်သည်။

သုံးစွဲခွင့်အတည်ပြုချက်ရခဲ့ပါက အဆိုပါဆေးသည် ကမ္ဘာပေါ်၌ ပထမဆုံးသော နှာခေါင်းဖျန်းကိုဗစ်ရောဂါကာကွယ်ဆေး ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ပရီးမီးယားလိဂ်သမိုင်းတစ်လျှောက် တစ်လတာအကောင်းဆုံးဆု နှစ်လဆက်ရရှိသည့် ဒုတိယမြောက်နည်းပြအဖြစ် ပိုစတီကိုဂလူ မှတ်တမ်းဝင်

**လန်ဒန် အောက်တိုဘာ ၁၄**

စပါးအသင်းနည်းပြ ပိုစတီကိုဂလူသည် စက်တင်ဘာလအတွက် ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ တစ်လတာ အကောင်းဆုံး နည်းပြဆုကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် တစ်လတာ အကောင်းဆုံးဆုကို နှစ်ကြိမ်ဆက်ရရှိသည့် ဒုတိယမြောက်နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အသက် ၅၉ နှစ်ရှိ သြစတြေးလျလူမျိုး နည်းပြပိုစတီကိုဂလူသည် ယခုနှစ်ဘောလုံးရာသီတွင် စပါးအသင်းကိုစတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး ရာသီအစတွင်ရလဒ်ကောင်းများဆက်တိုက်ရရှိအောင်စွမ်းဆောင်နိုင်ခဲ့ပြီးနောက် ဘောလုံးရာသီစတင်ပြီး ပထမဆုံးလဖြစ်သည့် သြဂုတ်လအတွက် တစ်လတာအကောင်းဆုံးနည်းပြဆုကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

အလားတူ နည်းပြပိုစတီကိုဂလူသည် စက်တင်ဘာလအတွက် တစ်လတာအကောင်းဆုံး နည်းပြဆုကိုလည်း နည်းပြကလော့ပ်၊ နည်းပြမိုယက်စ်၊ နည်းပြ အမ်မရီတို့ကိုကျော်ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ပရီးမီးယားလိဂ် တစ်လတာအကောင်းဆုံး နည်းပြဆုကို နှစ်လဆက်ဆွတ်ခူးနိုင်ခဲ့သည့် ဒုတိယမြောက်နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : STA




## အားကစားသတင်း အတိုအထွာများ

- ဘိုင်ယန်မြူးနစ်အသင်းက ဒေါ့မွန်အသင်း ဂိုးသမား ကိုဘယ်ကို ဒဏ်ရာကြောင့် ကာလရှည်အနားယူနေရသည့် နူအာ၏နေရာတွင် အစားထိုးရန်စီစဉ်နေကြောင်း သိရသည်။
- နိုင်ငံတကာပြိုင်ပွဲကာလအတွင်း စပါးအသင်း ကစားကွင်းကို ဖျက်ဆီးမှုများပြုလုပ်ခဲ့သည့် အမျိုးသားတစ်ဦးကို ဖမ်းဆီးခဲ့ပြီး ပြစ်မှုဆိုင်ရာဥပဒေဖြင့် စွဲချက်တင်ခဲ့ကြောင်း စပါးအသင်းက ထုတ်ပြန်ခဲ့သည်။
- မန်ယူအသင်းတွင် အဓိက ကစားသမားများအပါအဝင် ကစားသမား ၁၆ ဦးထိဒဏ်ရာပြဿနာကြုံတွေ့နေရသောကြောင့် အသင်းအနေဖြင့် အဓိကအကြောင်းရင်းကိုဖော်ထုတ်ရန် စစ်ဆေးမှုများပြုလုပ်နေကြောင်း အားကစားဒါရိုက်တာ မက်တောက်က ပြောကြားခဲ့သည်။

ML

### ယူရို ၂၀၂၄ ခြေစစ်ပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ယူကရိန်း | ၂ | - | ၀ | မြောက်မက်ဆီဒိုးနီးယား |
| ဘူလ်ဂေးရီးယား | ၀ | - | ၂ | လစ်သူယေးနီးယား |
| မြောက်အိုင်ယာလန် | ၃ | - | ၀ | ဆန်မာရီနို |
| ဆလိုဗေးနီးယား | ၃ | - | ၀ | ဖင်လန် |

(၀၄၀)

# အာရှတစ်နှစ်တာ အကောင်းဆုံးကစားသမားနှင့်နည်းပြစာရင်းတွင် သြစတြေးလျအသင်းမှ သုံးဦးထိပါဝင်လာ







**ကင်ဘာရာ အောက်တိုဘာ ၁၄**

အာရှတစ်နှစ်တာအကောင်းဆုံး အမျိုးသားနှင့် အမျိုးသမီးဆုများအတွက် ဆန်ခါတင်စာရင်း ထုတ်ပြန်ခဲ့ရာတွင် သြစတြေးလျမှ အမျိုးသမီးအသင်း တိုက်စစ်မှူး ဆန်ခါနှင့် အမျိုးသားအသင်း တိုက်စစ်မှူး လက်ခ်ကီ၊ အမျိုးသားအသင်းနည်းပြ ဂရာဟမ်အာနိုးတို့ ပါဝင်လာခဲ့ကြောင်း သိရသည်။

တစ်နှစ်တာ အကောင်းဆုံး အမျိုးသမီးကစားသမားဆု ဆန်ခါတင်စာရင်းတွင် သြစတြေးလျအသင်း တိုက်စစ်မှူးဆန်ခါ၊ တရုတ်အသင်း တိုက်စစ်မှူး လင်ယန်းနှင့် ဂျပန်အသင်း ခံစစ်ကစားသမားကူမာဂါအီတို့ပါဝင်လာခဲ့ပြီး ကူမာဂါအီသည် ၂၀၁၉ ခုနှစ်ကလည်း တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို ရရှိခဲ့ဖူးသူဖြစ်သည်။

တစ်နှစ်တာ အကောင်းဆုံး အမျိုးသားကစားသမားဆုအတွက် ဆန်ခါတင်စာရင်း၌ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဆင့်တွင် သြစတြေးလျ အသင်းအတွက် အနိုင်ဂိုးသွင်းယူ၍ ရှုံးထွက်အဆင့်သို့ ပို့ဆောင်နိုင်ခဲ့သည့် တိုက်စစ်မှူး လက်ခ်ကီပါဝင်လာခဲ့ပြီး ကာတာအသင်းတိုက်စစ်မှူး အယ်မိုးအလီနှင့် ဆော်ဒီအာရေဗျအသင်း ခံစစ်ကစားသမား အယ်ဒါဆာရီတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

တစ်နှစ်တာ အကောင်းဆုံး နည်းပြဆု ဆန်ခါတင်စာရင်းတွင် သြစတြေးလျအသင်းနည်းပြ အာနိုး၊ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂျာမနီအသင်းနှင့် စပိန်အသင်းတို့ကို အနိုင်ရရှိအောင်စွမ်းဆောင်နိုင်ခဲ့သည့် ဂျပန်နည်းပြမိုရီယာဆူ၊ ဆော်ဒီအာရေဗျအသင်း နည်းပြ အယ်ရှာရီက ယူ-၂၃ အသင်းကို အာရှဖလားရရှိအောင် စွမ်းဆောင်နိုင်ခဲ့မှုကြောင့် အကောင်းဆုံးစာရင်းတွင် ပါဝင်လာခဲ့သည်။

ထို့ပြင် ဥရောပကလပ်အသင်းများတွင်ကစားနေသည့် အီရန်အသင်းတိုက်စစ်မှူး တာရီမီ၊ ဂျပန်အသင်း တောင်ပံကစားသမား မီတိုမာ၊ တောင်ကိုရီးယားအသင်း ခံစစ်ကစားသမား ကင်မင်ဂျေးတို့လည်း တစ်နှစ်တာအကောင်းဆုံး ကစားသမားစာရင်းတွင် ပါဝင်လာခဲ့သည်။

အဆိုပါ ဆုပေးပွဲအခမ်းအနားကို လာမည့်အောက်တိုဘာ ၃၁ ရက်တွင် ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : ML

# လာမည့်ဒီဇင်ဘာလတွင် အမေရိကန်၌ ခြေစမ်းပွဲကစားရန် ဘာစီလိုနာအသင်းစီစဉ်

**ဘာစီလိုနာ အောက်တိုဘာ ၁၄**

ဘာစီလိုနာအသင်းသည် အသင်းဘဏ္ဍာငွေ ပိုမိုရရှိစေရန်အတွက် လာမည့်ဒီဇင်ဘာလ ခရစ္စမတ်ကာလမတိုင်မီ အမေရိကန်နိုင်ငံတွင် ချစ်ကြည်ရေးခြေစမ်းပွဲကစားသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အသင်းနည်းပြ ဖလစ်ကက ကစားသမားများအနေဖြင့် ပွဲကစားချိန်ပိုမိုများပြားလာမှုကြောင့် ဒဏ်ရာပြဿနာကြုံတွေ့မည်ကို စိုးရိမ်သော်လည်း အဆိုပါခြေစမ်းပွဲစဉ်ကို ကစားခဲ့ပါက အသင်းအတွက် ဘဏ္ဍာငွေ တိုးပွားလာမည်ဖြစ်ပြီး ဘဏ္ဍာရေးအခြေအနေကိုတည်ငြိမ်အောင် လုပ်ဆောင်နိုင်မည်ဖြစ်သောကြောင့် ခြေစမ်းပွဲစဉ်ကစားမည့်အစီအစဉ်ကို အတည်ပြုပြောကြားခဲ့သည်။

လက်ရှိတွင် ဘာစီလိုနာအသင်းသည် ယခုနှစ်ပွဲစဉ်ရေးဆွဲထားမှုအရ ဒီဇင်ဘာ ၃ ရက်တွင် အေတီကိုအသင်းနှင့်လည်းကောင်း၊ ဒီဇင်ဘာ ၁၀ ရက်တွင် ဂျီရိုနာအသင်းနှင့်လည်းကောင်း၊ ဒီဇင်ဘာ ၁၄ ရက်တွင် အန့်ဝပ်အသင်းနှင့်လည်းကောင်း၊ ဒီဇင်ဘာ ၁၇ ရက်တွင် ဗလင်စီယာအသင်းနှင့်လည်းကောင်း၊ ဒီဇင်ဘာ ၂၀ ရက်တွင် အယ်မာရီယာအသင်းနှင့် လည်းကောင်း ကစားပြီးနောက် ရာသီဝက်ကာလ ရပ်နားမည် ဖြစ်သောကြောင့် အေတီကိုနှင့်ပွဲစဉ်အပြီး သို့မဟုတ် ဒီဇင်ဘာ ၂၀ ရက် နောက်ပိုင်းတွင် ခြေစမ်းပွဲခရီးစဉ်စတင်ရန် စီစဉ်လျက်ရှိသည်။

ဘာစီလိုနာအသင်းသည် အသင်းဘဏ္ဍာရေးအခြေအနေ မြှင့်တင်ရန်အတွက် ပြီးခဲ့သည့်ဘောလုံးရာသီပိတ်သိမ်းခါနီးကလည်း အသင်းကိုယ်ပိုင် ဂျက်လေယာဉ်ဖြင့် သြစတြေးလျနှင့် ဂျပန်နိုင်ငံတို့သို့ သွားရောက်ကာ ဗစ်ဆဲလ်ကိုဘီအသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲ ကစားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : ML

# ပြင်သစ်အသင်းသမိုင်းတစ်လျှောက် စတုတ္ထမြောက်သွင်းဂိုးအများဆုံးကစားသမားအဖြစ် အမ်ဘက်ပီ မှတ်တမ်းဝင်



**ပဲရစ် အောက်တိုဘာ ၁၄**

ယူရို ၂၀၂၄ ပြိုင်ပွဲ ခြေစစ်ပွဲအဖြစ်ကစားခဲ့သည့် နယ်သာလန်အသင်းနှင့် ပြင်သစ်အသင်းတို့ ပွဲစဉ်တွင် တိုက်စစ်မှူးအမ်ဘက်ပီက ပြင်သစ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ပြင်သစ်အသင်းသမိုင်းတစ်လျှောက် စတုတ္ထမြောက် သွင်းဂိုးအများဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပြင်သစ်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ပြင်သစ်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ခုနစ်မိနစ်နှင့် ၅၃ မိနစ်တို့တွင် အမ်ဘက်ပီကသွင်းယူနိုင်ခဲ့ပြီးနောက် ပြင်သစ်အသင်းသမိုင်းတစ်လျှောက် ဂန္တဝင်ကစားသမားကြီးပလာတီနီ၏စံချိန်ကိုကျော်ဖြတ်ပြီး စတုတ္ထမြောက် သွင်းဂိုးအများဆုံး ကစားသမားအဖြစ်မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

အမ်ဘက်ပီသည် ပြင်သစ်အသင်းအတွက် ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်က စတင်ကစားခဲ့ပြီးနောက် နယ်သာလန်အသင်းနှင့်ပွဲစဉ်အပြီး ပြိုင်ပွဲစုံ ၇၁ ပွဲတွင် ၄၂ ဂိုးထိ ရှိလာခဲ့ပြီးနောက် ပလာတီနီ၏ သွင်းဂိုးစံချိန်ကို တစ်ဂိုးအသာဖြင့် ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ပြင်သစ်အသင်း သမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံး ကစားသမားဆုတွင် ဂီရောဒ်က ၅၄ ဂိုးဖြင့်ထိပ်ဆုံးတွင်ရပ်တည်လျက်ရှိနေပြီး အွန်နရီက ၅၁ ဂိုးဖြင့် ဒုတိယနေရာတွင် လည်းကောင်း၊ ဂရစ်ဇ်မန်းက ၄၄ ဂိုးဖြင့် တတိယနေရာတွင် လည်းကောင်းရပ်တည်လျက်ရှိနေပြီး အမ်ဘက်ပီအနေဖြင့် သွင်းဂိုးအများဆုံးကစားသမားစံချိန်ကို လိုက်မီနိုင်ရန်အတွက် ၁၂ ဂိုးသာလိုအပ်တော့ပြီး ၎င်း၏ အသက်မှာ ၂၄ နှစ်သာရှိသေးသည့်အတွက် ဂီရောဒ်၏စံချိန်ကိုလည်း ကျော်ဖြတ်နိုင်ဖွယ် ရှိနေကြောင်း သိရသည်။

Ref : RT
Trs : STA

# AFC Futsal Asian Cup 2024 ပြိုင်ပွဲ မဲအိုးသတ်မှတ်ချက်တွင် မြန်မာဖူဆယ်အသင်း မဲအိုးနံပါတ်(၃)တွင်ကျရောက်



**ရန်ကုန် အောက်တိုဘာ ၁၄**

အာရှဘောလုံး အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် AFC Futsal Asian Cup 2024 ပြိုင်ပွဲအတွက် အုပ်စုမဲခွဲရန် မဲအိုးသတ်မှတ်ချက်တွင် မြန်မာဖူဆယ်အသင်းက မဲအိုးနံပါတ်(၃)တွင် ကျရောက်လျက်ရှိနေကြောင်း သိရသည်။

AFC Futsal Asian Cup 2024 ပြိုင်ပွဲကို လာမည့် ၂၀၂၆ ခုနှစ် မေ ၁၇ ရက်မှ ၂၈ ရက်ထိ ထိုင်းနိုင်ငံတွင် ကျင်းပသွားမည်ဖြစ်ပြီး မြန်မာဖူဆယ်အသင်းသည် ခြေစစ်ပွဲအဆင့် ကစားခဲ့ရာတွင် တာဂျစ်ကစ္စတန်အသင်းကို ရှုံးနိမ့်ခဲ့သော်လည်း ပါလက်စတိုင်းအသင်းနှင့် အိန္ဒိယအသင်းတို့ကိုအနိုင်ရရှိခဲ့ပြီးနောက် အုပ်စုဒုတိယဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

AFC Futsal Asian Cup 2024 ပြိုင်ပွဲကို အာရှဒေသတွင်းမှ ပြိုင်ပွဲဝင်အသင်း ၁၆ သင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး အိမ်ရှင် ထိုင်းအသင်းက တိုက်ရိုက်ဝင်ခွင့်ရရှိထားပြီး အီရန်အသင်း၊ ဂျပန်အသင်း၊ ဥဇဘက်ကစ္စတန်အသင်း၊ ကူဝိတ်အသင်း၊ တာဂျစ်ကစ္စတန်အသင်း၊ ဆော်ဒီအာရေဗျအသင်း၊ ဗီယက်နမ်အသင်း၊ အီရတ်အသင်း၊ ဘာရိန်းအသင်း၊ မြန်မာအသင်း၊ တောင်ကိုရီးယားအသင်း၊ အာဖဂန်နစ္စတန်အသင်း၊ဩစတြေးလျအသင်း၊ တရုတ်အသင်းနှင့် ကာဂျစ်စတန်အသင်းတို့က ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး ပြိုင်ပွဲဝင်ခွင့်ရရှိခဲ့ကြခြင်းဖြစ်သည်။

AFC Futsal Asian Cup 2024 ပြိုင်ပွဲ အုပ်စုမဲခွဲရန်အတွက် မဲအိုးသတ်မှတ်ချက်၌ မဲအိုးနံပါတ်(၁)တွင် အိမ်ရှင်ထိုင်းအသင်းနှင့်အတူ အီရန်အသင်း၊ ဂျပန်အသင်းနှင့်ဥဇဘက်ကစ္စတန်အသင်း၊ မဲအိုးနံပါတ်(၂)တွင် ကူဝိတ်အသင်း၊ တာဂျစ်ကစ္စတန်အသင်း၊ ဆော်ဒီအာရေဗျအသင်းနှင့် ဗီယက်နမ်အသင်း၊ မဲအိုးနံပါတ်(၃)တွင် အီရတ်အသင်း၊ ဘာရိန်းအသင်း၊ မြန်မာအသင်းနှင့် တောင်ကိုရီးယားအသင်းမဲအိုးနံပါတ်(၄)တွင် အာဖဂန်နစ္စတန်အသင်း၊ ဩစတြေးလျအသင်း၊ တရုတ်အသင်းနှင့်ကာဂျစ်စတန်အသင်းတို့ပါဝင်ခဲ့ကြသည်။

AFC Futsal Asian Cup 2024 ပြိုင်ပွဲအတွက် အုပ်စုမဲခွဲပွဲကို လာမည့် ဒီဇင်ဘာ ၁၄ ရက်တွင် ထိုင်းနိုင်ငံ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

# ဝက်စ်ဟမ်းအသင်းက ခံစစ်ကစားသမား မက်ဂွဲယားကို ခေါ်ယူရန်ထပ်မံပြင်ဆင်

**လန်ဒန် အောက်တိုဘာ ၁၄**

ဝက်စ်ဟမ်းအသင်းက အသင်း ခံစစ်ပိုင်း လိုအပ်ချက်အတွက် လာမည့် ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်း၌ ပွဲထွက်ခွင့်ပျောက်ဆုံးနေသည့် ခံစစ်ကစားသမား မက်ဂွဲယားကိုခေါ်ယူရန်အတွက် ထပ်မံပြင်ဆင်လျက်ရှိနေကြောင်း သိရသည်။

မက်ဂွဲယားသည် ပြီးခဲ့သည့် ဘောလုံးရာသီက နည်းပြတန်ဟတ်မန်ယူအသင်းသို့ ရောက်ရှိလာခဲ့ပြီးနောက်ပွဲထွက်ခွင့် ပျောက်ဆုံးခဲ့ပြီး လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ခဲ့ရသည့်အတွက် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလကတည်းက အသင်းမှထွက်ခွာရန် ပြင်ဆင်ခဲ့သူဖြစ်သည်။

ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလကတည်းက ဝက်စ်ဟမ်းအသင်းက မက်ဂွဲယားကိုခေါ်ယူရန် ကြိုးပမ်းခဲ့ပြီး ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၃၀ ခန့်ဖြင့် ခေါ်ယူနိုင်ရန် နီးစပ်ခဲ့သော်လည်း မက်ဂွဲယားက မန်ယူအသင်းထံမှ နစ်နာကြေးမရရှိသည့်အတွက် ဆွေးနွေးမှုများ ကြန့်ကြာနေခဲ့သောကြောင့် ဝက်စ်ဟမ်းအသင်းက ခေါ်ယူမည့် အစီအစဉ်ကို ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်ရက်ပိုင်းက မက်ဂွဲယားက မန်ယူအသင်းတွင်ပွဲထွက်ခွင့်မရရှိပါက လာမည့်အပြောင်းအရွှေ့ကာလတွင် ပွဲထွက်ခွင့်ရရှိမည့်အသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားသွားမည်ဟု အနာဂတ်နှင့်ပတ်သက်ပြီး ပြောကြားခဲ့ပြီးနောက် ဝက်စ်ဟမ်းအသင်းကလည်း မက်ဂွဲယားကိုခေါ်ယူရန် ပြန်လည်ပြင်ဆင်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# ယူရို ၂၀၂၄ ခြေစစ်ပွဲတွင် ပြင်သစ်၊ ပေါ်တူဂီနှင့် ဘယ်လ်ဂျီယံအသင်းတို့ အုပ်စုပွဲစဉ်မပြီးဆုံးမီ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့



**လန်ဒန် အောက်တိုဘာ ၁၄**

ယူရို ၂၀၂၄ ခြေစစ်ပွဲ အုပ်စုအဆင့်တွင် ပြင်သစ်၊ ပေါ်တူဂီအသင်းနှင့် ဘယ်လ်ဂျီယံအသင်းတို့သည် နိုင်ပွဲကိုယ်စီရရှိခဲ့သောကြောင့် အုပ်စုပွဲစဉ်များကစားရန် ကျန်ရှိနေသေးသော်လည်း တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ခဲ့ကြောင်း သိရသည်။

အုပ်စုပွဲစဉ်များတွင် နယ်သာလန်အသင်းနှင့် တွေ့ဆုံခဲ့သည့် ပြင်သစ်အသင်းက တိုက်စစ်မှူး အမ်ဘက်ပီ၏ သွင်းဂိုးနှစ်ဂိုးဖြင့် နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် အုပ်စု(B)တွင် ခြောက်ပွဲနိုင် ရမှတ် ၁၈ မှတ်ဖြင့် အဆင့်(၁)တွင် ရပ်တည်နိုင်ခဲ့ပြီး အုပ်စုပွဲစဉ် နှစ်ပွဲ ကစားရန်အလိုတွင် ဒုတိယနေရာမှ ဂရိအသင်းကို ရမှတ်လေးမှတ်၊ တတိယနေရာမှ နယ်သာလန်အသင်းကို ရမှတ်ကိုးမှတ်ထိ ဖြတ်တောက်နိုင်ခဲ့သဖြင့် တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်းဖြစ်သည်။

ပေါ်တူဂီအသင်းက ဒုတိယနေရာမှ ဆလိုဗက်ကီးယားအသင်းကို တိုက်စစ်မှူး စီရော်နယ်ဒိုက နှစ်ဂိုး၊ ဂွန်ကာလိုရာမိုစ်က တစ်ဂိုး သွင်းဂိုးနှစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ခုနစ်ပွဲနိုင် ရမှတ် ၂၁ မှတ်ဖြင့် အုပ်စု(J)တွင် အဆင့်(၁)နေရာ၌ရပ်တည်နိုင်ခဲ့ပြီး အုပ်စုပွဲစဉ် သုံးပွဲအလိုတွင် ဒုတိယနေရာမှ ဆလိုဗက်ကီးယားအသင်းကို ရမှတ်ရှစ်မှတ်၊တတိယနေရာမှ လူဇင်ဘတ်အသင်းကို ရမှတ်ကိုးမှတ်ထိဖြတ်တောက်နိုင်ခဲ့ပြီး တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့သည်။

အုပ်စု(F)မှ ဘယ်လ်ဂျီယံအသင်းက ဩစတြီးယားအသင်းကို လူကာကူ၊ ကူကီဘာကီယိုတို့၏ သွင်းဂိုးများဖြင့် သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ငါးပွဲနိုင်၊ တစ်ပွဲသရေ ရမှတ် ၁၆ မှတ်ဖြင့် အဆင့်(၁)တွင် ဦးဆောင်နိုင်ခဲ့ပြီး အုပ်စုပွဲစဉ်ပြီးဆုံးရန် နှစ်ပွဲအလိုတွင် ဒုတိယနေရာမှ ဩစတြီးယားအသင်းကို ရမှတ်သုံးမှတ်၊ တတိယနေရာမှ ဆွီဒင်အသင်းကို ရမှတ် ၁၀ မှတ်ထိ ဖြတ်တောက်နိုင်ခဲ့ပြီး တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# Forbes မဂ္ဂဇင်းက ထုတ်ပြန်ခဲ့သည့် ဝင်ငွေအကောင်းဆုံး ဘောလုံးသမားစာရင်းတွင် စီရော်နယ်ဒို ထိပ်ဆုံး၌ ဦးဆောင်

**ဝါရှင်တန် အောက်တိုဘာ ၁၄**

Forbes မဂ္ဂဇင်းက ပြီးခဲ့သည့် ၁၂ လအတွင်း ဘောလုံးလောကရှိ ကစားသမားများ၏ ဝင်ငွေစာရင်းကိုထုတ်ပြန်ခဲ့ရာတွင် တိုက်စစ်မှူး စီရော်နယ်ဒိုက မက်ဆီနှင့်နေမာတို့ကိုကျော်ဖြတ်၍ စုစုပေါင်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၂၆၀ ဖြင့် ထိပ်ဆုံးတွင်ဦးဆောင်နိုင်ခဲ့သည်။

စီရော်နယ်ဒိုသည် အယ်နာဆာအသင်းသို့ တစ်နှစ်လုပ်ခ ဒေါ်လာ သန်း ၂၀၀ ဖြင့်ပြောင်းရွှေ့ခဲ့သည့်အပြင် Nike၊ Jacob & Co စသည့် စပွန်ဆာစာချုပ်များမှ တစ်နှစ်ဝင်ငွေ ဒေါ်လာ သန်း ၆၀ ထိရရှိခဲ့သောကြောင့် ဝင်ငွေ သန်း ၂၆၀ ထိရရှိခဲ့သဖြင့် အားကစားလောကတွင် ဝင်ငွေအကောင်းဆုံး ကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သည်။

Forbes က ထုတ်ပြန်ခဲ့သည့် ဝင်ငွေအကောင်းဆုံး ကစားသမားစာရင်းတွင် စီရော်နယ်ဒိုနောက်၌ အင်တာမီယာမီအသင်းတိုက်စစ်မှူး မက်ဆီက ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၃၅ သန်းဖြင့် အဆင့်(၂)၊ အယ်ဟိုင်လာအသင်း တိုက်စစ်မှူး နေမာက ဝင်ငွေ ဒေါ်လာ ၁၁၂ သန်းဖြင့် အဆင့်(၃)၊ ပီအက်စ်ဂျီအသင်း တိုက်စစ်မှူးအမ်ဘက်ပီက အဆင့်(၄)၊ အယ်အီတီဟတ်အသင်း တိုက်စစ်မှူးဘင်ဇီမားက အဆင့်(၅)၊ မန်စီးတီးအသင်း တိုက်စစ်မှူး ဟာလန်းက အဆင့်(၆)၊ လီဗာပူးအသင်းတိုက်စစ်မှူး ဆာလာဟ်က အဆင့်(၇)၊ အယ်နာဆာအသင်း တိုက်စစ်မှူးမာနေးက အဆင့်(၈)၊ မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ဒီဘရိုင်းက အဆင့်(၉)၊ ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်မှူး ဟယ်ရီကိန်းက အဆင့်(၁၀)၊ ဘာစီလိုနာအသင်းတိုက်စစ်မှူးလီဝမ်ဒေါစကီးက အဆင့်(၁၁)နေရာတွင် အစဉ်လိုက်ရပ်တည်လျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**



# ကာတာစော်ဘွားရှိတ်ဂျာဆန်က မန်ယူအသင်းကိုဝယ်ယူမည့်အစီအစဉ်ရုပ်သိမ်း

**မန်ချက်စတာ အောက်တိုဘာ ၁၄**

ကာတာစော်ဘွားတစ်ဦးဖြစ်သည့် ရှိတ်ဂျာဆန်က မန်ယူအသင်းကို ဝယ်ယူရန်အတွက် ဂလေဇာမိသားစုနှင့် တိုက်ရိုက်ဆွေးနွေးမှုများပြုလုပ်ခဲ့သော်လည်း ညှိနှိုင်းမှုအဆင်မပြေ ဖြစ်ပွားခဲ့ပြီးနောက် မန်ယူအသင်းကို ဝယ်ယူမည့် အစီအစဉ်အား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

လက်ရှိ မန်ယူအသင်းပိုင်ရှင် ဂလေဇာမိသားစုကို အသင်းအား ပြန်လည်ရောင်းချပေးရန်အတွက် အသင်းပရိသတ်များက ကာလရှည် ဆန့်ကျင်ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြသည့်အတွက် ဂလေဇာမိသားစုက ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလက အသင်းကိုပြန်လည်ရောင်းချမည်ဟု တရားဝင်ကြေညာခဲ့သည်။

ဂလေဇာမိသားစုက မန်ယူအသင်းကို ပြန်လည်ရောင်းချမည်ဟုကြေညာခဲ့ပြီးနောက် ကာတာစော်ဘွား ရှိတ်ဂျာဆန်နှင့်အတူ ဗြိတိန်ဘီလျံနာ တစ်ဦးဖြစ်သည့် ရက်ကလစ်တို့က အပြိုင်ကမ်းလှမ်းမှုများပြုလုပ်ခဲ့ကြပြီး ရှိတ်ဂျာဆန်က ကမ်းလှမ်းမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီးနောက် နောက်ဆုံးအကြိမ်အဖြစ် စတာလင်ပေါင်ငါးဘီလီယံထိပေးချေမည့် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

လက်ရှိ မန်ယူအသင်း၏ ဈေးကွက်တန်ဖိုးမှာ စတာလင်ပေါင် ၃ ဒသမ ၅ ဘီလီယံခန့်သာရှိနေသော်လည်း ရှိတ်ဂျာဆန်က စတာလင်ပေါင် ငါးဘီလီယံထိ ပေးချေကမ်းလှမ်းသည့်အပြင် စတာလင်ပေါင် တစ်ဘီလီယံကိုလည်း မန်ယူအသင်းတွင် လိုအပ်သည့်နေရာများ၌ အသုံးပြုမည်ဟု ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

သို့သော် မန်ယူအသင်းပိုင်ရှင် ဂလေဇာမိသားစုက စတာလင်ပေါင် ခြောက်ဘီလီယံနှင့်အထက် အလိုရှိနေသည့်အတွက် ညှိနှိုင်းမှုမှာ အဆင်မပြေဖြစ်ခဲ့ပြီးကြန့်ကြာနေသောကြောင့် ရှိတ်ဂျာဆန်က မန်ယူအသင်းအား ဝယ်ယူမည့်အစီအစဉ်ကို ဖျက်သိမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : STA**

# စုပေါင်းဆောင်ရွက်နိုင်မှုစွမ်းရည် မြှင့်တင်ပါ

မျိုးသူ(ကုန်သွယ်မြှင့်)

စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်းနှင့် ခေါင်းဆောင်မှုဆိုင်ရာစီမံခန့်ခွဲမှုပညာက ခွဲမရဘဲတွဲလျက်ပါသည်ဟု ပြောချင်သည်။ တချို့က စီးပွားရေးလုပ်ငန်းများတွင်အရေးအပါဆုံးသော လူသားအရင်းအမြစ်ကို မေ့လျော့နေမိတတ်ကြသည်။ လူသားကမ္ဘာတွင် မည်သည့်လုပ်ငန်းမဆို လူသားအရင်းအမြစ်သည် အရေးအကြီးဆုံးဟုဆိုရမည်သာ ဖြစ်သည်။ ထို့ကြောင့် လူတို့၏စီးပွားရှာသည့်ပုံစံများ မည်မျှကွဲပြားခြားနားကြသည်ဖြစ်စေ လူသားအရင်းအမြစ်ကို မရှိမဖြစ်လိုအပ်သည်သာဖြစ်သည်။ လူသားအရင်းအမြစ်ကို ကောင်းစွာစီမံခန့်ခွဲနိုင်ခြင်းနှင့် ခေါင်းဆောင်မှုပေးနိုင်ခြင်းများက စီးပွားရေးအောင်မြင်ရေးတွင် များစွာအရေးပါသည်ကို တွေ့နိုင်သည်။ လူသားအရင်းအမြစ်ကို စီမံခန့်ခွဲမှုပြုလုပ်သည့်အခါ ခေါင်းဆောင်နှင့်သူ၏ လုပ်ဖော်ကိုင်ဖက်များသည် စီးပွားရေးလုပ်ငန်းအောင်မြင်ရေးအတွက် သော့ချက်များဖြစ်သည်ဟု ခံယူထားရန်လိုအပ်သည်။

**ဆက်သွယ်ချိတ်ဆက်ဆောင်ရွက်နိုင်သည့်စွမ်းရည်**

လုပ်ငန်းခွင်တွင် ဆောင်ရွက်ရမည့်ကိစ္စတစ်ခုကို မန်နေဂျာလုပ်သူက လုပ်ငန်းကြီးကြပ်သူကို ရှင်းလင်းပြောကြားရမည်ဖြစ်သည်။ လုပ်ငန်းကြီးကြပ်သူက မန်နေဂျာရှင်းလင်းသည်ကို နားလည်မှုလွဲမှားပြီး လက်တွေ့လုပ်ကိုင်သူများကို လွဲမှားသော ထပ်ဆင့်တာဝန်ပေးမှုများဖြစ်သည့်အခါ လုပ်ငန်းများလွဲမှားသွားသည်မျိုး ကြုံရတတ်သည်။ ရှင်းလင်းပြောကြားခြင်း၊ လုပ်ငန်းကို တာဝန်ပေးခြင်း၊ လုပ်ဆောင်ရမည်ကို ပြောကြားခြင်းများတွင် ပြောကြားသူက လုပ်ငန်းကို ကိုယ်တိုင်နားလည်ရန်လိုအပ်သကဲ့သို့ ကိုယ်လိုချင်သည့်၊ ပြောချင်သည့်အချက်ကို နားထောင်သူဘက်က ရှင်းရှင်းလင်းလင်း နားလည်သွားရန်လည်း လိုအပ်သည်။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး ဖြစ်စေ၊ အများကိုဖြစ်စေ ဆက်သွယ်ချိတ်ဆက်ပြောကြားရသည့်အခါမျိုးတွင် ပြောကြားလိုသည့်လိုရင်းကို တစ်ဖက်လူက ရှင်းလင်းစွာနားလည်သွားရန် လိုအပ်သည်။

**ခေါင်းဆောင်မှု**

ခေါင်းဆောင်မှုနှင့်ပတ်သက်၍ အမျိုးမျိုးသော အချက်အလက်များကို စုဆောင်းလေ့လာနိုင်သည်။ အဓိကအကျဆုံးအချက်မှာ အကောင်းမြင်တတ်သူ၊ အကောင်းဘက်မှ တွေးတောတတ်သူ ဖြစ်ပေးရန်လိုအပ်သည်။ ခေါင်းဆောင်အနေဖြင့် မိမိအဖွဲ့အစည်းအတွက် အခက်အခဲများ၊ ဆူးငြောင့်များ၊ ခလုတ်ကန်သင်းများကို ဖယ်ရှားပေးနိုင်ပြီး လမ်းဖြောင့်ရန် ဖန်တီးပေးနိုင်ရသည်။ လမ်းကြောင်းမှန်ပေါ်တွင် ရှိနေရေးအတွက် ဆောင်ရွက်ပေးနိုင်ရန်လိုအပ်သည်။ ခေါင်းဆောင်သူတို့သည် ပတ်ဝန်းကျင်ရှိသူများကို စိတ်အားတက်ကြွမှုဖြစ်စေနိုင်သည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏တက်ကြွမှု၊ စိတ်အားထက်သန်မှု၊ အထောက်အကူပေးနိုင်မှုနှင့် လမ်းညွှန်ပြသနိုင်မှုများကြောင့်ဖြစ်သည်။ ထိုကဲ့သို့ ခေါင်းဆောင်များသည် ကျန်းမာရေးကောင်းသော ပတ်ဝန်းကျင်ကို ဖန်တီးတတ်သည်ဟုဆိုနိုင်သည်။ ထိုသို့သော ခေါင်းဆောင်မှုကြောင့် ကုန်ထုတ်လုပ်မှုစွမ်းရည်၊ လုပ်ငန်းစွမ်းရည်အတွက် ကောင်းကျိုးများစွာ ရရှိစေသည်။

**ပြဿနာဖြေရှင်းနိုင်သောစွမ်းရည်**

မည်သည့်လုပ်ငန်းခွင်ကိုမဆို လေ့လာကြည့်လျှင် ပြဿနာများအနည်းနှင့်အများ ရှိနေတတ်ကြပြီး ပြဿနာဖြေရှင်းနိုင်သူကို မျှော်လင့်ခြင်း၊ ခေါင်းဆောင်သစ်ကိုမျှော်လင့်ခြင်း၊ အတွေးအခေါ်ဟောင်းများမှ ထိုးဖောက်ထွက်လိုခြင်း စသည့်အချက်များကို တွေ့နေရမည်ဖြစ်သည်။ မမျှော်လင့်သောအချိန်၊ မမျှော်လင့်သောနေရာမှ ပြဿနာသည် မဖိတ်ခေါ်ဘဲ ရောက်လာတတ်သည်။ ကွန်ပျူတာများတွင် ဖြစ်စေ၊ လူအချင်းချင်းဆက်ဆံရသည့်တွင်ဖြစ်စေ အချိန်မရွေးပြဿနာများဖြစ်ပွားတတ်သည်။ ထိုကဲ့သို့ ဖြစ်ပေါ်လာသော အကြောင်းအမျိုးမျိုးကို ပြေလည်အောင်ဖြေရှင်းနိုင်သောစွမ်းရည်ရှိရန် များစွာလိုအပ်သည်။ အဖွဲ့အစည်းတိုင်း၊ ကုမ္ပဏီတိုင်းတွင် ပြဿနာအမျိုးမျိုးကို ပြေလည်အောင်ဖြေရှင်းနိုင်စွမ်းရှိသူ လိုအပ်သည်။ ထို့ကြောင့် လုပ်ငန်းမန်နေဂျာ သို့မဟုတ် ခေါင်းဆောင်သူသည် အဆိုပါပြဿနာကို ပြေလည်အောင်ဖြေရှင်းနိုင်သောစွမ်းရည် တစ်နည်းဆိုရလျှင် ကျွမ်းကျင်မှုရှိရန် လိုအပ်သည်။

**အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်နိုင်မှုစွမ်းရည်**

ဆက်သွယ်ချိတ်ဆက်နိုင်သော စွမ်းရည်ရှိခြင်းနှင့် ပေါင်းသင်းဆက်ဆံရေးတွင် အပြုသဘောဆောင်သော အမြင်ရှိခြင်းများသာလျှင် အဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်နိုင်သည့်စွမ်းရည်များဟု ဆိုနိုင်သည်။ အဖွဲ့အစည်း၏ ပင်ကိုစွမ်းရည်သည်ပင် ရေရှည်တွင် အောင်မြင်သော မဟာဗျူဟာအားလုံး၏ ကျောရိုးဖြစ်သည်ဟု ဆိုနိုင်သည်။ အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်နိုင်သည်ဆိုလျှင်ပင် အတွင်းနှင့်ပြင်ပ ပတ်ဝန်းကျင်ဆက်ဆံမှုများတွင် အောင်မြင်အောင် စွမ်းဆောင်နိုင်ရည်ကို မြှင့်တင်ပြီးဖြစ်သည်။ အဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်သည်နှင့်တစ်ပြိုင်နက် အတွင်းတွင်ရှိသော အသင်းအဖွဲ့ဝင်အချင်းချင်း ညီညွတ်မှုရှိစေရန် စသည့်အလေ့အကျင့်များကိုမွေးမြူပြီးဖြစ်စေသည်။ အဖွဲ့အစည်းက ကြီးမားကျယ်ပြန့်သော အရာတစ်ခုဖြစ်သည်။

**ပူးပေါင်းဆောင်ရွက်ခြင်းစွမ်းရည်**

တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်နိုင်ခြင်းသည် အဖွဲ့အစည်းဖြင့် စုပေါင်းဆောင်ရွက်နိုင်ခြင်း၏ အစဟုပင်ဆိုနိုင်သည်။ ပူးပေါင်းဆောင်ရွက်လိုသော သဘောထားအမြင်ရှိခြင်းသည် တံခါးပေါက်ပေါင်းများစွာကို ပွင့်စေနိုင်သော အစွမ်းရှိသည်။ အတူဆောင်ရွက်ရမည့် လုပ်ဖော်ကိုင်ဖက်များအနေဖြင့်လည်း အတူလက်တွဲအလုပ်လုပ်ရန် နှစ်သက်လိုလားကြသည်။ ပူးပေါင်းဆောင်ရွက်လိုသည့်သဘောထားအမြင်ရှိသူတွင် တာဝန်ယူစိတ်၊ တာဝန်ခံစိတ်ရှိနေသည်ကို တွေ့နိုင်သည်။ ထိုသို့သောပုဂ္ဂိုလ်နှင့် လက်တွဲလုပ်ကိုင်ရသူအတွက် အလုပ်၏ဖိအားများကို လျော့ပါးစေသည်။ ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိသူနှင့် လက်တွဲလုပ်ကိုင်ရလျှင် ကုန်ထုတ်လုပ်မှုစွမ်းအားလည်း တိုးတက်စေသည်။ ထို့ကြောင့် အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် စုပေါင်းဆောင်ရွက် အကောင်အထည်ဖော်ခြင်းကို ဦးဆောင်မည့်သူသည် ပူးပေါင်းဆောင်ရွက်လိုစိတ်များ ကိန်းအောင်းနေရန်အတွက် လေ့ကျင့်ပျိုးထောင်ရမည်။ စုပေါင်းဆောင်ရွက်သည့်စွမ်းရည်သည် နေ့စဉ်ကြုံတွေ့နေရမည့် ဘဝပြဿနာများအတွက် လိုအပ်သောစွမ်းရည်တစ်ခုဖြစ်သည်။

**အာရုံစူးစိုက်နားထောင်ခြင်း**

စီးပွားရေးတွင်မဆိုထားနှင့် နေ့စဉ်ဘဝများထဲတွင်ပင် နားထောင်သူနည်းပါးပြီး စကားပြောချင်သူသာ များပြားသည်။ ထို့ကြောင့် သေချာစွာ နားထောင်သူကို အသင်းအဖွဲ့များတွင် ပိုမိုလိုအပ်သည်။ စုပေါင်းဆောင်ရွက်ခြင်းကို ခေါင်းဆောင်မည့်သူများသည် နားထောင်နိုင်စွမ်းရည်တွင် ထူးကဲသာလွန်ရန် လိုအပ်သည်။ တစ်ဖက်သား၏ တင်ပြချက်၊ ပြောဆိုချက်များကို သေချာစွာ၊ စိတ်ပါဝင်စားစွာ တက်တက်ကြွကြွ နားထောင်နိုင်သူ ဖြစ်ရမည်။ စုပေါင်းဆောင်ရွက်ခြင်းဆိုင်ရာစွမ်းရည်တွင် အထူးလိုအပ်သောအချက်မှာ တစ်ဦးနှင့်တစ်ဦးမြဲမြံစွာ ချိတ်ဆက်နိုင်ရေးဖြစ်သည်။ ညီညွတ်မှုရှိရမည်ဖြစ်သည်။ ထို့ကြောင့် လုပ်ဖော်ကိုင်ဖက်များ၊ အဖွဲ့တွင်ပါဝင်ကြသူများ၏ တစ်ဦးချင်းပြောဆိုမှု၊ ဆွေးနွေးမှုနှင့် ခံစားချက်များကို နားထောင်ပြီး နားလည်နိုင်ရန် အထူးလိုအပ်သည်။ စိတ်ဝင်စားစွာနားထောင်ပေးခြင်းသည် မှတ်သားပြီး၊ သုံးသပ်ပြီးနောက် တစ်ပါတည်း ဆုံးဖြတ်ချက်ပေးနိုင်သည့် အခြေအနေကို ရရှိစေနိုင်သည်။

> ❖ ဆက်သွယ်ချိတ်ဆက်နိုင်သော စွမ်းရည်ရှိခြင်းနှင့် ပေါင်းသင်းဆက်ဆံရေးတွင် အပြုသဘောဆောင်သော အမြင်ရှိခြင်းများသာလျှင် အဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်နိုင်သည့်စွမ်းရည်များဟု ဆိုနိုင်သည်။ အဖွဲ့အစည်း၏ ပင်ကိုစွမ်းရည်သည်ပင် ရေရှည်တွင်အောင်မြင်သော မဟာဗျူဟာအားလုံး၏ ကျောရိုးဖြစ်သည်ဟု ဆိုနိုင်သည်။ အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်နိုင်သည်ဆိုလျှင်ပင် အတွင်းနှင့်ပြင်ပ ပတ်ဝန်းကျင်ဆက်ဆံမှုများတွင် အောင်မြင်အောင် စွမ်းဆောင်နိုင်ရည်ကို မြှင့်တင်ပြီးဖြစ်သည်။ ❖

**ယုံကြည်အားထားထိုက်ပါစေ**

တာဝန်ယူမှုရှိခြင်း၊ တာဝန်ခံမှုရှိခြင်းတို့သည် လုပ်ဖော်ကိုင်ဖက်များ၊ အဖွဲ့တွင်ပါဝင်သူများ၏ ယုံကြည်လေးစားအားထားမှုကို ရရှိနိုင်သည်။ ထို့ပြင် ယုံကြည်အားကိုးရခြင်းနှင့် သန္နိဋ္ဌာန်ခိုင်မာခြင်းများသည် အသင်းအဖွဲ့၊ အဖွဲ့အစည်းတစ်ခုအတွက် အရေးကြီးသော အချက်များဖြစ်သည်။ အောက်ခြေမှစ၍ ခေါင်းဆောင်များထိ လိုအပ်သော အရည်အချင်းများဖြစ်သည်။ ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသကဲ့သို့ လူငယ်များ၊ နောက်လိုက်များသည်လည်း လေ့ကျင့်ပျိုးထောင်နေခြင်းဖြင့် နောင်တွင်ခေါင်းဆောင်များဖြစ်လာမည်ဖြစ်သည်။ ကုမ္ပဏီတိုင်းတွင် ယုံကြည်အားထားရသော လက်ရွေးစင်အဖွဲ့များရှိရန် လိုအပ်သည်။ ယုံကြည်ကိုးစားထိုက်သည့် အခြေအနေမြင့်မားသည်နှင့်အမျှ ဆောင်ရွက်နိုင်မှုအခြေအနေသည်လည်း မြင့်မားသည်ကို တွေ့ရှိနိုင်သည်။ အဖွဲ့တစ်ခုလုံးသည် ခေါင်းဆောင်သူကို ယုံကြည်ကိုးစားသည်နှင့်အမျှ စွမ်းဆောင်ရည် မြင့်မားသည်ကို တွေ့နိုင်သည်။

**ရိုးသားဖြောင့်မတ်ခြင်း**

ဆန်းပြားခြင်းမရှိသော အချက်ဖြစ်သော်လည်း အမြဲတမ်းမှန်နေသော အကြောင်းအရာသည် ရိုးသွားသည်မရှိ၊ အမြဲဆန်းသစ်သည်ဟုဆိုနိုင်သည်။ ရိုးသားဖြောင့်မတ်ခြင်းသည်လည်း အမြဲမှန်ကန်သောတရားဖြစ်၍ ရိုးမလိုနှင့် အမြဲဆန်းသစ်နေသည်ဟု ဆိုချင်သည်။ အဖွဲ့အစည်းဖြင့် စုပေါင်းဆောင်ရွက်ခြင်းစွမ်းရည်ကိုမြှင့်တက်အောင် ဆောင်ရွက်ရာတွင် ရိုးသားဖြောင့်မတ်ခြင်းသည် အလွန်အရေးပါသော အချက်ကြီး တစ်ခုဖြစ်သည်။ ဤအချက်တွင် မှန်ကန်သောသစ္စာတရားနှင့်မကောက်မကွေ့သော ဖြောင့်မှန်ခြင်း၊ တရားမျှတခြင်း၊ ဖြူစင်ခြင်း၊ ကိုယ်ကျိုးမကြည့်ခြင်း စသည့်အချက်ပေါင်းများစွာ ပါဝင်နေသည်ကို တွေ့နိုင်သည်။ အရည်အသွေးရှိသော အမှန်တရားဟု ဆိုချင်သည်။ စီးပွားရေးလုပ်ငန်းများကို ကြည့်လျှင် အမှတ်တမဲ့အားဖြင့် အမြတ်အစွန်းအတွက် အလုပ်လုပ်နေကြခြင်းဖြစ်သဖြင့် အကျိုးအမြတ်အတွက်ဆိုလျှင် ဘာလုပ်လုပ်မှန်သည်ဟု အထင်လွဲစရာဖြစ်နေသည်။ စီးပွားရေးလုပ်ငန်းများ အောင်မြင်ရန်မှာ ရိုးသားခြင်း၊ မှန်ကန်ခြင်း၊ ဖောက်သည်ကို သစ္စာရှိခြင်း၊ စသည့်အချက်များသည် ထိပ်ဆုံးမှပါဝင်သည်။

**လေးစားမှုကို ပြသခြင်း**

အဖွဲ့အစည်းတစ်ခုကို စုပေါင်းဆောင်ရွက်ရန်အတွက် လိုအပ်သောကျွမ်းကျင်မှု အရည်အသွေးများတွင် လေးစားမှုကိုပြသခြင်းသည်လည်း များစွာလိုအပ်သော တန်ဖိုးတစ်ခုဖြစ်သည်။ စုပေါင်းဆောင်ရွက်ကြရာတွင် တစ်ဦးကိုတစ်ဦး လေးစားမှု၊ တန်ဖိုးထားမှုများသည် များစွာအရေးကြီးသည်။ အပြန်အလှန်တစ်ဦးနှင့်တစ်ဦး လေးစားမှုပြသနိုင်လျှင်၊ လေးစားတန်ဖိုးထားနိုင်လျှင် စုပေါင်းဆောင်ရွက်ခြင်းသည် ကျိန်းသေပေါက်အောင်မြင်မည် ဖြစ်သည်။ အထက်နှင့်အောက်ဆက်ဆံရေး၊ ပိုင်ရှင်နှင့်ဝန်ထမ်း ဆက်ဆံရေးမျိုးဆိုသော်လည်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားတန်ဖိုးထားလျှင် စီးပွားရေးလုပ်ငန်းသည် အောင်မြင်မည်မှာ မြေကြီးလက်ခတ်မလွဲနိုင်ပါ။ မတူညီသောအမြင်များ၊ ရှုထောင့်များကို လေးစားတန်ဖိုးထားနိုင်မှသာ စီးပွားရေးလုပ်ငန်းများကို အသင်းအဖွဲ့ဖြင့် စုပေါင်းဆောင်ရွက်နိုင်စွမ်းရည်သည် တိုးတက်မည်ဖြစ်သည်။

**စာနာတတ်ခြင်း၊ မျှဝေခံစားခြင်း**

နောက်ဆုံးဖော်ပြခြင်းဖြစ်သော်လည်း အနည်းဆုံးမဟုတ်သည်ကို သိနိုင်သည်။ မျှတခြင်း၊ ခံစားချက်များကို မျှဝေခံစားပေးခြင်း၊ စာနာထောက်ထားတတ်ခြင်း၊ အခက်အခဲများကို ဝိုင်းဝန်းဖြေရှင်းပေးခြင်းများသည် အဖွဲ့အစည်းဖြင့် စုပေါင်းဆောင်ရွက်ခြင်းစွမ်းရည်တွင် သော့ချက်ဖြစ်သည်ဟု ပြောလိုသည်။ အထူးသဖြင့် လုပ်ငန်းရှင်များအနေဖြင့် ဝန်ထမ်းများနှင့် လုပ်သားများ၏ဝေဒနာများ၊ ခံစားချက်များကို စာနာနားလည်ပေးနိုင်ရန် အထူးလိုအပ်သည်။ အားနည်းချက်များပြားသော လုပ်သားနှင့်ဝန်ထမ်းငယ်များ၏ ဘဝကို တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးရန်၊ ခံစားချက်များကို စာနာကြောင်း၊ ကိုယ်ချင်းစာကြောင်း၊ မျှဝေခံစားပေးကြောင်း နားလည် စေရန်လိုအပ်သည်။

အထက်ပါအချက်များကို လေ့ကျင့်ပျိုးထောင်ပေးလျှင် ကျွမ်းကျင်မှုစွမ်းရည် မြင့်တက်လာပြီး အဖွဲ့အစည်းနှင့် စုပေါင်းဆောင်ရွက်ခြင်းစွမ်းရည်ကို အထူးတိုးတက်လာစေမည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများကိုဦးဆောင်ပြီး စုပေါင်းဆောင်ရွက်ခြင်းစွမ်းရည်မြင့်မားအောင် ဆောင်ရွက်ခြင်းဖြင့် အရည်အသွေးမြင့် ဆောင်ရွက်မှုများရရှိစေမည်ဖြစ်သည်။ Team Work Skill တိုးတက်ဖွံ့ဖြိုးလာစေရန်၊ အရည်အသွေးမြင့်မားလာစေရန်အတွက် များများလေ့ကျင့်ပြီး အလေ့အထဖြစ်အောင်ဆောင်ရွက်နိုင်ရမည်။ အလေ့အထဖြစ်ခြင်း ကြာမြင့်လာလျှင် ယဉ်ကျေးမှုတစ်ခုအဖြစ် လူမျိုးတစ်ခု၊ နိုင်ငံတစ်ခုထိပါ ကောင်းသောစုပေါင်းဆောင်ရွက်တတ်ခြင်း၊ ခေါင်းဆောင်တတ်ခြင်းများ ဖြစ်ထွန်းလာသည်ကို တွေ့နိုင်သည်။ ထို့ကြောင့် တစ်ဦးတစ်ယောက်ချင်းမှ အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၊ လုပ်ငန်းများအတွင်း လုပ်ငန်းတစ်ခုလုံးအောင်မြင်ရေးသည် အားလုံးတွင် တာဝန်ရှိသည်။ ထို့ကြောင့် စုပေါင်းတွေးခေါ်မည်။ စုပေါင်းအကောင်အထည်ဖော်မည်။ စုပေါင်းဝေဖန်ပိုင်းခြားပြီး အားသာချက်များတိုးအောင်၊ အားနည်းချက်များလျော့အောင် ဆောင်ရွက်ကြခြင်းဖြင့် မည်သည့် စီးပွားရေးလုပ်ငန်းတွင်မဆို ပျော်ရွှင်ခြင်းများဖြင့် ပင်ပန်းသည်မရှိဘဲ အောင်မြင်စေသည်။ အောင်မြင်ကြပါစေ၊ အောင်မြင်မှုပန်းတိုင်ကို စုပေါင်းညီညာစွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လှမ်းကိုင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

# ကျောက်တော်မြို့နယ် မဟာမုနိဘုရားကြီး၏သိမ်တော် ရှေးမူမပျက် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ၆၅ ရာခိုင်နှုန်းပြီးစီး



**ကျောက်တော် အောက်တိုဘာ ၁၄**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် မဟာမုနိဘုရားကြီး၏ သိမ်တော် ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ၆၅ ရာခိုင်နှုန်း ပြီးစီးသွားပြီဖြစ်ကြောင်း မဟာမုနိဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးညိုသာလှက ပြောပြ၍ သိရသည်။

အဆိုပါ မဟာမုနိဘုရားကြီး၏ သိမ်တော်တစ်ခုလုံးနှင့် အာရုံခံတန်ဆောင်းများကို မြောက်ဦး ဆရာတော်ကြီး အရှင်ဝါယာမိန္ဒ ဦးဆောင်၍ တပည့်ဒါယကာ၊ ဒါယိကာမများ၏ ထည့်ဝင်အလှူငွေကျပ် သိန်း ၅၀၀၀၀ ခန့်ဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ကာ ပြန်လည်ပြုပြင်နေခြင်း ဖြစ်ကြောင်း၊ လက်ရှိတွင် ၆၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပြီး သိမ်တော်၏ သိမ်ခေါင်မိုးများအပါအဝင် အာရုံခံတန်ဆောင်းများနှင့်သိမ်တိုင်များမှာ နှစ်ပေါင်း ၃၀ ခန့်ကြာပြီဖြစ်သောကြောင့် ယခုကဲ့သို့ ပြန်လည် ပြုပြင်မွမ်းမံနေခြင်းဖြစ်ကြောင်း သိရသည်။

"လောလောဆယ်တော့ ၆၅ ရာခိုင်နှုန်းပြီးနေပြီ။ ဂန္ဓကုဋီတိုက် ပင်မဆောင်မှာ မိုခါမုန်တိုင်းမတိုက်ခင် မိုးလို့ပြီးခဲ့ပြီ။ မိုခါမုန်တိုင်းတိုက်ပြီး ပင်မဆောင်ဘုံဆောင်ဟာ ပျက်စီးသွားတဲ့အတွက် အကုန်လုပ်ရမယ်။ နောက်ပြီး မိုခါမုန်တိုင်းကြောင့် ဘုရားကျောင်းပေါ်က ခေါင်မိုးစောင်းသွားလို့ တစ်ခုလုံးကို ပြန်ဖြုတ်ပြီးပြင်ရအုံးမယ်။ အားလုံးအပြီးအစီးဆို ငွေကျပ် သိန်း ၈၀၀၀၀ လောက် ကုန်ကျမှာဖြစ်ပါတယ်"ဟု မဟာမုနိဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးညိုသာလှက ပြောပြသည်။

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် မဟာမုနိဘုရားကြီး၏ သိမ်တော်ကိုပြန်လည်ပြုပြင်ရာတွင် မဟာမုနိဘုရား ဂန္ဓကုဋီတိုက်ရှိ သိမ်တိုင် ၄၈ လုံးကို ရခိုင်တို့၏ ဓညဝတီခေတ်တွင် ဘုရင်စန္ဒသူရိယမင်းအား မြတ်စွာဘုရားရှင်က တရားဟောနေပုံအပါအဝင် ရုပ်ကြွများကို ကျောက်ဆစ်လက်ရာများနှင့် ပန်းကနုတ်များဖြင့်ပုံဖော်ပြုပြင်နေခြင်းဖြစ်ပြီး ကျန်အာရုံခံတန်ဆောင်းလေးခုရှိ တိုင်များကိုမူ ကွန်ကရစ်တိုင်အဖြစ် ပြုပြင်နေခြင်းဖြစ်ကြောင်း သိရသည်။

ASH

# Jawan ဇာတ်ကား ကမ္ဘာ့ရုပ်ရှင်ဈေးကွက်၌ ဒုတိယဝင်ငွေအကောင်းဆုံး ဟင်ဒီဘာသာ စကားပြော ဇာတ်ကားဖြစ်လာ

**နယူးယောက် အောက်တိုဘာ ၁၄**

နာမည်ကျော် အိန္ဒိယအက်ရှင်မင်းသားကြီးရှရွတ်ခန်းပါဝင်သရုပ်ဆောင်ထားသည့် Jawan ဇာတ်ကားသည် ကမ္ဘာ့ရုပ်ရှင်ဈေးကွက်၌ ဒုတိယဝင်ငွေအကောင်းဆုံး ဟင်ဒီဘာသာစကားပြောရုပ်ရှင်ဇာတ်ကားဖြစ်လာကြောင်း အောက်တိုဘာ ၁၃ ရက်သတင်းများအရ သိရသည်။


Jawan ဇာတ်ကားသည် စတင်ရုံတင်ပြီး ဆဋ္ဌမမြောက်သီတင်းပတ်ကုန်ကာလတွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၃၆ သန်း ထိရရှိထားကြောင်း သိရသည်။

Jawan ဇာတ်ကားသည် မင်းသားကြီး ရှရွတ်ခန်းပင် ပါဝင်သရုပ်ဆောင်ထားသော Pathaan ဇာတ်ကားကို ကျော်ဖြတ်၍ ကမ္ဘာ့ရုပ်ရှင်ဈေးကွက်၌ ဒုတိယမြောက်ဝင်ငွေအကောင်းဆုံး ဟင်ဒီဘာသာစကားပြောဇာတ်ကားအဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် Jawan ဇာတ်ကားသည် အိန္ဒိယရုပ်ရှင်ဈေးကွက်၌ ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၇၂ သန်း ကျော်လွန်ခဲ့သည့် ပထမဆုံး ရုပ်ရှင်ဇာတ်ကားလည်းဖြစ်သည်။

Jawan ဇာတ်ကားကို ဒါရိုက်တာ အက်တလီကူးမားကရိုက်ကူးခဲ့ပြီး စက်တင်ဘာ ၇ ရက်တွင် စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref: Xinhua News**
**Trs: KKO**




# Mrs Heritage International 2023 ပြိုင်ပွဲတွင် မြန်မာကိုယ်စားပြု အိမ်ထောင်ရှင်အလှမယ် နန်း ပါဝင်ယှဉ်ပြိုင်မည်




**ရန်ကုန် အောက်တိုဘာ ၁၄**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပမည့် Mrs Heritage International 2023 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအိမ်ထောင်ရှင်အလှမယ် နန်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် နိုဝင်ဘာ ၁၈ ရက်မှ နိုဝင်ဘာ ၂၇ ရက်ထိ ကျင်းပမည့် Mrs Heritage International 2023 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု အိမ်ထောင်ရှင်အလှမယ် ရှမ်းတိုင်းရင်းသူ နန်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် နိုင်ငံပေါင်း ၃၀ ကျော်မှ နိုင်ငံကိုယ်စားပြု အိမ်ထောင်ရှင်အလှမယ်များနှင့်အတူ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

"အိမ်ထောင်ရှင်အလှမယ် တစ်ယောက်အနေနဲ့ နိုင်ငံကိုယ်စားပြု နိုင်ငံတကာပြိုင်ပွဲတစ်ခုမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့လို့ ဝမ်းသာပါတယ်။ နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် အကောင်းဆုံးကြိုးစားသွားမှာဖြစ်ပါတယ်"ဟု အိမ်ထောင်ရှင်အလှမယ်နန်းက ပြောပြသည်။

မြန်မာနိုင်ငံ ကိုယ်စားပြု အိမ်ထောင်ရှင်အလှမယ် နန်း ကို Mrs Heritage International 2023 ပြိုင်ပွဲသို့ Supra Myanmar Beauty Pageant Organization Mrs Supra Myanmar မှ တာဝန်ယူစေလွှတ်ခြင်းဖြစ်ကြောင်း သိရသည်။

ASH

# တေလာဆွစ်၏ The Eras Tour ရုပ်ရှင်ကား ပွဲကြိုပြသမှု ကန်ဒေါ်လာ ၂ ဒသမ ၈ သန်းထိရရှိ

**နယူးယောက် အောက်တိုဘာ ၁၄**

ကမ္ဘာကျော်အမေရိကန်အမျိုးသမီးပေါ့အဆိုတော်တေလာဆွစ်၏ The Eras Tour ဂီတရုပ်ရှင်ကားကို အောက်တိုဘာ ၁၂ ရက်တွင် ပွဲကြိုပြသမှုပြုလုပ်ခဲ့ရာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ သန်းထိ ရရှိခဲ့ကြောင်း အောက်တိုဘာ ၁၃ ရက်သတင်းများအရ သိရသည်။

တေလာဆွစ်၏ The Eras Tour ဂီတရုပ်ရှင်ကားကိုအောက်တိုဘာ ၁၃ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားပြီး သို့ရာတွင် တေလာဆွစ်သည် အဆိုပါဂီတရုပ်ရှင်ကားကို အောက်တိုဘာ ၁၂ ရက်တွင် ပွဲကြိုအဖြစ် ရုပ်ရှင်ရုံပေါင်း ၂၇၀၀ တို့တွင်ပြသခဲ့ရာ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ သန်းထိ ရရှိခဲ့ပြီး လက်ရှိတွင် တေလာဆွစ်၏ The Eras Tour ဂီတရုပ်ရှင်ကား၏ ပထမသီတင်းပတ်ကုန်ဝင်ငွေကိုမူ ခန့်မှန်း၍မရသေးကြောင်း သိရသည်။

အဆိုပါဂီတရုပ်ရှင်ကားကို ဒါရိုက်တာ ဆမ်ရင့်က ရိုက်ကူးပေးထားပြီး ရိုက်ကူးထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာ ၁၀ သန်းနှင့် သန်း ၂၀ ကြားသာရှိခဲ့ကြောင်း သိရသည်။

**Ref: Russia Today**
**Trs: KKO**




# သရုပ်ဆောင် ဆောင်းအိန္ဒြေထွန်းနှင့်အလှူရှင်များက ပဲခူးတိုင်းဒေသကြီး အထွေထွေရောဂါကုဆေးရုံ ခုတင် ၅၀၀ နှင့် ရွှေနံ့သာရေဘေးကယ်ဆယ်ရေးစခန်းရှိ ပြည်သူများကို အလှူငွေများ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၄**

သရုပ်ဆောင် ဆောင်းအိန္ဒြေထွန်းနှင့် အလှူရှင်များက ပဲခူးတိုင်းဒေသကြီး အထွေထွေရောဂါကုဆေးရုံ ခုတင် ၅၀၀ နှင့် ရွှေနံ့သာ ရေဘေးကယ်ဆယ်ရေးစခန်းရှိ ပြည်သူများအား အလှူငွေများလှူဒါန်းခြင်းကို အောက်တိုဘာ ၁၂ ရက်က ပြုလုပ်ခဲ့ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

သရုပ်ဆောင် ဆောင်းအိန္ဒြေထွန်းနှင့် အလှူရှင်များသည် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်း ရေကြီးရေလျှံမှုဖြစ်စဉ်တွင် ပဲခူးမြို့နယ် ကျွန်းသာယာရပ်ကွက်ရှိ ရွှေနံ့သာ ရေဘေးကယ်ဆယ်ရေးစခန်းသို့ ခေတ္တရောက်ရှိနေသည့် ပြည်သူများကို ငွေကျပ် ခုနစ် သိန်းနှင့် အထွေထွေရောဂါကုဆေးရုံ ခုတင် ၅၀၀ သို့ အလှူငွေကျပ် သိန်း ၂၀ စုစုပေါင်းငွေကျပ် ၂၇ သိန်းကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အစားအသောက်တွေက အလှူရှင်တွေ တော်တော်များများကလဲ လှူနေကျတော့ လုံလုံလောက်လောက် ရှိနေလောက်ပြီထင်တယ်။ ငွေလှူလိုက်တော့ သူတို့လဲလိုအပ်တာလေးတွေကို သုံးလို့ရတာပေါ့။ အနည်းဆုံးငွေ ၁၀၀၀၀ လောက် ရသွားပြီဆိုရင် သူတို့နောက်နေ့အတွက် စားလို့ရတယ်။ ရွှေနံ့သာ ရေဘေးကယ်ဆယ်ရေးစခန်းကသူတွေကိုလဲ မမဆောင်းကိုယ်တိုင်သွားတွေ့ပြီး အားပေးစကားတွေလဲ ပြောခဲ့တယ်။ ခုတင် ၅၀၀ ဆေးရုံမှာလဲ ဘုန်းကြီးတွေကော၊ လူနာတွေကော အကုန်လုံး လိုက်လှူပြီး အားပေးစကားပြောဖြစ်ခဲ့တယ်"ဟု သရုပ်ဆောင် ဆောင်းအိန္ဒြေထွန်းက ပြောပြ၍ သိရသည်။ ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives delegation led by Deputy National Security Adviser of India



Senior General Min Aung Hlaing receives the delegation led by Deputy National Security Adviser of India Mr. Vikram Misri.

**Nay Pyi Taw October 14**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing received a delegation led by Deputy National Security Adviser of India H.E. Mr. Vikram Misri, who is here to attend the eighth anniversary of Nationwide Ceasefire Agreement (NCA) on 15 October, at the parlour of SAC Chairman's Office here this afternoon.

Present at the call together with the Senior General were Joint SAC Secretary Lt-Gen Ye Win Oo and SAC member Union Minister for Home Affairs Chairman of National Solidarity and Peacemaking Negotiation Committee Lt-Gen Yar Pyae. The Indian Deputy National Security Adviser was accompanied by Ambassador of India H.E. Mr. Vinay Kumar and officials.

During the course of discussions, the Senior General expressed thanks for visiting Myanmar to attend the country's peace anniversary, an important occasion of the country, as the representative of India. Then views on national peace and development undertakings, steps to establish a Union based on democracy and federalism, government and Tatmadaw's endeavours for internal peace, India's assistance in Myanmar's peace endeavours, bilateral cooperation to restored peace and stability at the common border, further improving bilateral friendship and cooperation, further promotion of bilateral trade and investments, government and Tatmadaw's steadfastness to NCA and multiparty democracy, continuous assistance from India towards peace in Myanmar, the country's full trust in NCA and political developments of Myanmar were cordially exchanged.

After the meeting, the Senior General and the Indian Deputy National Security Adviser exchanged commemorative gifts and posed for documentary photos.

100



Senior General Min Aung Hlaing presents a gift to Deputy National Security Adviser of India Mr. Vikram Misri.



Senior General Min Aung Hlaing and Deputy National Security Adviser of India Mr. Vikram Misri pose for a group photo.

# Export of rice and broken rice earns US$208 million within six months



Rice of bags being loaded onto a ship.

**Nay Pyi Taw October 14**

More than 460,000 tons of rice and broken rice was exported within six months from April to September 2023 to earn US$208 million, according to the Myanmar Rice Federation.

Myanmar sends its rice and broken rice to customer countries as usual. During the period from April to September 2023, Myanmar bagged US$208 million from export of 464,157 tons of rice and broken rice to foreign countries.

In so doing, a total of 87,648 tons of rice and broken rice were exported to earn US$36 million in April, 110,706 tons for US$48 million in May, 62,725 tons for US$28 million in June, 58,334 tons for US$26 million in July, 59,971 tons for US$28 million in August and 84,773 tons for US$42 million in September.

From October, November, December, January, February and March are the best period to export rice and broken rice to foreign market.

The MRF expects to rise the export volume of rice and broken rice to foreign countries in October. Currently, as India restrictd the export of rice to world market, rice prices of Myanmar, Thailand and Vietnam increase.

In Myanmar, export of rice is allowed after the Ministry of Commerce checks the rice and rice products for the export purpose.

The federation has set an aim to export 2.5 million tons of rice and broken rice to foreign countries in 2023-24 financial year for earning US$1 billion of incomes. 336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Repairing of damaged parts in MraukU cultural region nearly finished


A temple in MraukU.

**MraukU October 14**

Repairing of damaged parts in MraukU cultural region caused by storm Mocha are nearly to finish, said U Maung Hsan Win, deputy director of MraukU branch of the Department of Archaeology and National Museum.

Damaged buildings caused by storm Mocha in MraukU cultural region of Rakhine State have been repaired since June, and these processes are nearly to finish at the end of September.

"Most of the buildings made of stone in the region are not damaged in the event. But, renovated parts of some ancient buildings were damaged in the storm. Currently, all buildings have been finished in repairing. Now, a stone plaque chamber, two miles from MraukU cultural region, totally collapsed in the storm, and necessary data are being collected to rebuild it. We calculate necessary measures to repair the chamber in coming financial year," said U Maung Hsan Win.

Some ancient buildings damaged by the storm have been repaired in original works. As most of buildings were damaged in minimum, the allotted fund in financial year was spent on repairing the buildings. The buildings like the stone plaque chamber with heavy damage will be repaired with the fund in coming financial year. ASH

# Export of groundnut earns more than US$15 million from April to September this year

**Nay Pyi Taw October 14**

The Ministry of Commerce on 7 July stated that export of groundnut bagged more than US$15 million from April to September of 2023-24 financial year.

During the period, export in maritime trade pocketed $1.39 million and land border $15.151 million, totalling $15.541 million.

Groundnut is grown in early monsoon and late monsoon as double crops. Early monsoon groundnut must be cultivated from May to June and the late monsoon groundnut from September to October. Double cropping groundnut must be grown in November and December.

Primarily, local farmers prefer to grow Hsinpadetha-1 Hsinpadetha-2, Hsinpadetha-3, Hsinpadetha-4, Hsinpadetha-5, Hsinpadetha-6, Hsinpadetha-7, Hsinpadetha-11, Magway-9, Magway-10, Magway-11, Magway-12, Magyway-15 and Kyaunggon-2 groundnut strains. Red groundnut is in high demand of Chinese merchants and white one in local merchants and businesspersons to make groundnut jam.


Groundnut's stockpiled in a warehouse.

At present, groundnut seeds flow into the domestic market but its prices declined due to low demand. Red groundnut fetched K10,000 to K10,500 per viss and white oneK7,900 per viss in August. In September, the red one fetched K9,500 per viss and white one K7,300 per viss. In October, white groundnut seed fetched K6,600 per viss. 336

# Township Cooperative Association Ltd. lent over 460 million kyats to farmers in 5 townships

**Mandalay October 14**

More than 460 million kyats have been lent to farmers in five townships in Mandalay Region by the township cooperative association limited to grow rice paddy with the funds owned by the cooperatives, said U Hlaing Moe, Deputy Director of the Cooperatives Department for Mandalay Region.

The township cooperative association limited has 602 member farmers from 29 cooperative associations in Patheingyi, PyinOoLwin, Thabeikkyin, Meiktila and NyaungU townships to grow 1,733 acres of rain-fed rice with the funds belonging to the association since July to farmers at the rate of 200,000 kyats per acre. A total of 461.643 million kyats have been lent to farmers.

"The support loans are given to farmers like this so that the farmers can plant more because rice is expensive. Farmers need to properly and effectively use rain-fed acreage in accordance with support. The interest rate is one percent. The repayment period is every six months," he explained. 185

# Buzzing With Ideas: Ukraine's Government Seeks Lifeline in Honey Sales

**MOSCOW October 14**

Fueled by the urgent need for action as funds start to run dry, the Ukrainian government and an agro-industrial company have - of all things - jointly launched a honey-backed fundraiser. Now, bees seem to be forced into paying Kiev's bills as well.

In a desperate move to shore up meagre finances, Ukraine has unveiled a project to finance demining operations. The government aims to raise funds by selling honey extracted from minefields, according to an official statement. The "Honey of Minefields" initiative is a forlorn collaborative venture between Ukraine's Ministry of Foreign Affairs and agro-industrial firm Kernel.

In a rather bizarre twist, Ukrainian diplomats have hatched a plan to tote around jars of sourced honey during their international engagements. Their aim? Employing dumb pretenses to distribute unusual gifts to obtain additional funds from counterparts and sentimental foreigners, all under the guise of "fundraising" for demining certain territories and bolstering finances for arms procurement.

The project is slated for launch during next year's spring season, according to its official site.

Sputnik

# How Russia's Central Eurasian Transport Corridor May Boost Continent's Trade & Development

**MOSCOW October 14**

Russia has placed emphasis on boosting Eurasian interconnectivity and is seeking to create a comprehensive transport corridor which would stretch from Russia to China through Mongolia.

President Vladimir Putin has instructed the government to consider options for creating a Central Eurasian Transport Corridor that would pass through Russia, Mongolia, and Western China, according to a list of instructions published on the Kremlin's website.

The task must be completed by February 15, 2024. Russian Prime Minister Mikhail Mishustin has been assigned to supervise the initiative.

In September, Mongolia unveiled its plan to build five road and three railway corridors from Russia to China through its territory at the Eastern Economic Forum that took place in the Russian Far East port city of Vladivostok.

While addressing the forum, Bolor-Erdene Basanzhav, head of the Policy and Planning Department at the Ministry of Roads and Transport Development of Mongolia, referred to the increase in transit of goods from Russia through Mongolia to China and from China to Europe, emphasizing the necessity to bolster Mongolia's transport capacity in line with recent developments. Sputnik


Sukhe Bator Square in downtown Ulan Bator, Mongolia.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## တရုတ်နိုင်ငံထုတ် Autel Evo Max 4T ဒရုန်း အစင်း ၂၀၀၀ ကို ယူကရိန်းဝယ်ယူခဲ့



ယူကရိန်းနိုင်ငံသည် တရုတ်နိုင်ငံထုတ် Autel Evo Max 4T ဒရုန်းအစင်း ၂၀၀၀ ကို ဝယ်ယူခဲ့ကြောင်း အောက်တိုဘာ ၁၀ ရက်တွင် https://www.armyrecognition သတင်းဌာနက ရေးသားဖော်ပြထားသည်။

ညဏ်ရည်တု တပ်ဆင်ထားသော Autel Evo Max 4T ဒရုန်းအစင်း ၂၀၀၀ ကို ကင်းထောက်မစ်ရှင်များ၊ အမြောက်များဖြင့် ချိန်ညှိ၊ တိုက်ပွဲဝင်မှုများနှင့် ရုရှားတပ်တည် လှုံ့ဇုက်နေရာများကို ဖော်ထုတ်ရန်အတွက် ဖြန့်ကြက်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ယူကရိန်းသည် ရုရှားနှင့် နောက်ထပ်လေကြောင်းတိုက်ခိုက်လာနိုင်မှုများအတွက် ပြင်ဆင်နေချိန်တွင် တရုတ်နိုင်ငံက ထုတ်လုပ်သည့် Autel Evo Max 4T ဒရုန်းအစင်း ၂၀၀၀ ထိ ဝယ်ယူခဲ့ကြောင်း သိရသည်။

ယူကရိန်းသည် ရုရှားစစ်လက်နက်ပစ္စည်းများကို ချေမှုန်းခြင်းဖြင့် နည်းဗျူဟာပိုင်းအရ အောင်ပွဲအချို့ အောင်မြင်ခဲ့သော်လည်း အီလက်ထရွန်နစ်တန်ပြန်လုပ်ဆောင်မှုများနှင့် လေကြောင်းရန်ကာကွယ်ရေးများကြောင့် ၎င်း၏ လေကြောင်းစွမ်းအားတွင် သိသိသာသာဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရသည်။

Autel Evo Max 4T ၏ အင်္ဂါရပ်များထဲမှတစ်ခုမှာ ၎င်း၏ ၇၂၀ ဒီဂရီပတ်လည် အတားအဆီးရှောင်ရှားနိုင်သောစနစ်ဖြစ်သည်။ ဤအဆင့်မြင့်အင်္ဂါရပ်သည် သမားရိုးကျ မှန်ပြောင်းစနစ်များကို မီလီမီတာလှိုင်းနှုန်းသုံး ရေဒါနည်းပညာဖြင့် ပေါင်းစပ်ထားသည်။ Autel ကုမ္ပဏီက Onboard တပ်ဆင်ပေးထားသော Autonomy Engine သည် သုည ဒသမ ၅ လက်မထိသေးငယ်သော အရာဝတ္ထုများကို အလင်းရောင်နည်းပါးသော သို့မဟုတ် မိုးရွာသော အခြေအနေများတွင်လည်း ဖမ်းမိနိုင်မည်ဖြစ်သည်။

ထို့ပြင် ဒရုန်းတွင် GPS အသုံးပြုနိုင်ခြင်းမရှိသော ပတ်ဝန်းကျင်တွင် ပျံသန်းစစ်ဆင်နိုင်ရန် အဆင့်မြင့် အာရုံခံကိရိယာများတပ်ဆင်ထားသည်။ ၎င်း၏ အလိုအလျောက် လုပ်ဆောင်နိုင်စွမ်းရှိသော အင်ဂျင်သည် တောင်များ၊ သစ်တောများနှင့် အဆောက်အအုံများကဲ့သို့သော ရှုပ်ထွေးနက်နဲသည့် ပတ်ဝန်းကျင်အခြေအနေများမှ တစ်ဆင့် 3D ပျံသန်းမှုလမ်းကြောင်းများကိုစီစဉ်ရန် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များကိုပါ သတင်းအချက်အလက်များ စုဆောင်းပေးနိုင်သည်။

Autel Evo Max 4Tသည် ဒရုန်းများအတွက် စက်မှုလုပ်ငန်းသုံးပထမဆုံး Mesh ကွန်ရက်စနစ် A-Mesh 1.0 ကို မိတ်ဆက်ပေးခဲ့သည်။ ၎င်းသည် ဒရုန်းမှ ဒရုန်းဖြင့် အလိုအလျောက် ဆက်သွယ်ချိတ်ဆက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို လုပ်ဆောင်ပေးနိုင်သည်။ များပြားလှသော ဒရုန်းများသည် လုပ်ငန်းဆောင်ရွက်မှု၊ ထိရောက်မှုကိုမြှင့်တင်ရန် Relay Point များအဖြစ် လုပ်ဆောင်နိုင်သောကြောင့် Mesh Network သည် မြင်ကွင်းမှ မမြင်နိုင်သော Line-of-Sight အလွန်အသုံးချခြင်းများအတွက် အထူးအသုံးဝင်သည်။ အဆိုပါအကျိုးသက်ရောက်မှုများကို ချဲ့ထွင်လုပ်ဆောင်နိုင်ခြင်းကြောင့် ဤဒရုန်းများကို အမြောက်အမြား ဝယ်ယူခြင်းသည် စိတ်ဝင်စားစရာကောင်းသည်။

ထို့ပြင် ဒရုန်းကို ရေဒီယိုလှိုင်းနှုန်း နှောင့်ယှက်မှု (RFI)၊ လျှပ်စစ်သံလိုက်လှိုင်းဖိဖျက်နှောင့်ယှက်မှု (EMI) နှင့် GPS Spoofing တို့ကို တန်ပြန်လုပ်ဆောင်နိုင်စေရန် တီထွင်ထုတ်လုပ်ထားသည်။ ၎င်းသည် ဓာတ်အားလိုင်းများ သို့မဟုတ် အခြားအရေးကြီးသော အဆောက်အအုံများအနီးတွင် ပျံသန်းရန်အတွက် ယုံကြည်စိတ်ချရစေသည်။ ဒရုန်း၏ AI အသိအမှတ်ပြုနည်းပညာသည် အပူအရင်းအမြစ်များ၊ ရွေ့လျားပစ်မှတ်များ သို့မဟုတ် မော်တော်ယာဉ်များကဲ့သို့သော ပစ်မှတ်အမျိုးအစားအမျိုးမျိုးကို အလိုအလျောက် စိစစ်ခွဲခြားပြီး Lock ပြုလုပ်နိုင်သည်။ ၎င်းသည် အမြင့်ဆုံးပျံသန်းချိန် ၄၂ မိနစ်နှင့် လှိုင်းထုတ်လွှင့်ဆက်သွယ်ဆောင်ရွက်နိုင်သည့် အကွာအဝေး ၁၂ ဒသမ ၄ မိုင်ရှိသည်။

**Ukraine acquires 2000 Autel-Evo Max 4T Chinese-made drones ကို ဘာသာပြန်ဆိုထားပါသည်။**

## Lockheed Martin က အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်သုံးခဲယမ်းများအတွက် အဝေးထိန်းလမ်းညွှန်စနစ် ထုတ်ဖော်ပြသ

အမေရိကန်နိုင်ငံ Lockheed Martin ကုမ္ပဏီသည် Guided Multiple Launch Rocket System (GMLS) အမျိုးအစား အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်သုံး ခဲယမ်းများအတွက် လေထဲတွင် ပျံသန်းနေစဉ် ပစ်မှတ်အချက်အလက်များ Update ပံ့ပိုးပေးနိုင်သည့် အဝေးထိန်းလမ်းညွှန်စနစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း အောက်တိုဘာ ၁၂ ရက်က https://www.thedefense post သတင်းဌာနတွင် ရေးသားဖော်ပြထားသည်။

(RIG-360) ရွေ့ပြေးပုံစံဟု ခေါ်သော Remote Interceptor Guidance 360 အဝေးမှကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည် လမ်းညွှန်ထိန်းကျောင်းမှုစနစ်သည် မြေပြင်မှမြေပြင်ပစ် ဒုံးကျည်များအတွက် အသုံးတည့်စေရန် ပုံတူကူးထားသည့် ဝေဟင်သုံး Airborne Data Link ဆက်သွယ်ရေးစနစ်ကို အဆင့်မြှင့်တင်ထားခြင်းဖြစ်သည်။

RIG-360 ၏ MLRS အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်သုံးခဲယမ်းအုပ်စုများနှင့် ပေါင်းစည်းအသုံးပြုခြင်းသည်လှုပ်ရှားပစ်မှတ်များ သို့မဟုတ် နေရာရွှေ့ပြောင်းတပ်ဖြန့်နိုင်သည့် ပစ်မှတ်များကို တိကျစွာတိုက်ပွဲဝင်နိုင်စေရန် ရည်ရွယ်သည်။

"ဒီစမ်းသပ်မှုဟာ အမေရိကန်ကြည်းတပ်ရဲ့ ပူးပေါင်းစစ်ဆင်ရေးမျှော်မှန်းချက်ကို အရှိန်မြှင့်တင်ဖို့ ကြီးမားတဲ့ခြေလှမ်းတစ်ခုပါပဲ"ဟု Lockheed Martin ကုမ္ပဏီမှ အရာရှိတစ်ဦးဖြစ်သူ Scott Arnold က ပြောကြားခဲ့သည်။

ဤအယူအဆသည် စစ်ဆင်ရေးဆောင်ရွက်ရာပတ်ဝန်းကျင်ရှိ ရွေ့လျားပစ်မှတ်များကို ထိုးစစ်ဆင်တိုက်ခိုက်မှုများနှင့်အတူ အမေရိကန်ကြည်းတပ်၏ တိုက်ပွဲဝင်စွမ်းရည်ကိုမြှင့်တင်ရန်ရည်ရွယ်ပြီး ချိတ်ဆက်လုပ်ဆောင်နေသည့် ကြည်းတပ်ကွန်ရက်အတွင်း ပြောင်းလွယ်ပြင်လွယ်ရှိနိုင်စွမ်းကို ပိုင်ဆိုင်ထားနိုင်ရန်နှင့် ဖောက်သည်များအတွက် ခြိမ်းခြောက်မှုသစ်များ မထွက်ပေါ်လာမီ ကြိုတင်စွမ်းဆောင်ရည်များ ပံ့ပိုးပေးနိုင်ရန်ဖြစ်သည်ဟု ၎င်းက ထည့်သွင်းပြောကြားသည်။

အမေရိကန်နိုင်ငံထုတ် Patriot Advanced Capability-3 ကြားဖြတ်ဒုံးကျည်များအတွက် မူလကစီစဉ်ထားခဲ့သော RIG-360 အဝေးထိန်းလမ်းညွှန်စနစ်သည် ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်နှင့် ပေါင်းစည်းတိုက်ပွဲဝင်၊ ကွပ်ကဲမှုစနစ်ကြား ဆက်သွယ်လုပ်ဆောင်နိုင်စေရန် ထုတ်လုပ်ထားခြင်းဖြစ်သည်။



မတူညီသော အာရုံခံကိရိယာများမှ ပစ်မှတ်အချက်အလက်များကို အသုံးချကာ ကြားဖြတ်တိုက်ခိုက်ရေး ဒုံးကျည်အတွက် ညွှန်းရပ် ၃၆၀ ဒီဂရီပတ်လည်တိုက်ပွဲဝင်နိုင်စွမ်းကို ပိုင်ဆိုင်ထားနိုင်မည်ဖြစ်သည်။

RIG-360 စနစ်သည် X-band လှိုင်းနှုန်းသုံး ဒုံးကျည်ဆက်သွယ်ရေးဆော့ဖ်ဝဲစနစ်တစ်ခုဖြစ်ကာ ဒုံးကျည်ပျံသန်းမှုအတွင်း ၃၆၀ ဒီဂရီအပြည့်အဝ ချိတ်ဆက်ထိန်းကျောင်းပေးနိုင်သည့် ဆော့ဖ်ဝဲတစ်ခုဖြစ်ကြောင်း အမေရိကန်ကြည်းတပ်က ပြောကြားခဲ့သည်။ ၎င်း၏စွမ်းဆောင်ရည်များကို အတည်ပြုနိုင်ရန်အတွက် Joint Fires ပျံသန်းစမ်းသပ်မှုကို ၂၀၂၄ ခုနှစ်တွင်ပြုလုပ်ရန်စီစဉ်ထားသည်။

**Lockheed Device Enables HIMARS Munitions to Strike Moving Targets ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ဘိုကလေးမြို့နယ်မှ ရန်ကုန်မြို့သို့ စက်တင်ဘာလအတွင်း ခုံးပိဿာချိန် ၅၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ဘိုကလေး အောက်တိုဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်မြို့သို့ စက်တင်ဘာလအတွင်း ခုံးပိဿာချိန် ၅၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်တွင် သဘာဝအတိုင်း ဖမ်းယူရရှိသည့် ခုံးများကို ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပြီးခဲ့သည့်ဩဂုတ်လအတွင်းက ခုံးပိဿာချိန် ၄၉၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ခုံးများ ပိဿာချိန် ၅၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ ခုံးများကို ရန်ကုန်ဈေးကွက်မှ အဝယ်လိုက်လျက်ရှိကြောင်း သိရသည်။

"ဒီဘက်ကထွက်ရှိတဲ့ ခုံးတွေကို ပြည်တွင်းမှာကို အဝယ်လိုက်နေတာပါ။ ပြီးခဲ့တဲ့ ဩဂုတ်လကနဲ့စာရင် စက်တင်ဘာလအတွင်း ခုံးပိဿာချိန် ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ခုံးတွေ အများအပြား မှာယူနေပါတယ်။ ဘိုကလေးဘက်ကနေထွက်တဲ့ ခုံးတွေအပါအဝင် ရေထွက်ကုန်တွေကို ဘိုကလေးမြို့ကနေတစ်ဆင့် ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချပါတယ်။ အခုလက်ရှိ ကုန်အရောင်းအဝယ်တွေအားကောင်းကောင်းနဲ့ လည်ပတ်နေတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ ပြန်ပြီးအလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိပြီး အဆင်ပြေလာတာ တွေ့ရပါတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုခိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ငါးအမျိုးမျိုး၊ ပုစွန်အမျိုးမျိုး၊ ကဏန်းများအပြင် ခုံးများကိုလည်း စနစ်တကျ သန့်စင်ထုပ်ပိုးပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် အခြားဒေသများသို့ ဆက်လက်တင်ပို့ရောင်းချလျက်ရှိကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ပျဉ်းမနားမြို့နယ် ကြံဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြံဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပျဉ်းမနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ၊ မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကြံဘိုကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ



ပြည့်စုံမှန်ကန်မှုရှိ၊ မရှိ စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ်မှ စတင်ကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၁၀၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်နိုင်**

# ကော့မှူးမြို့နယ် ကျေးတရာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကော့မှူး အောက်တိုဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ရွှေ(ကျေးလက်နှင့်မြို့ပြ) ဖွံ့ဖြိုးတိုးတက်ရေးဘဏ်တို့ ပူးပေါင်း၍ ကျေးတရာကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘက်စုံသုံးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများရရှိစေပြီး အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ကာ မိသားစုဝင်ငွေတိုးပွားလာစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံက ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ပြန်ဆပ်ရမည့်ကာလတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရွှေ(ကျေးလက်နှင့်မြို့ပြ) ဖွံ့ဖြိုးတိုးတက်ရေးဘဏ်မှ တာဝန်ရှိသူများက ကျေးတရာကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၉၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်စီးပွားဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၄-၁၀-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၄၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၅၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၁၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၂၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၂၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# နိုင်ငံတစ်နိုင်ငံတည်းကို ဦးတည်ပစ်မှတ်ထားသည့် လူ့အခွင့်အရေးယန္တရားများ၏ လက်ခံနိုင်ဖွယ်မရှိသောအပြုအမူများကို မြန်မာနိုင်ငံက ထောက်ပြ

ဂျီနီဗာမြို့၌ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၁ ရက်မှ အောက်တိုဘာ ၁၃ ရက်ထိ ကျင်းပခဲ့သည့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၅၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် အထောက်အထား ခိုင်လုံမှုမရှိဘဲ မြန်မာနိုင်ငံအပေါ် ဝေဖန်ပြစ်တင်သည့် ဆွေးနွေးပွဲနှစ်ခုပါဝင်ခဲ့သည်။ ယင်းတို့မှာ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင် (Independent Investigative Mechanism for Myanmar – IIMM)၏ အစီရင်ခံစာနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ အစီရင်ခံစာအပေါ် အပြန်အလှန်ဆွေးနွေးမှုများဖြစ်ပြီး ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၁ ရက်နှင့် ၂၆ ရက်တို့တွင် အသီးသီး ပြုလုပ်ခဲ့သည်။ နိုင်ငံတစ်နိုင်ငံတည်းအပေါ် ဦးတည်ပြုလုပ်သော ယင်းဆွေးနွေးပွဲများ၏ လုပ်နည်းလုပ်ဟန်များသည် တစ်ဖက်သတ်ဖြစ်နေပြီး သက်ဆိုင်သည့်နိုင်ငံထံမှ ပူးပေါင်းဆောင်ရွက်မှုမရရှိဘဲ မြန်မာနိုင်ငံ၏မျက်ကွယ်တွင် ကျင်းပခဲ့မှုကြောင့် ပို၍ပင်တစ်ဖက်စောင်းနင်းဖြစ်ခဲ့သည်။

လူ့အခွင့်အရေးကောင်စီသည် တရားစွဲဆိုသည့် ယန္တရားထူထောင်ရန် လုပ်ပိုင်ခွင့်မရှိဘဲ ယင်း၏လုပ်ပိုင်ခွင့်ကိုကျော်လွန်၍ IIMM ကို ထူထောင်ခဲ့သည်။ IIMM သည် လူ့အခွင့်အရေးကောင်စီ၏ နိုင်ငံတစ်နိုင်ငံတည်းအပေါ် ဦးတည်ပစ်မှတ်ထားသည့် နိုင်ငံရေးသွတ်သွင်းထားသော ဆုံးဖြတ်ချက်အဆိုမှ စတင်ပေါ်ပေါက်လာခြင်းဖြစ်ရာ စတင်တည်ထောင်ချိန်မှအစပြု၍ IIMM ၏ လုပ်ပိုင်ခွင့်ကို မြန်မာနိုင်ငံက မည်သည့်အခါကမျှ အသိအမှတ်ပြုလက်ခံခြင်းမရှိခဲ့ပါ။ IIMM ကစုဆောင်းခဲ့သည်ဟုဆိုသော သတင်းအချက်အလက်အပိုင်းအစ ၂၃ သန်းနှင့်ပတ်သက်၍ မည်သို့စိစစ်သည်ကို ဖော်ပြထားခြင်းမရှိရာ ယင်းအချက်အလက်များ၏ မှန်ကန်မှုကို အတည်ပြုနိုင်ခြင်းမရှိပါ။ အစိုးရများထံမှ ထောက်ပံ့ငွေရယူခြင်းမပြုရန် ကုလသမဂ္ဂအထူးလုပ်ပိုင်ခွင့်ရရှိထားသူများအား တင်းကျပ်စွာ တားမြစ်ထားသည့်တိုင် IIMM သည် အချို့သောအစိုးရများထံမှ ထောက်ပံ့ငွေများကို ပြောင်ပြောင်တင်းတင်းလက်ခံလျက်ရှိသည်။ သို့ဖြစ်ရာ IIMM သည် ၎င်းကိုဖန်တီးသူများ၏ ဆန္ဒနှင့်အညီ မြန်မာနိုင်ငံအပေါ် အကွက်ချအမှုဆင်ရန် အစီအမံသက်သက်သာဖြစ်သည်။

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးသည်မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အစီရင်ခံစာကို အပြန်အလှန်ဆွေးနွေးမှုမပြုလုပ်မီ အချိန်အနည်းငယ်အလိုမှထုတ်ပြန်ခဲ့ပြီး တုံ့ပြန်ရန်လုံလောက်သောအချိန်မပေးခဲ့ပါ။ အစီရင်ခံစာတွင် စွပ်စွဲထားသည့် ဖြစ်ရပ်များသည် အစိုးရကိုဆန့်ကျင်သည့်ရင်းမြစ်များ သို့မဟုတ် အကြမ်းဖက်သမားများကိုထောက်ခံသည့် သတင်းမီဒီယာများကို ကိုးကားထားကြောင်းတွေ့ရှိရသည်။ အစီရင်ခံစာတွင် အစိုးရမှပံ့ပိုးထားသည့် စိစစ်အတည်ပြုပြီးသော ယုံကြည်စိတ်ချရသည့် သတင်းအချက်အလက်များကို ရည်ရွယ်ချက်ရှိရှိချန်လှပ်ထားပြီး စိစစ်ထားခြင်းမရှိသည့် စွပ်စွဲချက်များပေါင်းထည့်ထားသည်ကို စိတ်ပျက်ဖွယ်တွေ့ရှိရသည်။

ကလေးသူငယ် ၂၂၈ ဦးနှင့် ဝန်ထမ်း ၂၇၄ ဦးအပါအဝင် အပြစ်မဲ့ပြည်သူ ၆၆၀၀ ကျော်ကို သတ်ဖြတ်မှုအတွက် တာဝန်ရှိသည့် NUG နှင့် PDF အကြမ်းဖက်အုပ်စုများက ကျူးလွန်သည့် အလွန်ဆိုးရွားသော ရာဇဝတ်မှုများကို မဟာမင်းကြီး၏ အစီရင်ခံစာတွင် သိသာစွာလျှော့ပေါ့ဖော်ပြခဲ့သည်။ ယင်းအကြမ်းဖက်အဖွဲ့အစည်းများ၏ ပြည်သူများကို ရက်စက်စွာသတ်ဖြတ်မှုများ၊ ၎င်းတို့အချင်းချင်း အပြန်အလှန်တိုက်ခိုက်မှု၊ သတ်ဖြတ်မှုသတင်းများ ကျယ်ပြန့်စွာထွက်ပေါ်လျက်ရှိသော်လည်း ဘက်လိုက်သော အစီရင်ခံစာရေးသားသူသည် ယင်းသို့သောသတင်းများကို အလေးမထားခဲ့ကြောင်းတွေ့ရှိရသည်။ NUG အကြမ်းဖက်များ၏ ပယောဂကြောင့် လက်နက်ကိုင်လမ်းစဉ်ကို လိုက်ခဲ့ကြသော လူငယ်များသည် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိရာ အစိုးရအနေဖြင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၅ ရက်ထိ ၆၆၇ ဦးကို မိသားစုများနှင့် ပြန်လည်ပေါင်းစည်းပေးခဲ့ပြီးဖြစ်သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ အစိုးရအနေဖြင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်အားဖြည့်နိုင်ရန်အတွက်လည်းကောင်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ၂၂ ကြိမ် ထုတ်ပြန်ခဲ့ပြီး အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ဦးရေ ၇၆၂၃၀ အား ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့သည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းမှ လူပေါင်း ၅၀၀၀၀၀ ကျော် နေရပ်စွန့်ခွာခဲ့ရခြင်း၏ အကြောင်းရင်းမှာ ARSA ခေါ် အက္ခာမူလ်မူဂျာဟစ်ဒင်အဖွဲ့က ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များတွင် အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ပြီး ၎င်းတို့၏လမ်းစဉ်ကို မလိုက်သော ဗုဒ္ဓဘာသာဝင်များ၊ ဟိန္ဒူဘာသာဝင်များနှင့် မွတ်စလင်ဘာသာဝင်များကို သတ်ဖြတ်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာမှုများ ဖြစ်ပေါ်ခဲ့ရခြင်းမှာ ယင်းတိုက်ခိုက်မှုများကြောင့်သာဖြစ်သည်။ မြန်မာအစိုးရအနေဖြင့် စိစစ်အတည်ပြုပြီးသော ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်စတင်နိုင်ရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ယင်းကြိုးပမ်းမှုများကို ထိခိုက်စေရန် ဦးတည်သည့် မဟာမင်းကြီး၏အားထုတ်မှုများသည် သင့်လျော်မှုမရှိပါ။ မြန်မာနိုင်ငံ၏သမိုင်းနှင့် ဥပဒေအပါအဝင် အထောက်အထားမှတ်တမ်းများတွင် မည်သည့်အခါကမျှ ပါဝင်ခဲ့ခြင်းမရှိသည့် "ရိုဟင်ဂျာ" ဟူသော အသုံးအနှုန်းကို အသိအမှတ်မပြုသည့်ရပ်တည်ချက်ကို ထပ်လောင်းဖော်ပြအပ်သည်။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်တိုးတက်မှုများသည် နိုင်ငံတကာတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအပေါ် မည်သည့်သက်ရောက်မှုမျှမရှိသည့်တိုင် မဟာမင်းကြီးသည် ၎င်း၏အစီရင်ခံစာတွင်မြန်မာကိစ္စအား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICC) သို့ လွှဲပို့ရေးအပါအဝင် ဆီလျော်မှုမရှိသည့် သုံးသပ်အကြံပြုချက်များကို ထည့်သွင်းရေးသားခဲ့သည်။ သို့ဖြစ်၍ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးနှင့် နိုင်ငံအချို့၏ ယင်းကဲ့သို့လျော်ကန်မှုမရှိသည့် ရည်ညွှန်းပြောဆိုချက်များကို ခြွင်းချက်မရှိပယ်ချလိုက်သည်။

အပြန်အလှန်ဆွေးနွေးမှုများအတွင်း မြန်မာနိုင်ငံအပေါ် နားလည်ပေးပြီး အပြုသဘောရပ်တည်မှုပေးခဲ့သည့် နိုင်ငံများနှင့် မိတ်ဆွေနိုင်ငံများကို ကျေးဇူးတင်ရှိကြောင်းဖော်ပြအပ်သည်။ ဂျီနီဗာမြို့ရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးသည် သက်ဆိုင်ရာအပြန်အလှန် ဆွေးနွေးမှုအသီးသီးအပေါ် တုံ့ပြန်မှုပြုလုပ်ခဲ့ပြီးဖြစ်ရာ အသေးစိတ်ကိုအဖွဲ့ရုံး၏ အင်တာနက်စာမျက်နှာတွင် ကြည့်ရှုနိုင်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၄ ရက်**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင် ဆေးရုံများအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုအားပေး

**မန္တလေး အောက်တိုဘာ ၁၄**



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်တို့သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အလုပ်သမားဆေးရုံ၊ ချမ်းမြသာစည်မြို့နယ်ရှိ ခုတင်-၃၀၀ ဆံ့ သင်ကြားရေးဆေးရုံနှင့် သွားဘက်ဆိုင်ရာ တက္ကသိုလ်သို့ သွားရောက်ပြီး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ထိုသို့ရောက်ရှိစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆေးရုံနှင့် တက္ကသိုလ် ဥပမိရပ်ကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးတို့အတွက် ချုံနွယ်၊ ပေါင်းမြက်များ၊ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းနေမှု၊ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် အမှိုက်သရိုက် မြောင်းစာများ ဆယ်ယူရှင်းလင်းနေမှုများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဒေသခံပြည်သူများက စက်ယန္တရားတို့ဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မန္တလေးတိုင်း ဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သန့်ရှင်းသာယာလှပရေးတို့အတွက် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများကို စုပေါင်းဆောင်ရွက် ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်။

# တော်သလင်းလ စာအလင်္ကာ

**မောင်လူမွေး(မြန်မာမှု)**

ရှေးမြန်မာစာဆိုများသည် သဘာဝပတ်ဝန်းကျင်ကိုအလေးထား၍ ထိုကာလရာသီဥတုနှင့် နက္ခတ်တာရာစန်းယှဉ်များကို ရေးဖွဲ့ကြသည့်အနက် တော်သလင်းလ၏ ရာသီသဘာဝသည်လည်း တစ်မူထူးခြားလှပေသည်။

ဆယ့်နှစ်လရာသီ ပွဲတော်များအနက် လှေပြိုင်ပွဲကျင်းပသောလဖြစ်ရာ လှေနှင့်ဆက်စပ်သော စာအလင်္ကာများ ပေါ်ပေါက်လာပေသည်။ လှေတော်တက်ချင်း ၃၇ ချင်းသည် အထူးထင်ရှားလှပါ၏။ ဘုရားရှိခိုး၊ ရွှေလောင်းချီ၊ ရွှေလောင်းထွက်၊ဖောင်တော်ယှဉ်၊ တက်ကောက်၊ စင်ရော်သုတ်၊ ကိန္နရာတောင်ခတ်စသည်ဖြင့် တက်ရေး ၃၇ ချင်း တွေ့ရပေသည်။ ရခိုင်တိုင်းရင်းသားတို့၏ဗျည်း ၃၃ လုံးလှေတော်ချင်းသည် သမိုင်းစဉ်အရ အလွန်ရှေးကျသော လှေတော်ချင်းဖြစ်သည်။ လှေချင်း၊ လှေတော်သံနှင့် ဆက်စပ်၍ ရေးစပ်သော စာပေများကို လက်လှမ်းမီသလောက် လေ့လာကြည့်ရာ ၁၅ ပုဒ်ကိုတွေ့ရပါသည်။

သာယာဝတီဦးဝိုင်း၏ ဇနကလှေတော်သံ၊ စလေဦးပုည၏ မဟာဇနကပင်လယ်လွှင့်လှေတော်သံ၊ ဖိုးသူတော်ဦးမင်း၏ ယမုံနာလှေတော်သံ၊ ဝက်မစွတ်ဝန်ထောက်၏ တောင်လုံးလှေလှော်တက်ချင်း၊ လှူဦးမင်း၏ တိန်ညင်းလှေချင်းစသည်ဖြင့် ဇာတ်လမ်းအကြောင်းအရာအလိုက် လှေယာဉ်နှင့် ဆက်စပ်၍ရေးဖွဲ့ကြရာ မမြကလေး၏လှေတော်သံ၊ လှိုင်ထိပ်ခေါင်တင်၏ ကုန္တဝံသဇာတ်ထွက် လှေတော်သံတို့မှာ သီချင်းကြီးသီချင်းခံ့ဆန်၍ အခြားလှေတော်သံများမှာ -

**"...လူတစ်ချက်ကိုနတ်ဆယ်ကြိမ်၊ တက်ဝရမ်နှိမ်မြူးလိမ့်လျှမ်းလျှမ်း၊ နန်းစဉ်သုံးတဲ့လက်ရွေးကျွန်၊ တက်ရေး လူလွန်ကူးချည့်ဘက်ကမ်း..."** (တောင်လုံးတော်တက်ချင်း -၄) ကဲ့သို့သော အားမာန်ဝင့်ချီတက်ရေးညီကြပြီး သီဆိုရသည့် လှေတော်သံများဖြစ်ပေသည်။

တော်သလင်းတစ်လလုံး၏ ဂြိုဟ်နက္ခတ်တာရာ ရာသီစက်စန်းယှဉ် ရာသီပန်း စသည်တို့နှင့်ဖွဲ့ဆိုကြသည့်စာဆိုပုဂ္ဂိုလ်တို့၏စာထဲတွင် မဟာအတုလမင်းကြီး၏တော်သလင်းလဘွဲ့လွမ်းချင်းမှာ ဤသို့ဖြစ်သည်။

**"ရေယဉ်စန်းငယ်နှင့်၊ သောင်ကမ်းငယ်ပြည့်လျှံ၊ မြစ်လုံးငယ်ညံ့သည်၊ လော်တက်သံမြိုင်မြိုင်နှင့်၊ လှေပြိုင်ကျင်းပတဲ့လကိုလေး။ ကန်ရာသီငယ်၊ ခါမီသင့်စွာ၊ မေ့အာကာမှာ၊ပြုဗ္ဗာပုရပိုက်၊ ကြက်ညီနောင်တောင် တစ်ဝိုက်က၊ ရေလိုက်ကယ်သဘင်၊ စမွယ်ရှင်သောခါ၊ မြိုင်ခွင်လုံးကန္တာမှာ၊ ရွှေရင်းမာပန်းတော်မင်းက၊ သင်းလှတယ်လေး။။"**

လွမ်းချင်းစာအမျိုးအစားမှာ တောတောင်ရေမြေသဘာဝရာသီဥတုနှင့်ဆက်စပ်၍ အပိုဒ်နှစ်ပိုဒ်ဖြင့်ရေးစပ်ထားသောတေးမျိုးဖြစ်သည်။ နှစ်ပိုဒ်လုံးတွင်**"လေ.."**ဟူသော အဆုံးချမြဲဖြစ်ပါ၏။ ဤလွမ်းချင်းတွင် မြစ်ရေပြည့်လျှံသည့် သဘာဝပတ်ဝန်းကျင်ကောင်းကင်တွင် ပြုဗ္ဗာပုရပိုဒ်နက္ခတ်ပုံကြက်ညီနောင်၊ ကန်ရာသီရင်းမာပန်းများ ပွင့်လန်းသည့်အနေများကို ဖွဲ့ဆိုပြီးလွမ်းမောဖွယ်ရာ ရေးဖွဲ့ထားခြင်းဖြစ်လေသည်။

ဖော်ပြပါ ခွန်းထောက်သဖြန်မှာ ဖိုးသူတော်ဦးမင်းရေးဖွဲ့ခဲ့သော တော်သလင်းလ စာအလင်္ကာဖြစ်ပေသည်။

**"ကန်ရာသီချိန်တွင်းမို့၊ ရွှေရင်းတဲ့မာလာငုံ။ မြိုင်ပေမာသာနန်းက၊ သုတ်ဖျန်းလေယူဖြန့်တယ်ကွယ်၊သင်းပျံ့ပျံ့ထုံ။ တိမ်စွန်ဘုံငယ်လေ၊ ရောင်စုံကလျှံကြွ၊ လမင်းသော်တာနှင့်၊ အဇ္ဇဒါဆိုရွှေကျီးငယ်သို့ အိုကွယ်နီးသည့်ကာလ။။**

**တော်သလင်းဖော်ချင်းငယ်နှင့် ယမုံနာ၊ မြစ်လုံးဆူညံလို့၊ လော်တက်သံလှေပြိုင်ပွဲငယ်ကွယ်နွဲ့ပျော်ကြရှာ။ယုန်ရထားအိမ် ဒီတစ်လမှာတဲ့၊ ပုဏ္ဏဒိန်ကြည်ကြည်ပပါလို့၊ မည်ဘဒြကြယ်ပြုဗ္ဗာမှာ၊ယှဉ်လာလို့ ပြည့်ဝန်း။ ဒွါဒရာရွှေဗျိုင်းတာရာက၊ ငွေရှင်းမာငုံပွင့် ကင်းကြပါတယ်ကွယ် သင်းတဲ့မြိုင်စွန်း။။"**

သဖြန်ခွန်းထောက်ဆိုသည်မှာ အသံကိုဖြန့်၍ ဆိုရသောဒွေးချိုး၊ လေးဆစ်ချိုး စာအမျိုးအစားအုပ်စုဝင်ပင်ဖြစ်ပေသည်။ ပတ်ပျိုးဆုံးသည့်အခါ ဆက်ဆိုလေ့ရှိသည်။ ဇာတ်ကရာတွင် စကားညှပ်အခန်းကူးအခန်းဆက်တွင် ဆိုကြရသည်။ တောခရီးလမ်းတွင် စခန်းတစ်ထောက်ရပ်နားရာ၌ သီဆို၍ခွန်းထောက်သဖြန်ဟုခေါ်စမှတ်ပြုကြပေသည်။

ဤခွန်းထောက်သဖြန်တွင် ကန်ရာသီသဘောလမင်းနှင့်ဘဒြပုရပိုက် - ကျီးတာရာ၊ လပြည့်ပုဏ္ဏမီ၊ ဗျိုင်းတာရာ၊ ရင်းမာပန်းနှင့် ရာသီပွဲတော်လှေပြိုင်ပွဲများကို ခြယ်မှုန်းထားလေသည်။

ဆယ့်နှစ်လရာသီ စာအလင်္ကာများကို ရှေးအဆက်ဆက်ကပင် ရေးဖွဲ့လာခဲ့ကြရာ ကုန်းဘောင်ခေတ်နှောင်းတွင် ပေါ်ပေါက်လာသော ရှစ်ဆယ်ပေါ်တေးထပ်ဟုစာအမျိုးအစားတစ်ခုပေါ်ပေါက်လာသည်။တေးထပ်ဆိုသည်မှာ အထပ်အကွန့်ကာရန်များနှင့်စပ်၍ ရေးရသော စာအလင်္ကာမျိုးဖြစ်သည်။ ပထမအခံလေးပုဒ်၊ အအုပ်နှစ်ပုဒ်၊ ဒုတိယအခံလေးပုဒ်၊ အအုပ်နှစ်ပုဒ်၊ တတိယအခံလေးပုဒ်၊ အအုပ်နှစ်ပုဒ်ဖြင့် ရေးစပ်ရ၏။

ကုန်းဘောင်ခေတ် ဦးပုညတို့ခေတ်တွင်ပင် တေးထပ်ရှိနေပြီ၊ ပေါ်နေပေပြီ။ ၁၂၈၀ ပြည့်နှစ်နောက်ပိုင်းတွင် ထိုတေးထပ်ရေးနည်းရေးဟန်တွင် ထပ်ကွန့်၍ အကွန့်အညွန့်များပေါ် ထပ်ဆင့်ရေးစပ်လာကြရာ ရှစ်ဆယ်ပေါ်တေးထပ်ဟု ထင်ရှားလာလေသည် ။ စာဆို မဟာဂီတဦးပြုံးချို (ကျိုက်လတ်ဦးပြုံးချို)၊ ဦးမောင်ကလေးတို့၏ ဆယ့်နှစ်လရာသီ ရှစ်ဆယ်ပေါ်တေးထပ်များမှာ ထင်ရှားလှပါ၏။ အောက်တွင်ဦးမောင်ကလေး၏ တော်သလင်းလဖွဲ့ ရှစ်ဆယ် ပေါ်တေးထပ်ဖြစ်ပါသည်-

**"တောင်မြစ်ကမ်းယံဂန္ဓာရမှာ၊ ကန်ရာသီပြုခေတ်သဘင်၊ မန်လာပြိုစုအသစ်လွင်အောင်၊သရစ်ပြင်ဆင်ပြန်သမို့၊ ငှက်မြိုင်ညင်းနှင့်၊ ကြိုင်သင်းထွေတယ်၊ နိုင်ရင်းမာရွှေဂုဏ်ကြီးကျယ်ရော့လို့၊ယုန်ငွေချိုင့်နှင့် ဗျိုင်းရုပ်ဝါငယ်၊ ဖထိုင့်ပြုဗ္ဗာသွေမချို့၊ တခိုင့်ဥဏ္ဏာကြေမသို့ပ၊ ဝေဟာတနို့ဘွေမှန်ကူ၊ အဏ္ဏဝါခွင်ယာဉ်ပြောင်ခင်းမှာ၊ဖောင်ပျံလှေသင်းတင့်တဲ့ခါတစ်မူ၊ ဂယက်ဖွေးမျှပွက်သေးဆူအောင်၊ တက်ရေးသံကြူပြာန်ယူဖြန့်မှ၊ ထံဒူချန့်တျောတေတျာ၊ နတ်စောင်းသီတဲ့ကာ၊ ရှစ်ခွင်ကွန့်လို့မင်ညွန့်ဖြာတယ်၊ မြင်ငုံစရာရှိဖူးဆိုစို့လေး။။"**

ဤတေးထပ်တွင် အထက်ဖော်ပြပါ လွမ်းချင်းခွန်းထောက်၊ သဖြန်၊ ရာသီဘွဲ့များကဲ့သို့ပင် သဘာဝပတ်ဝန်းကျင် (Enviroment) တောတောင်ရေမြေ၊ အာကာသအထိပါဝင်သည်ကို တွေ့ရပါမည်။

> ❖ ဆယ့်နှစ်လရာသီ စာအလင်္ကာများသည် ရသခံစားတတ်ကြသူများအဖို့ အလွန်တန်ဖိုးရှိလှပါ၏။ ထိုဆယ့်နှစ်လရာသီဘွဲ့များမှ မှီငြမ်း၍ ပြုစုခဲ့သော ခေတ်ဟောင်းသီချင်းများမှာ ယနေ့တိုင်ထင်ရှားပေါ်လွင်လျက်ပင်ရှိကြသည်ကို သတိမူရာ၏။ ❖

**ဆယ့်နှစ်လရာသီ စာအလင်္ကာများသည် ရသခံစားတတ်ကြသူများအဖို့ အလွန်တန်ဖိုးရှိလှပါ၏ ။ ထိုဆယ့်နှစ်လရာသီဘွဲ့များမှ မှီငြမ်း၍ ပြုစုခဲ့သော ခေတ်ဟောင်းသီချင်းများမှာ ယနေ့တိုင်ထင်ရှားပေါ်လွင်လျက်ပင်ရှိကြသည်ကို သတိမူရာ၏ ။**

နာမည်ကျော် ဗိုလ်အောင်ဒင် ရုပ်ရှင်ဇာတ်ကားတွင် မြမြဝင်းသီဆိုခဲ့သော ဆယ့်နှစ်လရာသီ သီချင်းပါစာသားများသည် ဤရာသီဖွဲ့များမှဖြစ်ပါသည်။ အဆိုတော် ကိုအံ့ကြီး၏ မိန်ရာသီသီချင်း၊ ကိုသန်းလှိုင်၏ ဆယ့်နှစ်လရာသီ သီချင်းအပါအဝင်တချို့သီချင်းများတွင် သတိမူပါကတွေ့သိခံစားရမည်ဖြစ်ပါသည်။ ထိုသီချင်းများဂန္ထဝင်တွင်ကျန်ရစ်ပြီး ယနေ့တိုင်အဆိုတော်များ ပြန်၍ တေးဆိုနေကြခြင်းသည် ကောင်းခြင်းတစ်စုံတစ်ရာရှိနေ၍သာဖြစ်သည်ဟု သတိမူရာ၏။ ဆယ့်နှစ်လရာသီစာ အလင်္ကာများကိုခံစား၍စိတ်အာဟာရဖြစ်နိုင်ကြပါစေဟု ဆန္ဒပြုနိဂုံးချုပ်ပါ၏။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သတင်းထုတ်ပြန်ချက် ( ၁၁/ ၂၀၂၃)

၁။ မြန်မာနိုင်ငံလွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော လက်နက်ကိုင်ပဋိပက္ခများကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းမှုကို နိုင်ငံသားများအနေဖြင့် အပြည့်အဝခံစားနိုင်ခြင်း မရှိခဲ့၍ နိုင်ငံတော်အစိုးရအဆက်ဆက် တာဝန်ရှိသူများက ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော်လည်း ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင်မူ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA)ကို နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ရှစ်ဖွဲ့တို့ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။ အဆိုပါသဘောတူစာချုပ်ကို ကုလသမဂ္ဂအပါအဝင် ပြည်တွင်းပြည်ပအဖွဲ့အစည်းကိုယ်စားလှယ်များက အသိသက်သေအဖြစ်ပါဝင်လက်မှတ်ရေးထိုးခြင်း၊ ကမ္ဘာ့နိုင်ငံများက ကြိုဆိုထောက်ခံခြင်း၊ NCA ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့ခြင်းတို့သည် မြန်မာ့သမိုင်းမှတ်တိုင်တစ်ရပ်ကို စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၅ ရက် **(ယနေ့)**တွင် NCA ရှစ်နှစ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

၂။ တိုင်းသူပြည်သားများ၏ အေးချမ်းသာယာသော ဘဝနေထိုင်မှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံတိုင်း၏ မွန်မြတ်သောတာဝန်တစ်ရပ်ဖြစ်ကြောင်း အသိအမှတ်ပြု၍ ကမ္ဘာပေါ်ရှိ လူသားများသည် ထိုမွန်မြတ်သော ငြိမ်းချမ်းရေးရပိုင်ခွင့်ရှိကြောင်းကို ၁၉၈၄ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၃၉/၁၁ ဖြင့် ငြိမ်းချမ်းရေးအတွက် ပြည်သူများ၏ အခွင့်အရေးများဆိုင်ရာ ကြေညာစာတမ်း (Declaration on the Right of Peoples to Peace) တွင် လေးနက်စွာ ကြေညာထားပါသည်။ ထို့ပြင် အာဆီယံလူ့အခွင့်အရေး ကြေညာစာတမ်း၏ အပိုဒ် ၃၈ တွင်လည်း အာဆီယံနိုင်ငံများရှိ ပြည်သူအားလုံးနှင့် လူတိုင်းတွင် ငြိမ်းချမ်းရေးကို ရရှိခံစားခွင့်ရှိကြောင်း ဖော်ပြထားပါသည်။

၃။ လူ့အခွင့်အရေးကာကွယ်ရေးနှင့် မြှင့်တင်ရေးသည် ငြိမ်းချမ်းရေးကို ထူထောင်ခြင်းနှင့် ထိန်းသိမ်းခြင်းအား အထောက်အကူဖြစ်စေပြီး ငြိမ်းချမ်းရေးသည် လူ့အခွင့်အရေး အပြည့်အဝခံစားခွင့်အတွက် မရှိမဖြစ်လိုအပ်ပါသည်။ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီးစစ်မှန်သည့် ငြိမ်းချမ်းရေး ရရှိမှသာလျှင်နိုင်ငံသားအားလုံး၏အကျိုးကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး တန်းတူညီမျှမှု၊ တရားမျှတမှုအခွင့်အရေးများ ခံစားနိုင်ရေးတို့အတွက် NCA လုပ်ငန်းစဉ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခြင်းသည် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကမျှော်မှန်းထားသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာရန်ကိုလည်း အထောက်အပံ့ဖြစ်စေမည်ဟု မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က မျှော်လင့်ပါကြောင်းနှင့် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ရှစ်နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တပ်တောင်မြို့နယ်၊ မုံရွာမြို့နယ်၊ ကလေးမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဒေသခံပြည်သူများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ရခိုင်ပြည်နယ် တပ်တောင်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူစုစုပေါင်း ၄၅၃ ဦးတို့ကိုလည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကောရဗျကျေးရွာ၊ ကလေးမြို့နယ် အင်ဒိုင်းလေးကျေးရွာနှင့် အင်ဒိုင်းကြီးကျေးရွာတို့မှ ဒေသခံပြည်သူစုစုပေါင်း ၅၂၅ ဦးတို့ကိုလည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်မှန်ရပ်ကွက်မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူစုစုပေါင်းဦးရေ ၁၂၀ တို့ကိုလည်းကောင်း သတ်မှတ်နေရာအသီးသီး၌ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ အရေပြားရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်း၊ သွေးဖောက်၍ ဆီးချိုသွေးချိုစစ်ဆေးခြင်း၊ သွေးအုပ်စုများ စစ်ဆေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီးလိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဆေးရုံ၊ ဆေးခန်းများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၄**

မိမိတို့၏ နေ့စဉ်လူမှုဘဝနေထိုင်ဖြတ်သန်းရာတွင် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်နေမှသာ ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး မျက်စိပသာဒဖြစ်ဖွယ်ရာ သန့်ရှင်းသာယာလှပသော မြို့ရွာ Clean City၊ Clean Village များဖြစ်လာမည်ဖြစ်ကာ ကျန်းမာရေးနှင့် ညီညွတ်မှုတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာ သန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မပြတ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့ရွာများရှိ ဆေးရုံ၊ ဆေးခန်းများ၌ ခြင်၊ ယင်၊ ပေါက်ဖွားမှု မရှိစေရေးနှင့် ဆေးရုံတက်ရောက်ကုသနေသော လူနာများကို လေကောင်းလေသန့်ရရှိစေရန် ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းများကို အားတက်သရော ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၌လည်းကောင်း၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ကိုးမြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၉ မြို့နယ်တို့၌လည်းကောင်း၊ ချင်းပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်နှင့် ပြည်မြို့နယ်တို့၌လည်းကောင်း ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံ၊ ဆေးခန်းများရှိ ခြင် ခိုအောင်းနိုင်သော ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ဆေးရုံးဝင်း အတွင်း၊ အပြင် သန့်ရှင်းရေးဆောင်ရွက်ပေးခြင်းနှင့် ခြင်၊ ယင် ပိုးမွှားများ ပေါက်ဖွားမှုမရှိစေရန် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံ၌ ရပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ပုသိမ်မြို့ ပြည်သူ့ဆေးရုံ၌ ရပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။



ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်သူ့ဆေးရုံ၌ ဌာနဆိုင်ရာဝန်ထမ်းများက ရပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဝါတွင်းကာလ သံဃာ့ဒါနဆွမ်းလောင်းလှူပွဲပြုလုပ်



သံဃာတော်များအား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်တို့ ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ လောင်းလှူကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၄**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဝါတွင်းကာလ သံဃာ့ဒါနဆွမ်းလောင်းလှူပွဲကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးနန်းမြို့ အရှေ့ဘက်နန်းမြို့ရိုးနှင့် ကျုံးရေပြင်ကြားရှိ ရတနာပုံဉယျာဉ်၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(ရွှေကျင်) မဟာသဒ္ဓာရုံပရိယတ္တိစာသင်တိုက် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇနိန္ဒ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့်တိုင်းဒေသကြီး ဝန်ကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

အဆိုပါ ဆွမ်းလောင်းလှူပွဲသို့ မဟာသဒ္ဓာရုံပရိယတ္တိစာသင်တိုက် ဆရာတော် အမှူးပြုသော သံဃာတော်အပါး ၃၀၀ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများကို သတ်မှတ်နေရာအသီးသီးမှ လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

# ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း ရေကူးပြိုင်ပွဲ ပိုလ်လုပွဲနှင့် ဆုပေးပွဲ ပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၁၄**

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း ရေကူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို အောက်တိုဘာ ၁၃ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ်ရေကူးကန်၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့်အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသည့်အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ရေကူးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ငါးသင်းဖြင့် အောက်တိုဘာ ၁၁ ရက်မှ ၁၃ ရက်ထိ ပြုလုပ်ခဲ့ကြခြင်းဖြစ်ကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဒိုင်းဆုရရှိသည့်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

# သံတွဲမြို့ ဂျိတ္တောရပ်ကွက်ရှိ ပုလဲရတနာပရိယတ္တိစာသင်တိုက်၌ ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်တော်ဆက်ကပ်လှူဒါန်းပွဲ ပြုလုပ်



ဆရာတော်ထံ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၄**

ရခိုင်ပြည်နယ် သံတွဲမြို့ ဂျိတ္တောရပ်ကွက်ရှိ ပုလဲရတနာပရိယတ္တိစာသင်တိုက်၌ ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် ပြုလုပ်ရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပုလဲရတနာပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ရခိုင်ပြည်နယ် သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ မဟာမင်္ဂလဓမ္မဇောတိက ဓဇ ဘဒ္ဒန္တကုဏ္ဍာစာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များအား ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်နှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပုလဲရတနာပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော်ထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များက ပုလဲရတနာပရိယတ္တိစာသင်တိုက် (ဘုန်းတော်ကြီးကျောင်းသင်ပညာရေးကျောင်း)၌ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို နေ့လယ်စာ ထမင်း၊ ဟင်းများဖြင့် ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

## အောက်တိုဘာ ၁၄ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦးတွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၁၄**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၃ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၂၅၇၇ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦးတွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၂ ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့်သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ပြည်တွင်းရောက်ရှိ



**နေပြည်တော် အောက်တိုဘာ ၁၄**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Aung Kan Bo Motorcycle Industrial Co., Ltd. က တင်သွင်းလာသော Kenbo အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များသည် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

☆ ကျောဖုံးမှအဆက်

အထူးကုသမှုစင်တာ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုကို တပ်မတော်မှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့နှင့် အိန္ဒိယနိုင်ငံမှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လူနာအလုပ်သင်ဗိုလ် ဇော်မင်းလတ်(ငြိမ်း)နှင့်တူဖြစ်သူ အသည်းအလှူရှင် ကိုငြိမ်းချမ်းအောင်တို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုဆောင်ရွက်ရာတွင် အသည်းအလှူရှင်လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၇ နာရီ မိနစ်၅၀ တွင်စတင်ခဲ့ပြီး ထုတ်ယူရရှိသော အသည်းကို ညနေ ၃ နာရီခွဲခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်းခွဲစိတ်ချိန် ၁၁ နာရီခန့်ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်လူနာနှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သောပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်ဆေးရုံကြီးများမှ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး အောက်တိုဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# တောင်သူများကိုယ်တိုင်ပါဝင်ဆွေးနွေးသည့် တောင်သူနည်းပညာဆွေးနွေးပွဲ (Farmers' Technical Forum) (၁၁)ကြိမ်မြောက် ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၄**

တောင်သူလယ်သမားများ၏ အကျိုးစီးပွားဖြစ်ထွန်းစေရန် ရာသီဥတုဒဏ် ရောဂါပိုးမွှားဒဏ်ခံနိုင်ပြီး အသက်လျင်သော စပါးမျိုးများ၊ သီးနှံအရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်ပြီး အပင်ယိုင်လဲခြင်းမရှိသော စပါးမျိုးများထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးနှင့် လက်တွေ့အကျိုးဖြစ်ထွန်းစေမည့် နည်းပညာလိုအပ်ချက်များထိရောက်စွာဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းအားထုတ်မြှင့်တင်ဆောင်ရွက်ရန် ယနေ့နံနက်ပိုင်းက ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာန၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲ(Farmers' Technical Forum)တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ပြောကြားခဲ့သည်။

(၁၁)ကြိမ်မြောက်ကျင်းပသည့် တောင်သူနည်းပညာဆွေးနွေးပွဲ(Farmers' Technical Forum)တွင် စပါး-ငါးစိုက်ပျိုးမွေးမြူရေး(Integrated Paddy-Cum-Fish culture)နှင့်ပတ်သက်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ပညာရှင်တစ်ဦးက ဦးဆောင်ဆွေးနွေးရာ တက်ရောက်လာကြသည့်တောင်သူများက သိရှိလိုသည်များ မေးမြန်းခြင်း၊ လက်တွေ့အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းခွင်အတွေ့အကြုံများနှင့်ပတ်သက်၍ ဆွေးနွေးခြင်းတို့ကိုဆောင်ရွက်ကြသည်။

ဆွေးနွေးပွဲကို စပါးခင်းအတွင်း ငါးပုစွန်များထည့်သွင်း၍ ရောနှောမွေးမြူခြင်းဖြင့် ရရှိလာနိုင်မည့် သဘာဝမြေသြဇာများကို အသုံးပြုခြင်းကြောင့် တောင်သူအတွက် ဝင်ငွေနှစ်ခု တစ်ပြိုင်တည်းရရှိစေသဖြင့် အကျိုးအမြတ်ပိုမိုရရှိစေရန်အဓိကရည်ရွယ်ခြင်းဖြစ်ကြောင်းနှင့် ဆွေးနွေးပွဲသို့ စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများ၊ လယ်ဝေးမြို့နယ်မှ ဒေသခံတောင်သူလယ်သမားများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာနိုင်ငံ့ဝန်ထမ်းများက အွန်လိုင်းဖြင့်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် နန်းဦးကျေးရွာရှိ စာသင်ကျောင်းမှ PDF အမည်ခံအကြမ်းဖက်သမားများ သိုဝှက်သိမ်းဆည်းထားသည့် လက်နက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၄**

နယ်မြေတည်ငြိမ်အေးချမ်းမှုကိုပျက်ပြားစေသော လုပ်ရပ်များနှင့် အကြမ်းဖက်လုပ်ဆောင်မှုများကို လက်ခံနိုင်ခြင်းမရှိသည့် ဒေသခံပြည်သူအချို့၏ လျှို့ဝှက်ဆက်သွယ်သတင်းပေးပို့မှုအရ NUG၊ CRPH တို့၏ ဆက်သွယ်ညွှန်ကြားမှုဖြင့် မကွေးတိုင်းဒေသကြီးအတွင်း အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေသည့် PDF အမည်ခံအကြမ်းဖက်သမားများသည် ရေစကြိုမြို့နယ် နန်းဦးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌ ခိုအောင်းနေထိုင်ပြီး လက်နက်၊ ခဲယမ်းများ သိုဝှက်သိမ်းဆည်းထားကြောင်းသိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ နန်းဦးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းအတွင်းမှ PDF အမည်ခံအကြမ်းဖက်သမား သိုဝှက်သိမ်းဆည်းထားသည့် လက်လုပ်သေနတ်အရှည် ၂၁ လက်၊လက်လုပ်သေနတ် အတိုတစ်လက်၊ လက်လုပ်အာပီဂျီ သုံးလက်၊ လက်လုပ်စိန်ပြောင်း ၁၇ လက်နှင့်ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

PDF အမည်ခံအကြမ်းဖက်သမားများသည် စစ်ရေးနှင့် မသက်ဆိုင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားရေးအတွက် အသုံးပြုနေသည့် စာသင်ကျောင်းများကိုအသုံးချကာခိုအောင်းနေထိုင်ခြင်း၊ လက်နက်၊ ခဲယမ်းများ သိုဝှက်သိမ်းဆည်းခြင်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် ကျောင်းနေအရွယ်ကလေးငယ်များ၏ ပညာသင်ယူခွင့်ကိုထိခိုက်နစ်နာစေရုံသာမက ဒေသဖွံ့ဖြိုးရေးကို တစ်ဖက်တစ်လမ်းမှအထောက်အကူပြုသည့် ပညာရည်မြင့်မားမှုကိုပိတ်ပင်ဖျက်ဆီးမှုဖြစ်သဖြင့် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime) ကျူးလွန်ခြင်းဖြစ်ကြောင်းနှင့် အဆိုပါသိမ်းဆည်းရမိ လက်နက်များနှင့် ဆက်စပ်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



**မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် နန်းဦးကျေးရွာရှိ စာသင်ကျောင်းမှ PDF အမည်ခံ အကြမ်းဖက်သမားများ သိုဝှက်သိမ်းဆည်းထားသည့်လက်နက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိသည့် မှတ်တမ်းဓာတ်ပုံ။**

# တရားမဝင်စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စက်မှုကုန်ကြမ်းပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၄**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၃ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် ဘားအံမြို့ ကမော့ကစင်ကျေးရွာအနီး၌မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Borouge ကော်စေ့ ကီလိုဂရမ် ၁၀၂၅၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၆၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ ကိုလည်းကောင်း၊ သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ လိုင်စင်မဲ့ Suzuki V-50 (Used)မော်တော်ဆိုင်ကယ် တစ်စီးအပါအဝင် ကုန်ပစ္စည်း သုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၁၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။












ထို့အတူ အောက်တိုဘာ ၁၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မော်လမြိုင်မြို့မှမန္တလေးမြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Gaysorn ဟင်းသီးဟင်းရွက်ဆီ လီတာ ၄၀၀ အပါအဝင်ကုန်ပစ္စည်း လေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၃၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၁၃၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အောက်တိုဘာ ၁၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က တာမွေမြို့နယ်အတွင်းရှိ ဘေထုပ်ရောင်းဝယ်ရေးဆိုင်များကို စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မအေးဘေထုပ်ရောင်းဝယ်ရေးဆိုင်မှ စက်မှုကုန်ကြမ်းဘေထုပ် ၂၀၃ ထုပ် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၆၀၀၀၀၀ ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၁၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်-မန္တလေး ကားလမ်းမိုင်တိုင်အမှတ် ၂၄ မိုင် ၃ ဖာလုံ၌ မူဆယ်မြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသောမော်တော်ယာဉ်တစ်စီးပေါ်မှသွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် TV Stand အခု ၈၀၊ စက်မှုကုန်ကြမ်း(ဘေထုပ်) ကီလိုဂရမ် ၉၀၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၆၂၇၉၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၀၀၀၀၀၀ ကိုလည်းကောင်း၊ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက် အမှတ်-၄၈၂ ရှိ ဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Leo Beer ၅၃၅၂ဘူး၊ Dutch Mill ဒိန်ချဉ် ၂၇၆၅ လီတာ၊ Yum Yum ခေါက်ဆွဲခြောက် ကီလိုဂရမ် ၃၄၂၀ အပါအဝင် ကုန်ပစ္စည်း ကိုးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၉၂၀၄၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၅၄၈၃၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၁၃ ရက်တွင် ဖမ်းဆီးရမိမှု အမှုတွဲ ၁၂ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၃၃၇၈၃၀၀ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**



# မြူခိုးဝှက်တဲ့တိမ်

လင်းလူန်ဇော်

(၁)

ညနေစောင်းဆိုသော်လည်း နှင်းစောစောကျနေသည်။ လိုက်ကာဖြူ ပါးပါးလေးကို လမ်းပေါ်တွင် အလျားလိုက်လေးချထားသကဲ့သို့ပင် အဖြူရောင်ပျပျလေးက လမ်းပေါ်တွင်လင်းနေသည်။ မကြာခင် ရတနာတို့ ရောက်လာကြတော့မည်ဟု သူ တွေးနေမိသည်။

အထည်စက်ရုံတစ်ခုတွင် ကိုဇော်သည် ညဘက်လုံခြုံရေးတာဝန်ကျ ဂျူတီဝင်ရန် စောစောကတည်းက ရောက်နေခြင်းဖြစ်သည်။ ရတနာကတော့ အထည်စစ်ဌာနကမို့ အများကဲ့သို့ပင် ၇ နာရီထိုးခါနီးမှ ရောက်မည်ထင်။

သိပ်မကြာခင်မှာပင် စက်ရုံဝန်ထမ်းတချို့ တဖွဲဖွဲနှင့် ရောက်လာကြသည်။

(၂)

"ကိုဇော် ဒါအစ်မ သူငယ်ချင်းလေ။ ရတနာတဲ့"

"ဟုတ်ကဲ့ ကျွန်တော် လုံခြုံရေးဂိတ်မှာပါ။ ရတနာက ဘယ်ဌာနကလဲ မသိဘူး"

"ရတနာက အထည်စစ်ဌာနကပါ။ ကိုဇော့်ကိုသိပါတယ်။ ဂိတ်မှာ တအားစစ်တယ်လို့ နာမည်ကြီးတယ်"

"ဗျာ. . . ဟာဗျာ. . . တအားစစ်တာ မဟုတ်ပါဘူး။ အလုပ်သဘောအရ သူတို့ပေးထားတဲ့ တာဝန်ကို ကျေရုံသက်သက်ပါဗျာ"

ရတနာက ပါးချိုင့်လေးပေါ်အောင်ပြုံးရင်း-

"စတာပါ ရှင်။ ဂိတ်မှာသဘောကောင်းတဲ့ အစ်ကိုတစ်ယောက်ရှိတယ်လို့ ကောင်မကလေးတွေက ပြောနေသံ ကြားနေရတာကြာပါပြီ"

ရတနာ အပြောကြောင့် သူ ပြုံးလိုက်မိသေးသည်။

"ဟဲ့ ငါ့မောင်က စာမေးပွဲဖြေဖို့ အလုပ်လုပ်ရင်း ကြိုးစားနေတာလေ။ လူပျိုကြီးပေါ့"

"ဟာဗျာ အစ်မကလဲ"

အစ်မစကားကြောင့် ရှက်သွားသည့် မောင်ဇော့်ကို ကြည့်ရင်း ရတနာနှင့်အစ်မတို့ ရယ်မောကြလေသည်။

သည်လိုနှင့်ပဲ ဝမ်းကွဲအစ်မတစ်ယောက်၏ မိတ်ဆက်ပေးမှုကြောင့် သူ ရတနာ့ကို သိရှိခင်မင်ခွင့်ရခဲ့သည်။ ချောမောလှပသော ရတနာသည် သွက်လက်ချက်ချာကာ ပွင့်လင်းရိုးသားသူတစ်ယောက်ဆိုသည်ကို သူ နောက်ပိုင်း ပိုမိုသိရှိခဲ့ရလေသည်။

(၃)

ခင်မင်မှုရက်တို့က ရှည်ကြာလာသည်နှင့်အမျှ မောင်ဇော် ရတနာ့အပေါ် ခင်တွယ်လာခဲ့မိသည်ကို သူ့ဘာသာသိရှိနေခဲ့မိသည်။ အချိန်တန်လို့မှ စက်ရုံထဲကို ရတနာ မလာသေးလျှင် မျှော်နေတတ်လေပြီ။ အတူတွဲလုပ်နေသော ဒေါ်ဘေဘီပင် သူ့အရိပ်အခြည်ကို သိရှိနေခဲ့လေသည် မဟုတ်ပါလော။

"ငါ့သားလေးလဲ သူ့ဘာသာနေတာ အကောင်း။ သူငယ်ချင်းလေးရခါမှပဲ တမှိုင်မှိုင် တတွေတွေနဲ့ပါလား သားရယ်"

"အမေဘေရယ်။ ကျွန်တော်က ခံစားချက်တွေကို ဦးစားပေးလို့မရပါဘူး"

ဟန်ဆောင်စကားဆိုရင်း ဖတ်နေသောစာအုပ်ကိုပြလျက် "တိုက်ပွဲတွေအတွက် ပြင်ဆင်နေရတဲ့ သူပါဗျာ"ဟု ပြောပြတော့ အမေဘေက မဲ့ပြုံး ပြုံးပြသည်။

နှလုံးသားက ခံစားချက်တို့ကို သူ့ဘာသာဖြေလျက် နာကျင်ချက်တို့ကို တိုးတိတ်စွာ သူ မရိပ်မိစေချင်ပါ။ ကိုယ်က ဘဝသမား၊ အနာဂတ်က မရေရာမို့ ဝေဒနာတို့ကို မကြေညာရဲ။

"ဟိတ် ဇော်။ ဘာတွေလုပ်"

အသံနှင့်အတူ ရတနာက လုံခြုံရေးဂိတ်ထဲဝင်လာသည်မို့ သူ ဝမ်းသာအားရ ထခုန်မိသလိုဖြစ်သွားမိသည်။

"ရတနာ နင် နောက်ကျလိုက်တာဟာ။ ငါက မလာတော့ဘူးထင်နေတာ"

"ငါ မလာတော့ဘူးထင်ပြီး နင် ပျော်နေတာ မဟုတ်လား"

သိသိနှင့် ခနဲ့စကားကြောင့် ရင်ထဲမကောင်းဖြစ်၏။

"ရတနာရယ် ငါ နင့်ကို တကယ်စိတ်ပူပြီး မျှော်နေမိတာဟ"

အသံတို့က ယောကျ်ားတန်မဲ့ စည်းချက် မမှန်ချင်။ အခြေအနေကိုသိနေသော ဒေါ်ဘေဘီက-

"သမီးရယ် တော်သေးတယ် သမီးလာလို့။ သမီးသာ အလုပ်မဆင်းဖြစ်ရင် ဒီည ထမင်းစားဖို့ အဖော်ရှိမှာ မဟုတ်တော့ဘူး"

"ဟယ်. . . အဲလောက်တောင်လား ကိုဇော်ရယ်။ ငါနောက်တစ်ခါ စောစောရောက်အောင် လာခဲ့မယ် သိလား။ အခုတောင် နိုင်ငံခြားကဖုန်းကို စောင့်နေရလို့ပါ"

ပြောရင်း လှမ်းကြည့်လိုက်သည့် သူ့အကြည့်များ ကျွန်တော့်ရင်ကို လှုပ်ခတ်သွားစေသည်မှာ အမှန်ရယ်ပါ။

ပြောရင်း သူ့အလုပ်နေရာကို လှမ်းသွားသည့် ရတနာကိုကြည့်ရင်း "အဲဒီထက်ပိုပါတယ် ရတနာရယ်"ဟု တိတ်ဆိတ်စွာ ကျွန်တော်ပြောလိုက်မိသည်။

(၄)

မှတ်မှတ်ရရ အဲသည်နေ့က စက်ရုံတွင် ညဘက်ဆင်းသည့် အလုပ်သမလေးတစ်ယောက် မူးလဲလို့ဆိုပြီး စက်ရုံက ယောကျ်ားလေးထဲက တစ်ယောက်လိုက်ပို့ရန် တာဝန်ချတော့ မောင်ဇော်ပဲ တာဝန်ကျလေသည်။ ကျန်သည့်သူများက အချိန်မတော်ကြီး ရပ်ကွက်ထဲကို မသွားချင်ကြ။ နောက်ဆုံး သူပဲ တာဝန်ကျလာသည်။ ဆောင်းတွင်းမို့ ချမ်းစိမ့်နေသော လမ်းပေါ်တွင် ကောင်မကလေးနှစ်ယောက်နှင့်သူ။ တုန်ယင်နေသော အမည်မသိ ထိုကောင်မကလေးကို သူ့အနွေးထည် ချွတ်ပေးလိုက်သည်။ သူစက်ရုံရောက်တော့ လူအနည်းငယ်ပဲ ကျန်တော့သည်။ ရတနာက သူ့ကိုစောင့်နေတာ တွေ့လိုက်ရသည်။

နှင်းမှုန်များကြားတွင် နေကထွက်ခွင့်မသာ၊ မှိုင်းပျပျ အလင်းရောင်က စက်ရုံတစ်ဝိုက် ဖြာကျနေသည်။

"နင့် ဂျင်းအကျႌ ဘယ်မှာလဲ"

"ငါ မူးလဲတဲ့ကောင်မကလေးကို ခဏပေးလိုက်တယ်။ သူ့ခမျာ အေးနေတော့ နေမကောင်းထပ်ဖြစ်မှာစိုးလို့"

သူ့စကားကြောင့် ရတနာက နှုတ်ခမ်းလေးစူလျက်-

"နင်က ငါ့ကျတော့ မစိုးရိမ်ဘူးပေါ့"

ဖြူစင်လှပနေသော ရတနာကို မောင်ဇော် အနီးကပ်ကြည့်ရင်း အသည်းယားလာသည်။ ရတနာ့လက်ကလေးကို ဆုပ်ကိုင်ပြီး-

"နင့်ကို ငါ အစိုးရိမ်ဆုံးပါပဲ။ ပြီးတော့ ငါ နင့်ကို တအားချစ်တယ်ဟာ"

မောင်ဇော်ပြောရင်း ရတနာ့ကိုယ်လေးကို ရင်ခွင်ထဲ ပွေ့ဖက်ထားလိုက်မိတော့သည်။ အဲသည်နေ့က ရတနာက သူ့ကို စကားတစ်ခွန်းပြောခဲ့သည်။

"ဇော်ရယ် နင့်ကို ငါချစ်ပါတယ်။ ဒါပေမဲ့ ငါ့ဘဝကို ငါမပိုင်ဘူး"

"ငါ့ကိုချစ်ရင် ကျေနပ်ပါတယ်ဟာ။ ကျန်တာတွေ လျှောက်တွေးမနေပါနဲ့နော်"

သူလည်း ရှန်းကန်လှုပ်ရှားနေရသော ဘဝအမောများနှင့်မို့ ယခုချိန်တွင် ကျန်တာမတွေးချင်တော့။

နူးညံ့သော ရတနာ့လက်ကလေးကို ဆုပ်ကိုင်လိုက်မိသည်။ အားအင်တို့ ပြည့်ဖြိုးလာသလို ခံစားရ၏။

(၅)

မောင်လွန်းသည့် မောင်ဇော့် ဘဝလမ်းတွင် ရတနာသည် အလင်းရောင်တစ်ခုဖြစ်ခဲ့သည်။ မွန်းကျပ်ခဲ့ရသော နေ့ရက်များအတွက် ရတနာသည် လေပြည်ညင်းတစ်ခု ဖြစ်ခဲ့ရလေသည်။

ပျောက်ဆုံးနေသောအနာဂတ်ကို သူ လှမ်းမျှော်ကြည့်ခွင့်ရခဲ့သည်။ အစစအရာရာ မပြည့်စုံသော မောင်ဇော့်ကို နားလည်မှုများနှင့်ဖေးမပေးတတ်သော ရတနာသည် သူ့ဘဝ၏ ယုံကြည်လေးစားရသော လူသားအဖြစ် သတ်မှတ်မိခဲ့သည်။ သူ ကြိုးစားရှင်သန်ရန် ခွန်အားများရခဲ့သကဲ့သို့ ပျော်ရွှင်မှုဆိုသည်မှာလည်း ရတနာ ဖန်တီးပေးသော လက်ဆောင်ဟု သူ ခံယူထားသည်။ အတူတကွ အပူမျှလျက် လက်တွဲမဖြုတ်တမ်း အနာဂတ်၏လမ်းကို လျှောက်လှမ်းရတော့မည်ဟု သူ တွေးထင်ထားခဲ့မိလေသည်။

(၆)

"ရတနာ နင် မျက်နှာမကောင်းပါလား။ ဘာဖြစ်လို့လဲ"

ရတနာ့မျက်နှာကို အရိပ်တကြည့်ကြည့်ကြည့်နေတတ်သူမို့ ရတနာ၏အခြေအနေကို မောင်ဇော် အကဲခတ်တတ်သည်လေ။

"သူ ပြန်ရောက်တော့မယ်တဲ့"

"ဘယ်သူလဲဟ"

"ငါ နင့်ကို မလိမ်ချင်ပါဘူး ဇော်ရယ်။ သူဆိုတာ အိမ်က သဘောတူထားတဲ့ သဘော်သားတစ်ယောက်ပါ။ မိဘသဘောတူထားတာရှိလျက်နဲ့ နင့်ကို ငါလိမ်ပြီး ချစ်ခဲ့တာမဟုတ်ပါဘူး။ ဖြူစင်တဲ့ နင့်ရဲ့ စိတ်ထားလေးရယ်၊ သူများကိုကူညီတတ်တဲ့စိတ်ထားလေးကို သဘောကျလို့ရယ်၊ ပြီးတော့ ဘဝကိုအရှုံးမပေးဘဲ ရင်ဆိုင်နေတဲ့ နင့်ကို သနားတာရယ်ကြောင့်ပါ။ ငါ့နှလုံးသားကို ငါမညာချင်ဘူး။ အချိန်တန်လို့ အိမ်ထောင်ပြုရမယ်ဆိုရင်တောင် နှလုံးသားက တကယ်ချစ်ခဲ့ဖူးတယ်ဆိုတဲ့ စိတ်နဲ့ ငါပျော်ဖူးချင်တယ်"

ရတနာ့စကားနားထောင်ရင်း မောင်ဇော် သက်ပြင်းချလိုက်မိသည်။ မဆီမဆိုင် ကောင်းကင်ကို မော့ကြည့်မိတော့ နှင်းများကြားတွင် နေလုံးက မသဲမကွဲ မြင်ရသည်။

(၇)

ဂိတ်တံခါးကိုပိတ်လိုက်သော်လည်း သူ့မျက်လုံးများက လမ်းမပေါ် ငေးကြည့်နေမိသည်။ ရတနာ အလုပ်မဆင်းသည်မှာ လေး၊ ငါးရက်မကတော့။ ဘာများဖြစ်နေလဲ။ ကျန်းမာရေးမကောင်းတာလား။ သူ ဘာမျှသိခွင့်မရ။ ပူပန်စိတ်၊ လွမ်းသည့်စိတ်တို့က သူ့ကို နှမ်းလျစေလေသည်။

"မောင်လေးကို အစ်မ မပြောချင်ပေမဲ့ ပြောရတော့မယ်။ ငါ့မောင် ဆင်ခြင်လို့ရအောင်ပေါ့။ ရတနာ့မှာ သူ့အိမ်က သဘောတူထားတဲ့ သင်္ဘောသား တစ်ယောက်ရှိတယ်။ ရတနာက မချစ်ပေမဲ့ အဲဒီလူက သူ့ကို တအားချစ်တယ်တဲ့"

တွေးထင်သိမြင်ထားသော်လည်း နှလုံးသားတို့သည် ဆုံးရှုံးရတော့မည်ဟူသော အသိများကြောင့် ပူဆွေးနွမ်းလျလာသည်။

"ဩော်. . . ဒါကြောင့် ရတနာကသူ့လူအကြောင်းကို ပြောပြထားခဲ့တာကိုး"

"ဟုတ်တယ် မောင်လေး။ သူက မင်းကိုတော့ သံယောဇဉ်ရှိပါတယ်။ ဟိုက မိဘတွေသဘောတူထားတာလေ။ သူ့စိတ်မပါဘူး။ ဒါပေမဲ့ မိန်းမသားတစ်ယောက်အတွက် ပြည့်စုံတဲ့ဘဝကို အချစ်တစ်ခုတည်းနဲ့ တည်ဆောက်လို့ မရဘူးလေ။ သူ့ကိုခွင့်လွှတ်နားလည်ပေးလိုက်ပါ မောင်လေးရယ်"

"ကျွန်တော် နားလည်ပါတယ် အစ်မရယ်။ ဘဝအတွက် အခြေမခိုင်သေးတဲ့ ကျွန်တော့်လိုလူက သူ့ကို ကျွန်တော့်ဘဝထဲ ဆွဲမခေါ်ရက်ပါဘူး။ ဒါကြောင့်လဲ သူနဲ့တွဲနေတဲ့ကာလတစ်လျှောက် အခွင့်အရေးမယူဘဲ ထိန်းသိမ်းစောင့်ရှောက်ခဲ့ပါတယ် အစ်မရယ်"

အစ်မက သူ့လက်ထဲ ထည့်ပေးထားခဲ့သော မင်္ဂလာဆောင်ဖိတ်စာလေးကို ကြည့်ရင်း မျက်ရည်တချို့ ဖိတ်စာပေါ် လွင့်စဉ်သည်။

မပြည့်သေးသည့် ဘဝကိုပဲ အပြစ်တင်ရမလား၊ ကံမကောင်းတဲ့နှလုံးသားကိုပဲ အပြစ်တင်ရမလား။ ဘာပဲဖြစ်ဖြစ်လေ သူ့လို လူတစ်ယောက်အနေဖြင့် ချစ်ရသူတစ်ယောက်၏လက်ထဲ ပျော်ရွှင်လင်းလက်ခဲ့ဖူးသည်ကို ဖြေသိမ့်ကျေနပ်နိုင်ရန်သာ တွေးရင်း ချစ်ရသည့် ရတနာတစ်ယောက် သူ့ကိုချစ်သည့် အခြားတစ်ယောက်၏လက်ထဲမှာ ပျော်ရွှင်လင်းလက်ပါစေဟု ဆုတောင်းရုံမှတစ်ပါး. . . ။

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၅၇၉၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ထီးချိုင့် အောက်တိုဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၅၇၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၀၂၇၁ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၅၇၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သောကြောင့် လျာထားချက်ထက် ၁၅၅၂၄ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ထီးချိုင့်မြို့နယ်မှာ မိုးစပါးဧက ၄၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားတယ်။ လက်ရှိဧက ၅၅၀၀၀ ကျော်စိုက်ပျိုးနိုင်တယ်။ လျာထားဧကထက် ဧက ၁၅၀၀၀ ကျော် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့တယ်။ အထွက်နှုန်းကောင်းဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ဆောင်ရွက်နေပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၄၀၂၇၁ ဧက စိုက်ပျိုးရန် လျာထားခဲ့ရာ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကလျှင် အထွက်နှုန်းအနေဖြင့် ၉၂ ဒသမ ၆၅ တင်းထွက်ရှိကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲတတ်စေရန်၊ မိုးသီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ရေကြည်မြို့နယ် သရက်ပင်လှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေကြည် အောက်တိုဘာ ၁၄**

ရေဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သရက်ပင်လှကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့တွင် အဆိုပါကျေးရွာစာကြည့်တိုက်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျုံပျော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သန်း ၃၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သရက်ပင်လှကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၈၀ ကို ငွေကျပ် ၂၂ ဒသမ ၅၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၂ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၂ ဒသမ ၅၅ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူဦးရေ ၅၀ ကို ငွေကျပ် ၂ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၆ ဦးကို ငွေကျပ် သန်း ၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**



# မိုးညိုမြို့နယ် ရွာသစ်ကျေးရွာ၌ မြေသားလမ်းဖောက်လုပ်နေမှု စစ်ဆေး

**မိုးညို အောက်တိုဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရွာသစ်ကျေးရွာ၌ မြေသားလမ်းဖောက်လုပ်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဦးဟိန်းဇော်၊ သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်၊ မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်နှင့် ဝန်ထမ်းများက ရွာသစ်ကျေးရွာ မြေသားလမ်း ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ မြေသားလမ်းဖောက်လုပ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဦးဟိန်းဇော်က လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ရွာသစ်ကျေးရွာ၌ လမ်းအရှည်ပေ ၉၅၇၀၊ အကျယ် ၁၄ ပေ၊ အမြင့် နှစ်ပေရှိ မြေသားလမ်း ခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၇၅ ဒသမ ၄၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် စစ်မင်းရောကုမ္ပဏီက ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပါက ရွာသစ်ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ကုန်ကျစရိတ်သက်သာစွာ ဈေးကွက်သို့ အချိန်မီ တင်ပို့ရောင်းချနိုင်တော့မည်ဖြစ်ကြောင်း မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်ထံမှ သိရသည်။

**သန္တာ**

## လူ့ဝန်းကျင် လှပဖို့

\- မေတ္တာမှု မပျက်ယွင်း
ချစ်ခြင်းဖြင့် ပေါင်းစည်းကာ၊
ရိုင်းပင်းကူ ထာဝရ
ချမ်းမြကြည်သာ၊
ကြင်နာ၍ ကိုယ်ချင်းစာ
ကရုဏာ နှလုံးသား၊
အမှားအမှန် ဆင်ခြင်ကြည့်၍
သတိအစဉ်ထား။

\- အမုန်းပယ်ကာ အပြုံးပွား
ရှောင်ရှားကြ မကောင်းအင်၊
မြင့်မြတ်ရာ တရားစစ်ဖြင့်
အပြစ်မမြင်၊
အခက်ခဲများ ရင်ဆိုင်ယှဉ်
ဘဝတွင် အောင်မြင်ရေး၊
ဇွဲ လုံ့လ ဝီရိယ
ရှိကြပါလေး။

\- မှန်းဆကာ ရည်မြော်တွေး
နည်းလမ်းရွေး မှန်ကန်စေ၊
တရွေ့ရွေ့လျှင် လှမ်းကာလျှောက်
ရောက်ရမသွေ၊
ကျရှုံး၍ လဲပြိုချေ
လောကဓံတွေ ဘယ်သို့ကြမ်း၊
ရည်ရွယ်ရာ ပန်းတိုင်သို့
လှမ်းစို့ရွှင်လန်း။

\- လူဝန်းကျင် အဆင့်တန်း
အမြင့်နန်းသို့ တင့်တယ်အောင်၊
စွမ်းနိုင်ရာ တစ်ဖက်တစ်လမ်းက
ဂုဏ်ပန်းကိုဆောင်၊
စိတ်ထားလှ အသိမခေါင်
ပညာအရောင် သာလို့ကဲ၊
ကျင့်သိက္ခာ ဗဟုသုတ
ရှိကြစေမြဲ။ ။

**ကိုရွှေတောသား(ဆင်ကူး)**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



# မြန်မာဂီတ

**ကိုဇော်ဌေး(ယဉ်ကျေးမှု)**

> ❖ မြန်မာဂီတသည် စာပေ၊ အလင်္ကာ၊ ပြဇာတ်တို့နည်းတူ တစ်မျိုးနှင့်တစ်မျိုး ရောထွေးယှက်တင်ဆက်နွှယ်လျက်ရှိသည်။ ပါဠိ၊ သက္ကတ စသောဘာသာတို့တွင် ကဗျာနှင့် ဂီတမှာ ခြားနားခြင်းမရှိလှချေ။ ကဗျာကိုပင် တူရိယာနှင့်တွဲဖက်သီဆိုခြင်းဖြင့် ဂီတအဖြစ်သို့ ပြောင်းလဲနိုင်သကဲ့သို့ ဂီတကိုတူရိယာလွတ်မတြာကိုလျှော့၍ ဆိုခြင်းအားဖြင့် ကဗျာအဖြစ်သို့ ပြောင်းလဲနိုင်ကြောင်း လေ့လာသိရှိရသည်။ ကာရန်နှင့်ဖွဲ့ဆို ဖတ်ရှုသောစာပေကို ကဗျာဟုလည်းကောင်း၊ စည်း၊ ဝါးဖြင့် သီကျူးရသောစာပေကို ဂီတဟုလည်းကောင်း ခေါ်ဆိုနိုင်လေသည်။ ❖

**ဂီတ**

ဂီတဆိုသည်မှာ အချိန်နရီပေါ်တွင်အသံဖြင့်ရေးသားသော လူမှုခံစားချက်မှတ်တမ်းဖြစ်သည်ဟု မာရီယွန်ဘောအာ အမည်ရှိ အမေရိကန် ဂီတဆရာကြီးတစ်ဦးကဆိုပါသည်။ တိုတိုရှင်းရှင်းဖြင့် လိုရင်းရောက်သော်လည်း ဆရာစန္ဒရားလှထွတ်က "ဂီတဆိုသည်မှာ လူတို့၏ ခံစားချက်အရပ်ရပ်တို့ကို လူတို့၏ အသံ၊ လူတို့ပြုလုပ်ဖန်တီးသော ပစ္စည်းကိရိယာများမှ ထွက်ပေါ်လာသောအသံတို့ဖြင့် အနိမ့်အမြင့်၊ အတက်အကျ၊ အတိုးအကျယ်၊ အဆွဲအငင် စသောအနုပညာနည်းစနစ်များအရသီကုံးစပ်ဆိုထားသည့် နရီအချိန်ညီညွတ်မှန်ကန်စွာ ရွေ့လျားနေသောအသံအဖွဲ့အစည်းကို ခေါ်ခြင်းဖြစ်သည်"ဟု ထပ်မံရှင်းပြသည်။

ဂီတဆိုသည်မှာ အသံရှည်ဖြင့်ရွတ်ဆိုခြင်း၊ သီဆိုခြင်း၊ သီဆိုတီးမှုတ်ခြင်း၊ သီချင်းစသည်တို့ပင်ဖြစ်သည်။ ဂီတသည်လူတို့၏ သာမှု၊ နာမှုနှင့်ကိုးကွယ်ပသမှု စသည်တို့တွင် မပါမဖြစ် ပါဝင်လေ့ရှိသည့်အရာတစ်ခုဖြစ်သည်။ ဂီတသည်လူသားတို့ကို နှစ်သက်ဖွယ်သောခံစားမှုရသကို ပေးစွမ်းနိုင်ပြီး လူတို့၏စိတ်အာရုံကို လှုံ့ဆော်နှိုးဆွရာတွင်လည်း အင်အားကြီးမားစွာ အထောက်အကူပြုနိုင်ကြောင်း တွေ့ရသည်။ ကမ္ဘာပေါ်ရှိလူသားတိုင်းသည် မိမိတို့မှီတင်းနေထိုင်ရာဌာနအသီးသီး၏ ရေမြေတောတောင်သဘာဝများအပေါ် အခြေတည်၍ မိမိနှစ်သက်ရာဂီတများကို ဖန်တီးခဲ့ကြပြီး ပတ်ဝန်းကျင်ကိုသာယာစေရန်၊ ငြိမ်းချမ်းစေရန်၊ လှပစေရန်ဆောင်ကြဉ်းခဲ့ကြသည်။ ထို့ကြောင့် ဂီတသည် လူသားအားလုံးကို အကျိုးပြုနေသော သိမ်မွေ့နက်နဲသည့် အနုပညာဖန်တီးမှုဖြစ်သည်ဟုဆိုနိုင်သည်။

ဂီတဟူသောဝေါဟာရသည် ပါဠိသက်ဝေါဟာရတစ်ခုဖြစ်ပြီး သီချင်းဟုလည်းကောင်း၊ သံစဉ်အမျိုးမျိုးဖြင့် ပြေပြစ်ချောမွေ့အောင်ဖွဲ့ထားသော အဖွဲ့အနွဲ့၊ တေး၊ တေးချင်း၊ တေးသီချင်းဟူ၍လည်းကောင်း ဖွင့်ဆိုကြသည်။ သီဆိုခြင်းဆိုသည်မှာ စာသားဖြင့်ဖွဲ့သီခြယ်မှုန်းထားသော ဂီတသံစဉ်တေးသွားအတွဲအဖက်များကို နှုတ်ဖျားမှ ဌာန်ကရိုဏ်းကျကျဖြင့် မြည်တမ်းရွတ်ဆိုခြင်းပင်ဖြစ်သည်။ မြန်မာအဘိဓာန်အတွဲ-၁ တွင်မူ ဂီတ၏အနက်အဓိပ္ပာယ်ကို သီဆိုခြင်း၊ သီချင်းဟူ၍ပြသည့်အပြင် သီဆိုတီးမှုတ်ခြင်းဟူ၍လည်း ပြထားလေသည်။ ဝေါဟာရတ္တပကာသနီကျမ်း၌ "၃ မတြာစင်ဖြစ်ခဲ့က ဗျူဟာပေါက်၏"ဟူသော မြတ်ဆရာတို့က အမိန့်စကားရှိကြောင်း ဖွင့်ဆိုထားရာ မတြာဆိုသည်မှာ လျှပ်တစ်ပြက်လက်ဖျစ်တစ်တီးအချိန်ကလေးကိုဆိုလိုပြီး "ဗျူဟာပေါက်၏"ဆိုသည်မှာ ဂီတသံကိုရောက်၏ဟု ဆိုလိုရင်းဖြစ်သည်။ ထို့ကြောင့် ၃ မတြာ သို့မဟုတ် ၎င်းထက်ကြာသောဆွဲငင်သော အသံသည် ဂီတသံဖြစ်၏ဟု အဓိပ္ပာယ်ထွက်လေသည်။ ဂီတ၏ ဒြပ်ပစ္စည်းမှာ အသံပင်ဖြစ်သည်။ အက္ခရာမပါဘဲ စာပေမဖြစ်နိုင်သကဲ့သို့ အသံမပါဘဲ ဂီတမဖြစ်ချေ။ အသံတစ်ခုတည်းနှင့်လည်း ဂီတမဆိုနိုင်ချေ။ နရီ (စည်းဝါး) ခေါ် အချိန်ပါရှိရန်လည်း လိုအပ်ပြန်သည်။ အသံနှင့် နရီတွဲဖက်ပေါင်းစပ်က လှသည်။ နရီဆိုသည်မှာအချိန်ပင်ဖြစ်သည်။

**မြန်မာဂီတ**

မြန်မာဟူသည်ကား ပျူသားပျူမြေးတည်း။ ပျူလည်း မြန်မာ၊ မြန်မာလည်းပျူဟူသော ချီးပစကားအရ မြန်မာဂီတ၏ မြစ်ဖျားခံရာ ကနဦးအစဟု ယူသော်ရနိုင်ကောင်းသည့်အရာတို့က ပျူခေတ်ဝယ် တွေ့ရှိရသည်။ နောင်တွင် ဖြစ်တည်လာမည့် မြန်မာတို့၏ ပန်တျာအနုသုခုမဟုဆိုအပ်သော မြန်မာဂီတ၏ မြစ်ဖျားခံရာပင်ဖြစ်တော့သည်။

သရေခေတ္တရာသည် ခရစ်နှစ်သုံးရာစုနှင့် ငါးရာစုအတွင်း စည်ပင်ဖွံ့ဖြိုးခဲ့သည်။ ပျူဘုရင် ယုန်ချန်နှင့် ညီတော်သီရိမြို့စားသုနန္ဒမင်းသားတို့၏ တရုတ်ပြည်သွားခရီးစဉ်၌ တူရိယာပစ္စည်းအားဖြင့် ၂၂ ခု ပါရှိခဲ့သည်။ အမျိုးအစားအားဖြင့် ရှစ်မျိုးရှိသည်။ သတ္တု၊ ခရုသင်း၊ သားရေ၊ ကြိုးတပ်၊ ဝါး၊ ဘူး၊ ဆင်စွယ်၊ ဦးချိုဟူ၍ဖြစ်သည်။ ပျူဂီတကို ချင်တူမြို့ဝန်ဝေကောင်းက မှတ်သားစာရင်းယူလေသည်။ ပျူတို့တီးမှုတ်သော သီချင်း ၁၂ ပုဒ်သည် ဗုဒ္ဓဝါဒနှင့်ဆိုင်သည်ဟုဆိုကြသည်။ သက္ကတဗုဒ္ဓဝါဒီ၊ ပါဠိဗုဒ္ဓဝါဒီပျူတို့သည် အိန္ဒိယဂန္ဓဝင်ဂီတစနစ်နှယ်တိကျလှကြောင်း ပျူဂီတ၏သံစဉ်တို့က သက်သေခံနေပေသည်။

ပျူတေးဂီတအဖွဲ့သည် သက္ကရာဇ် ၈၀၁ ခုနှစ် နိုဝင်ဘာလတွင် ချင်တူမြို့သို့ရောက်သောအခါ၌လည်းကောင်း၊ သက္ကရာဇ် ၈၀၂ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်နေ့၌ ထန်မင်းဆက်နန်းတော်သို့ရောက်သည့်အခါ၌လည်းကောင်း ကပြခဲ့သည့်အစီအစဉ်သည် တူညီလိမ့်မည်ထင်ရသည်။ အကြောင်းမှာ ပျူသံအဖွဲ့နှင့်အတူပါလာသည့် ဂီတအကအဖွဲ့သည် ထန်မင်းနေပြည်တော် ချန်အန်သို့သွားရာ လမ်းခရီး၌ လေ့ကျင့်နေကြသည်ကို တရုတ်တော်ဝင်ဂီတသိပ္ပံဌာနမှ ပုဂ္ဂိုလ်တစ်ဦးက တွေ့မြင်သွားသဖြင့် ပျူဂီတတီးကွက်တို့ကို သင်္ကေတနှင့်မှတ်ယူကာ နေပြည်တော်သို့ အမြန်ပြန်သွားပြီး တရုတ်နန်းတွင်း ဂီတပညာရှင်များကို လေ့ကျင့်သင်ပေးသဖြင့် ပျူအဖွဲ့မရောက်မီ ပျူဂီတကိုတီးမှုတ်နိုင်ခဲ့သည်ဟု ဆိုပါသည်။

ပျူသရေခေတ္တရာလွန်၍ ပုဂံခေတ်ရောက်သောအခါ သက္ကရာဇ်၅၅၂ ခုနှစ် ထိုးတောင်ကူနီကျောက်စာတွင် 'စည်ကြီးပန်တျာ' 'ပသာသည်' 'ခွက်ခွင်းသည်' 'ကုလားပန်တျာ' 'မြန်မာပန်တျာ' 'စည်သည်' စသော မြန်မာဂီတဆိုင်ရာအခေါ်အဝေါ်များကို တွေ့ရှိလာရသည်။ တစ်ဖန်သက္ကရာဇ် ၅၅၉ ခုနှစ် ထိုးဖုန်သည် ဇေယျသိန်ကျောက်စာတွင် 'စည်ကြီး' 'နောင်နင်း' 'ခွက်ခွင်း' 'ပသာပ(န်)တျာစည်' စသော တူရိယာများကို ရင်းနှီးလာရသည်။

ပန်တျာဟူသောဝေါဟာရမှာ ဆရာကြီးဦးဖိုးလတ်၏ မြန်မာစကားအဖွင့်ကျမ်းအလိုအရ 'ပန်'ဆိုသည်မှာ ဖန်ဆင်းပြုလုပ်ခြင်းအတတ်၊ 'တျာ'ဆိုသည်မှာ တီးမှုတ်ခြင်း၊ ထို့ကြောင့် ပန်တျာဆိုသည်မှာတီးမှုတ်ခြင်းအတတ်ဟု ဖွင့်ဆိုထားသည်။ ဆရာဦးသော်ဇင်က မူ ပန်ဆိုသည်မှာ ပန်စ (ဝါ) ပဥ္စငါးခုဖြစ်၍ တျာဆိုသည်မှာ တူရိယာ၊ ထို့ကြောင့် တူရိယာငါးပါးဟု အနက်ဖွင့်သည်။

အင်းဝခေတ်တွင် အငြိမ့်တူရိယာ ခြောက်မျိုး၊ တံပိုး ရှစ်မျိုး၊ ကြေး ၁၀ မျိုး၊ စည် ၁၃ မျိုး စုစုပေါင်း ၃၇ မျိုးရှိကြောင်းသိရ၍ ပုဂံခေတ်ကတူရိယာများထက် အင်းဝခေတ်တွင် ပိုမိုလာကြောင်း တိုးတက်စည်ပင်ဖွံ့ဖြိုးသည်သဘောဟု ကောက်ယူရနိုင်သည်။ ပုဂံကောင်းစားစဉ်က စည်ဖြော၊ ကြေးနင်း၊ ခွက်ခွင်း စသောတူရိယာများမှာ ထိုခေတ်၏ခေတ်သုံးတူရိယာများဖြစ်ခဲ့သည်။ တူရိယာများကို အစဉ်အဆက်သုံးစွဲခဲ့ကြရာ ပင်းယနှင့်အင်းဝခေတ်ဟောင်းအချိန်တွင် ထိုတူရိယာများနှင့်အတူ မိကျောင်း၊ ချည်ချောင်း၊ စောင်း၊ တယော စသော ကြိုးတပ်တူရိယာများ တိုးတက်လာခဲ့သည်။

ဒုတိယအင်းဝခေတ်ဟုခေါ်သော ညောင်ရမ်းခေတ်တွင် တူရိယာအမျိုးမျိုးနှင့် ဂီတသံအမျိုးမျိုးတို့ တိုးတက်ဖွံ့ဖြိုးလာသဖြင့် တူရိယာဂီတသမိုင်းသည် ညောင်ရမ်းခေတ်တွင် အတော်ပင်စုံလင်ပြည့်ဝလာခဲ့သည်။ ထို့ကြောင့် တိုးတက်လာသော မြန်မာတူရိယာဂီတသမိုင်း၏ ပေါ်ဦးအစ၊ အချိန်ကာလကိုပြောကြလျှင် ညောင်ရမ်းခေတ် နောက်ဆုံးဘုရင်ဟံသာဝတီရောက်မင်းလက်ထက်ကဟု ပညာရှင်များက ဆုံးဖြတ်ကြလေသည်။ ယနေ့သုံး မြန်မာတူရိယာအများစုသည် ဆိုခဲ့ပြီးသောကာလကအတိုင်းဖြစ်ပြီး ဂီတသံပင်လျှင် ရိုးရာမပျက်ဆက်လက်တီးမှုတ်နေကြခြင်းဟု ပြောကြလေသည်။ ကုန်းဘောင်ခေတ်ကား ဆိုဖွယ်ရာမရှိ ပကတိပြီးပြည့်စုံသည့်မြန်မာဂီတခေတ်ပင်ဆိုရတော့မည်ဖြစ်ခဲ့သည်။

မြန်မာဂီတ၏ တူရိယာသံသည် စိတ်ဓာတ်ကို အမြန်ဆုံးပြောင်းလဲသွားစေနိုင်သောသတ္တိထူးရှိသဖြင့် မြန်မာတူရိယာများတီးမှုတ်ရာတွင် ထိုတူရိယာသံ၏ အနက်အဓိပ္ပာယ်သဘောကို မြန်မာတို့နား၌ ပိုင်နိုင်စွာ ခွဲခြားသိနေကြသည်။ တူးပို့တူးပို့ဟူသော ဗိုးသံကြားလျှင် သကြိန်သီချင်း၊ လေးခင်းသံကြားလျှင် လူနှစ်ဦးယှဉ်ပြိုင်နေကြပြီဆိုသည့် အသိ၊ ခုနစ်သံချီဖြင့် အလွမ်းကိုတီးလျှင် လွမ်းကြဆွေးကြ၊ ငိုချင်းချသောဆိုင်းတီးလျှင် ငိုချင်းဟုသိကြပြီး ထိုအသံနောက်လိုက်ပါကာ စိတ်ကလည်း ပြောင်းလဲခံစားတတ်ကြသည်ချည်းဖြစ်သည်။ ၎င်းကို အတ္တာလင်္ကာရဂုဏ်နှင့်ပြည့်စုံသည်ဟု ပြောကြသည်။ အတ္တာလင်္ကာရမှာ သာယာသောဂီတသံ၏ အနက်အဓိပ္ပာယ်သည် မနောဓာတ်အာရုံကိုထိခိုက်ခြင်းဖြင့် ဂီတသံကြောင့်ပျော်ရွှင်ခြင်း၊ လွမ်းခြင်း၊ ဆွေးခြင်း၊ စိတ်အားတက်ကြွခြင်း၊ သတိသံဝေဂရခြင်း၊ ငြိမ်းချမ်းသာယာခြင်းစသည်တို့ကိုဖြစ်ပေါ်စေသည်။

ရှေးကမြန်မာပညာရှိကြီးများသည် မြန်မာဂီတသံကို လူတို့ပြောဆိုသောဘာသာရပ်တစ်ခုအနေဖြင့် ယူဆပြီးလျှင် လူမှုရေးကိစ္စအဝဝတို့၌ သက်ဆိုင်ရာဂီတကို အသုံးပြုခဲ့ကြသည့် အစဉ်အလာတစ်ခုရှိခဲ့သည်။ မြန်မာဂီတသုတေသီတို့သည်လည်း မြန်မာဂီတကို ဖွံ့ဖြိုးတိုးတက်စေရန် အဆင့်ဆင့်လေ့လာသုံးသပ်ခြင်း၊ ရိုးရာဂီတသံများကို ခေတ်အားလျော်စွာတိုးချဲ့ပြုပြင်ခြင်း၊ ဂီတသမိုင်းအစဉ်ကို ရှာဖွေသိုမှီးခြင်း စသော ပန်တျာလုပ်ငန်းများကို စနစ်တကျစီမံလုပ်ကိုင်ခဲ့ကြကြောင်း တွေ့ရှိရသည်။

မြန်မာဂီတသည် စာပေ၊ အလင်္ကာ၊ ပြဇာတ်တို့နည်းတူ တစ်မျိုးနှင့်တစ်မျိုး ရောထွေးယှက်တင်ဆက်နွှယ်လျက်ရှိသည်။ ပါဠိ၊ သက္ကတ စသောဘာသာတို့တွင် ကဗျာနှင့်ဂီတမှာ ခြားနားခြင်းမရှိလှချေ။ ကဗျာကိုပင် တူရိယာနှင့် တွဲဖက်သီဆိုခြင်းဖြင့်ဂီတအဖြစ်သို့ပြောင်းလဲနိုင်သကဲ့သို့ ဂီတကိုတူရိယာလွတ်မတြာကိုလျှော့၍ဆိုခြင်းအားဖြင့် ကဗျာအဖြစ်သို့ ပြောင်းလဲနိုင်ကြောင်း လေ့လာသိရှိရသည်။ ကာရန်နှင့်ဖွဲ့ဆိုဖတ်ရှုသောစာပေကို ကဗျာဟုလည်းကောင်း၊ စည်း၊ ဝါးဖြင့် သီကျူးရသောစာပေကို ဂီတဟုလည်းကောင်း ခေါ်ဆိုနိုင်လေသည်။ ထို့ကြောင့် မြန်မာဂီတသည်လည်း ကဗျာတေးသီချင်း၊ အကတို့နှင့်တွဲဖက်လျက် အနုပညာမည်သော ပန်းဥယျာဉ်အတွင်းဝယ် တင့်တယ်ဝင့်ထည်လျက်တွဲဖက်ရှိနေပေသည်။ ဂီတပညာရှင်တို့သည် ဂီတကိုတိုးတက်ဖွံ့ဖြိုးစေရန်ဆောင်ရွက်ကြရာဝယ် ရှေးမူမပျက်စေရန် ထိန်းသိမ်းကြသည်။ ရှိပြီးဖြစ်သည့် နရီဘောင်အတွင်းဝယ် အအုပ်အခံညီမညီ၊ ဒေါသသင့်၊ မသင့်တို့ကိုလည်း စိစစ်ကြသည်။ မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းခြင်းနှင့် မိမိတို့၏ရိုးရာယဉ်ကျေးမှု၏ ခရီးပေါက်မြောက်လမ်းလျှောက်နိုင်မှုသည် ထိန်းသိမ်းခြင်းနှင့် မျှဝေလက်ဆင့်ကမ်းခြင်းတို့ကို အကဲခတ်ခြင်းအားဖြင့် မှတ်ကျောက်တင်ရန်သာ ဖြစ်ပါတော့သည်ဟု ရေးသားလိုက်ပါသည်။

**ကိုးကား**


၁။ မြန်မာ့ဂီတရေစီးကြောင်း(စန္ဒရားလှထွတ်)
၂။ စာပေဝတ်ဆံ(ဒဂုန်နတ်ရှင်)
၃။ မြန်မာ့ဓာတ်သဘင်ခေတ်ပြောင်းလဲရေး (မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ)


# လင်းခေးမြို့နယ် နားလင်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းနေမှု စစ်ဆေး

**လင်းခေး အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်တိန်းကျေးရွာအုပ်စု နားလင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေဖြင့် ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်၊ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် အတူ နားလင်းကျေးရွာ၌ ရွာတွင်းလမ်းကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လမ်းအရှည်အသွေး ပြည့်မီစေရေးနှင့် သတ်မှတ်အတိုင်းအတာ ပြည့်မီစေရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

လင်းခေးမြို့နယ် နားလင်းကျေးရွာ၌ လမ်းအရှည် ပေ ၁၀၀၀၊ အကျယ် ကိုးပေနှင့်အမြင့် လေးလက်မရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၂ ဒသမ ၂ သန်း၊ ပြည်သူလူထုထည့်ဝင်ငွေကျပ် သုံးသန်း စုစုပေါင်းငွေကျပ် ၁၅ ဒသမ ၂ သန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ဩဂုတ်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၅ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းရာနှုန်းပြည့်ပြီးစီးပါက နားလင်းကျေးရွာမှ အိမ်ခြေ ၆၅ အိမ်၊ လူ ၃၇၃ ဦးအတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုလွယ်ကူချောမွေ့စွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **မင်းမြင့်ဖိုး**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်မြို့သို့ စက်တင်ဘာလတွင် ပုစွန်မျိုးစုံ ပိဿာချိန် ၈၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**မော်လမြိုင်ကျွန်း အောက်တိုဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်မြို့သို့ စက်တင်ဘာလတွင် ပုစွန်မျိုးစုံ ပိဿာချိန် ၈၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပိုင်ရှင် ဒေါ်ညိုမြင့်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံလုပ်ငန်းများသည် ဒေသထွက် ပုစွန်မျိုးစုံကိုဝယ်ယူကာ စနစ်တကျသန့်စင်ပြီး ရန်ကုန်မြို့သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ပုစွန်မျိုးစုံ ပိဿာချိန် ၅၄၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ထိ ပုစွန်မျိုးစုံ ပိဿာချိန် ၈၃၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရကြောင်း သိရသည်။

"ဒီကနေ ရေထွက်ကုန်တွေ ရန်ကုန်မြို့ကို တင်ပို့ရောင်းချတာများပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ပုစွန်မျိုးစုံပိဿာချိန် ၈၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရတယ်။ အရင် ဩဂုတ်လကထက် ပုစွန်မျိုးစုံပိဿာချိန် ၂၉၀၀၀ ထိ ပိုမိုတင်ပို့ရောင်းချခဲ့ရတယ်။ ရန်ကုန်ဘက်ကဝယ်လက်တွေက အဝယ်ကုန်များခဲ့လို့ တင်ပို့အားလဲ ကောင်းခဲ့တာပါ။ ကုန်ချိန်များများ တင်ပို့ရောင်းချခဲ့ရတာကြောင့် ရေထွက်ပစ္စည်းတွေ တင်ပို့ရောင်းချတဲ့လုပ်ငန်းရှင်တွေနဲ့ အခြားဆက်စပ်သူတွေ အားလုံး အဆင်ပြေလာတာ တွေ့ရပါတယ်" မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပိုင်ရှင် ဒေါ်ညိုမြင့်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်များ၏ တစ်ပိဿာဈေးနှုန်းများသည် ပုစွန်ဘော့ချိတ်ငွေကျပ် ၁၅၅၀၀ မှ ၁၇၅၀၀၊ ပုစွန်ဆိတ်သေး ငွေကျပ် ၁၂၅၀၀ မှ ၁၃၅၀၀၊ ပုစွန်ဆိတ်ကြီးငွေကျပ် ၁၃၅၀၀မှ ၁၄၅၀၀၊ ပုစွန်တုပ် ငွေကျပ် ၂၈၅၀၀မှ ၃၃၀၀၀ စသည်ဖြင့် လက်ဆက်မှုအပေါ် မူတည်ပြီး ဈေးအနိမ့်၊ အမြင့်လည်းရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ရွှေကူမြို့နယ် ရုံးပင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရွှေကူ အောက်တိုဘာ ၁၄**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန်ရည်ရွယ်၍ ဘိုကုန်းကျေးရွာအုပ်စု ရုံးပင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်ခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများနှင့် ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ပြောကြားသည်။

ဆက်လက်၍ ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းအောင်ဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာများတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်း၊ အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့်အပြင် မိသားစုဝင်ငွေတိုးပွားစေရေးအတွက်လည်း အကျိုးပြုစေမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၄ ဒသမ ၈၂ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ရုံးပင်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း ၁၂၇ ဦးကို ရန်ပုံငွေကျပ် ၅၄ ဒသမ ၈၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# မော်လိုက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၂၂၀၂၂ ဧက စိုက်ပျိုးပြီးစီး

**မော်လိုက် အောက်တိုဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၂၂၀၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မော်လိုက်မြို့နယ်တွင် မိုးသီးနှံစုံ ဧက ၂၂၅၆၄ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၂၂၀၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မော်လိုက်မြို့နယ်မှာ မိုးသီးနှံစုံ ၂၂၅၆၄ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၂၂၀၂၂ ဧက စိုက်ပျိုးပြီးစီးပါပြီ။ မိုးသီးနှံစိုက်ပျိုးရာသီမှာ အချိန်မီစိုက်ပျိုးကြဖို့ ဆောင်ရွက်နေပါတယ်။ နည်းပညာတွေလဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

ယခုနှစ် မော်လိုက်မြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မိုးစပါး ၁၈၉၅၁ ဧက၊ ဆီထွက်သီးနှံ ၄၅ ဧက၊ စားဖိုဆောင်သီးနှံ ၁၇ ဧက၊ အခြားသီးနှံ ၃၀၀၉ စုစုပေါင်း ၂၂၀၂၂ ဧက တို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် မိုးစပါး ဧက ၁၉၅၀၀၊ ဆီထွက်သီးနှံ ၄၅ ဧက၊ စားဖိုဆောင်သီးနှံ ၁၇ ဧက၊ အခြားသီးနှံပေါင်း ၃၀၀၂ ဧက စုစုပေါင်း ၂၂၅၆၄ ဧက တို့ဖြစ်ကြောင်း သိရသည်။

မော်လိုက်မြို့နယ်အတွင်း ယခုနှစ် မိုးသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သဘာဝမြေဆွေးပုံပြုလုပ်သုံးစွဲနည်းလမ်းများ၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ငဖဲမြို့နယ် ရှောက်ဝကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ငဖဲ အောက်တိုဘာ ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ဇီးတောကျေးရွာအုပ်စု ရှောက်ဝကျေးရွာတွင် ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငဖဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ရှောက်ဝကျေးရွာ၌ အလျား ပေ ၄၀၊ အနံ ၃၅ ပေ၊ အမြင့် ၁၂ ပေ ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များကို လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန် မှာကြားခဲ့သည်။

အဆိုပါကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၂၁သိန်း စုစုပေါင်းငွေကျပ် ၁၇၁ သိန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီမံခန့်ခွဲမှုဖြင့် ယခုနှစ် စက်တင်ဘာ ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းထံမှ သိရသည်။

**ဝင်းမာ**

# ညောင်ရွှေမြို့နယ် အင်ကြင်းကုန်းကျေးရွာတွင် ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ညောင်ရွှေ အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ သလဲဦးကျေးရွာအုပ်စု အင်ကြင်းကုန်းကျေးရွာတွင် ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်၊ ဦးစီးအရာရှိ(နည်းပညာ) ဒေါ်မြမြမွေးနှင့် ဝန်ထမ်းများက အင်ကြင်းကုန်းကျေးရွာတွင် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း အရှည် တစ်မိုင်၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းနှင့် ရေစက်ရုံ၊ အင်ဂျင်ပန့်တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က တင်ဒါအောင်မြင်သည့် Country Inle ကုမ္ပဏီမှ တာဝန်ရှိသူကို လုပ်ငန်းများ အရည်အသွေးပြည့်မီအောင်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

အင်ကြင်းကုန်းကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပိုက်လိုင်းသွယ်တန်းခြင်း၊ အုတ်ရေကန်၊ ရေစက်ရုံနှင့် အင်ဂျင်ပန့်တပ်ဆင်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၉ ဒသမ ၀၀၈ သန်းဖြင့် Country Inle ကုမ္ပဏီက ဇူလိုင်လ ဒုတိယပတ်မှ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်ထံ မှ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## မစူးစမ်း မဆင်ခြင်သော ယုန်

မင်္ဂလာပါကလေးတို့ရေ. . .။ ဒီတစ်ပတ် ဦးဦး ပြောပြမဲ့ ပုံပြင်ကလေးကတော့ မစူးစမ်း မဆင်ခြင်သောယုန်ဆိုတဲ့ ပုံပြင်ကလေးပဲဖြစ်ပါတယ်ကွယ်။ ပုံပြင်ကလေးကတော့ ဒီလိုကွဲ့-

တစ်ခါတုန်းကပေါ့ကွယ်။ တောအုပ်ကြီးထဲမှာ ယုန်၊ သမင်နဲ့ လိပ်ဆိုပြီး သူငယ်ချင်းသုံးယောက်က အတူတကွနေထိုင်ကြသတဲ့။ သူငယ်ချင်းသုံးယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် အရမ်းချစ်ခင်ရင်းနှီးကြပြီး မိသားစုလို နေထိုင်ကြသတဲ့။ တစ်နေ့ ယုန်ရယ်၊ သမင်ရယ်၊ လိပ်ရယ် အတူတကွအစာထွက်ရှာကြသတဲ့။ အဲဒီလိုနဲ့ အစာနောက်ကို လိုက်ရင်းလိုက်ရင်းနဲ့ သုံးယောက်သား အုပ်စုကွဲသွားကြသတဲ့ကွယ်။ ရုတ်တရက်ဆိုသလို လေမုန်တိုင်းတွေတိုက်လာပြီး မိုးတွေလဲ သည်းထန်စွာ ရွာသွန်းလာသတဲ့ကွယ်။ ပတ်ဝန်းကျင်တစ်ခုလုံးလဲ မှောင်မည်းသွားပြီး အိမ်အပြန်လမ်းတောင် မနည်းရှာပြီး ပြန်လာခဲ့ကြသတဲ့ကွယ်။ အဲဒီလိုနဲ့ ညမှောင်ရီပျိုးပြီး မိုးချုပ်လာတော့ သမင်နဲ့လိပ်ကလေးဟာ နေထိုင်ရာအိမ်ကို ကိုယ်စီပြန်ရောက်လာကြပြီး ယုန်ကလေးကတော့ ပြန်ရောက်မလာဘဲ တောထဲမှာ လမ်းမှားရင်း လမ်းပျောက်နေရှာသတဲ့။


"ကိုရွှေကျား ကိုရွှေကျား။ ကျွန်ုပ်အိမ်အပြန်လမ်းပျောက်နေလို့ လမ်းလဲရှာမတွေ့သလို ကျွန်ုပ်နဲ့အတူ အစာရှာထွက်လာတဲ့ သူငယ်ချင်းတွေလဲ တစ်ယောက်မှ မတွေ့တော့ဘူး။ အဲဒါ ကိုရွှေကျားများ မြင်မိသေးလားဗျ"လို့ ယုန်ကလေးဟာ လမ်းမှာတွေ့တဲ့ ကျားကို အားကိုးတကြီးနဲ့ မေးလိုက်သတဲ့ကွယ်။

အဲဒီအခါမှာ ကျားကြီးကလဲ "စားရကံကြုံတော့ မုတ်ဆိတ်ပျားစွဲတာပဲ"လို့ စိတ်ထဲမှာ ကြုံးဝါးလိုက်သတဲ့။ အဲဒါကို ယုန်ကလေးခင်မျာ မသိရှာဘူးတဲ့ကွယ်။ အဲဒီလိုနဲ့ ကျားကြီးက ဒီလိုပြန်ပြောလိုက်သတဲ့-

"တွေ့မိတယ် တွေ့မိတယ်။ ဟိုးအနောက်မှာ ကျန်ခဲ့သလားတောင်မသိဘူး။ ကျုပ်တောင် အသက်ဘေးက မနည်းလွတ်အောင်ပြေးလာရတာလေ။ အခု ဒီမှာနားပြီး အမောဖြေနေတာပဲ"

"ဒါနဲ့ ဘာဖြစ်လို့လဲဗျ ကိုရွှေကျားရဲ့"

"ဘာဖြစ်ရမလဲဗျာ။ တောရိုင်းဆင်ကြီးက



တွေ့သမျှ သတ္တဝါတွေကို အလွတ်မပေးဘဲ လိုက်နင်းသတ်နေတာလေ။ ခင်ဗျားသူငယ်ချင်းတွေတောင် သူ့လက်ချက်ကြောင့် သေပွဲဝင်နေကြပြီလား မသိပါဘူး" "ဗျာ"

ကျားကြီးရဲ့ပြောစကားကို ယုန်ကလေးဟာ တကယ်ထင်ပြီး ကြောက်ရွံ့သွားတော့သတဲ့။

"အဲဒါဆို ကျုပ်တို့ကော ဘယ်လိုလုပ်ကြမလဲ ကိုရွှေကျား"

"ဘယ်လိုမှမလုပ်နဲ့ နောက်မှာလာနေလောက်ပြီ။ မြန်အောင်ပြေးနိုင်တဲ့သူက အသက်ဘေးက လွတ်မှာပဲဟော့။ ပြေးဟ ပြေးဟ"

ကျားကြီးရဲ့စကားကို ယုန်ကလေးဟာ တကယ်ထင်ပြီး ကျားကြီးနဲ့အတူ မြန်မြန်ဆန်ဆန် လိုက်ပြေးပါလေတော့သတဲ့ကွယ်။ အချိန်ကြာကြာပြေးပြီးနောက် ယုန်ကလေးဟာ ခြေကုန်လက်ပန်းကျပြီး အမောတကောဖြစ်ကာ မပြေးနိုင်ရှာတော့ဘူးတဲ့ကွယ်။ ဒီအခြေအနေကို ကျားကြီးက သိနေသတဲ့။ ယုန်ကလေးရဲ့အမောကို အခွင့်ကောင်းယူပြီး ကျားကြီးဟာ အလွယ်တကူ ဖမ်းယူစားသောက်ဖို့ ကြံစည်နေပါတော့သတဲ့။

"ဆင်ကြီးရဲ့ဝေးရာကို ရောက်လောက်ပါပြီ ဒီသစ်ပင်အရိပ်အောက်မှာ ခဏတစ်ဖြုတ် အနားယူကြရအောင်"လို့ ကျားကြီးက ပြောလိုက်သတဲ့ကွယ်။

အရိပ်အာဝါသကောင်းလွန်းတဲ့ သစ်ပင်ကြီးအောက် ယုန်ကလေးဟာ အမောဖြေရင်း နှစ်ခြိုက်စွာ အိပ်ပျော်သွားသတဲ့ကွယ်။ ဒါကို အခွင့်ကောင်းယူပြီး ကျားကြီးဟာ ယုန်ကလေးကို ဖမ်းယူစားသောက်ဖို့ လုပ်လိုက်သတဲ့။ အဲဒီအချိန်မှာပဲ-

"ယုန်ကလေးရေ ယုန်ကလေး ယုန်ကလေးရေ"


အရိပ်အာဝါသကောင်းလွန်းတဲ့ သစ်ပင်ကြီးအောက်ကို သမင်နဲ့လိပ်ဟာ ရောက်ရှိလာပြီး သူတို့ရဲ့နောက်မှာလဲ ကျန်တဲ့အဖော်တွေပါလာတာကြောင့် ကျားကြီးဟာ ယုန်ကလေးကို ဖမ်းယူစားသောက်မဲ့ အကြံအစည်က မအောင်မြင်သွားရှာဘူးတဲ့ကွယ်။ ယုန်ကလေး ကံကောင်းသွားတယ်ဆိုရမှာပေါ့ကွယ်။

နောက်ဆုံးမှာ ကျားကြီးဟာ သစ်ပင်ကြီးအောက်ကနေပြီး အဝေးတစ်နေရာကို ထွက်ပြေးသွားပါတော့သတဲ့။ အားလုံးက သစ်ပင်အောက်မှာ နှစ်ခြိုက်စွာ အိပ်ပျော်နေတဲ့ ယုန်ကလေးကို မြင်လိုက်ရတော့ ပျော်ရွှင်သွားကြသတဲ့ကွယ်။ ပုံပြင်လေးကတော့ ဒါပါပဲကွယ်။

ကလေးတို့အားလုံးလဲ ဒီပုံပြင်ကလေးကို ဖတ်ခြင်းအားဖြင့် မစူးစမ်းမဆင်ခြင်သော ယုန်ကလေးလို မဖြစ်ကြအောင် သတိထားပြီး နေထိုင်ကြပါနော်။ ကလေးတို့အားလုံး ကျန်းမာရွှင်လန်းကြပါစေကွယ်။

**ချာန်လေး(ပညာရေး)**

## လူတော်လူကောင်း



♦ စာကိုကြိုးစားသင်ယူပါ  
အချိန်ရှိခိုက်မှာ၊  
ဘက်စုံပညာကျွမ်းကျင်မှ  
လူတော်ဖြစ်မယ်ဗျ။

♦ စိတ်ထားလည်းလှ မေတ္တာယှဉ်  
ကိုယ်ကျင့်ကောင်းပါလျှင်၊  
လူတိုင်းချစ်ခင် တန်ဖိုးထား  
လူကောင်းလို့ ထင်ရှား။

♦ ရိုးသားကြိုးစား ဆောင်ရွက်ပါ  
လူ နတ် ချစ်ကြမှာ၊  
သွားလေရာမှာ မျက်နှာပွင့်  
မျိုးရိုးဂုဏ်တွေမြင့်။ ။

**နွေလှိုင်း(နတ်မောက်)**

## စာကြည့်တိုက်သို့ သွားကြစို့

♦ ရွာအဝင်က လမ်းဘေးရယ်  
စာကြည့်တိုက်လေးကွယ်၊  
ကျောင်းပိတ်ရက်ဝယ် တို့အများ  
စာဖတ်သွားစို့လား။

♦ အမှန် အမှား လမ်းညွှန်ကာ  
သုတအဖြာဖြာ၊  
စာကြည့်တိုက်ဟာ ပေးစွမ်းထား  
အသိပညာများ၊  
ဘဝရဲ့ခွန်အား။ ။

**ဇေဂျမ်းရွာကျောင်းအိုသား**



# (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၄ ခုနှစ်၊ (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်း၊ပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒွိတာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် လက်ရှိခေတ်ကာလတွင် ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာ့ဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင် တပ်မတော်နေ့ အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့်စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များ မစုံလင်ခြင်းနှင့် သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတိုစာမူဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၆၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်စာမူဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ပလင်ငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# ယခုဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလထိ ပဲမျိုးစုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၇၃၀ ကျော်ရရှိခဲ့



**နေပြည်တော် အောက်တိုဘာ ၁၄**

ယခုဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလထိ ပဲမျိုးစုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၇၃၀ ကျော်ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသတင်းများအရ သိရသည်။

မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိနေသည့်ပဲမျိုးစုံကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ လစဉ်တင်ပို့ရောင်းချလျက်ရှိရာ ယခုဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလထိ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၆၂၂ ဒသမ ၁၀၉ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၁၁၂ ဒသမ ၃၂၃ သန်း စုစုပေါင်းအမေရိကန်ဒေါ်လာ ၇၃၄ ဒသမ ၄၃၂ သန်းဖိုးထိ တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ တင်ပို့ရောင်းချရာတွင် မတ်ပဲကို အများဆုံးတင်ပို့ရောင်းချခဲ့ရပြီး ပဲတီစိမ်းကို ဒုတိယအများဆုံးနှင့် ပဲစင်းငုံကို တတိယအများဆုံး တင်ပို့ရောင်းချခဲ့ကြောင်း၊ မတ်ပဲကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၃၅၀ ဒသမ ၃၇၉ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၉၂ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၅၂ ဒသမ ၀၇၁ သန်းဖြင့် အများဆုံးတင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထို့အတူ ပဲတီစိမ်းကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၁၂၅ ဒသမ ၄၆၄ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၂၂၇ သန်း စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၆၃ ဒသမ ၆၉၁ သန်းဖြင့် ဒုတိယအများဆုံး တင်ပို့ရောင်းချခဲ့ရပြီး ပဲစင်းငုံကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက တင်ပို့ရောင်းချခြင်းမရှိဘဲ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၉၅ ဒသမ ၅၆၃ သန်းဖြင့် တတိယအများဆုံးတင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ပဲမျိုးစုံတင်ပို့ရောင်းချပေးရာတွင် ယခုဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလထိ ပဲကတ္တီပါ(စွန်တာဖြူ)၊ ပဲနီကျား၊ နိုင်လွန်ပဲများကို နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းက တင်ပို့ရောင်းချပေးခဲ့ပြီး ပဲစင်းငုံ၊ ကုလားပဲ၊ စွန်တာနီ၊ ဗိုလ်ကိတ်ပဲ၊ ပဲပုပ်စေ့များကို ပင်လယ်ရေကြောင်းကုန်သွယ်ရေး လမ်းကြောင်းကသာ တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

SKL

# ရေနံ့ချောင်းမြို့နယ် ကုန်းကန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ရေနံ့ချောင်း အောက်တိုဘာ ၁၄**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံ့ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကုန်းကန်ကျေးရွာ၌ ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံ့ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် ဝန်ထမ်းများက ကုန်းကန်ကျေးရွာ၌ နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက ကျေးရွာရေရရှိရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကုန်းကန်ကျေးရွာ၌ ရေရရှိရေးအတွက် ( 7.7KW) ဆိုလာပြားနှင့် ဆိုလာပန့်တပ်ဆင်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၃ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက နည်းပညာပံ့ပိုး၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် ကုန်းကန်ကျေးရွာရှိ အိမ်ခြေ ၂၄၃ အိမ်၊ လူ ၁၂၆၂ ဦးတို့အတွက် သန့်ရှင်းသောသောက်သုံးရေကို ရာသီမရွေး၊ အချိန်အခါမရွေး ဖူလုံစွာရရှိနိုင်တော့မည်ဖြစ်ကြောင်း ရေနံ့ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းထံမှ သိရသည်။

နှဲ့ယဉ်

## စာအုပ်စာပေ လူ့မိတ်ဆွေ












## ဝန်ထမ်းအလိုရှိသည်

1. **အရောင်းစာရေးမ** (2) ဦး
2. **အရောင်းစာရေး** (1) ဦး
3. **စာရင်းကိုင်စာရေးမ** (1) ဦး
4. **(Driver) (အိမ်နေ)** (2) ဦး

- အမှတ်စဉ် (1), (2) အတွက် ဘွဲ့ရရှိပြီးသူဖြစ်ရမည်။စိတ်ရှည်ရမည်။ စကားပြောဆိုပြေပြစ်ရမည်။ စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
- အမှတ်စဉ် (3)အတွက် ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ စာရင်းနှင့်ပတ်သက်သည့်ဘွဲ့တစ်ခုခုရရှိရမည်။
- အမှတ်စဉ်(4)အတွက် ယာဉ်မောင်းလိုင်စင်သက်တမ်း (3)နှစ်နှင့်အထက်ရှိရမည်။ အသောက်အစားကင်းရှင်းသူဖြစ်ရမည်။ စိတ်ပါဝင်စားပါက CV Form၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ ထောက်ခံစာ၊ ယာဉ်မောင်းလိုင်စင်မိတ္တူ၊ဓာတ်ပုံ (2)ပုံနှင့်တကွ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

✱ **မှတ်ချက်** ✱ အမှတ်စဉ်အားလုံးအတွက် အိမ်နေ/အိမ်စားများလည်းလျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်။ ။ အမှတ်(14)၊ 85 လမ်း၊ 28×29၊ မန္တလေးမြို့။
09-5069199 , 02-4069291

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်(၂၇၆) ရှမ်းဝိုင်းရပ်နေ ဦးမြင့်စိုး-ဒေါ်စန်းနွဲ့ တို့၏သားဖြစ်သူ **မောင်ရန်နိုင်ကို (၉/မဟမ(နိုင်)၀၆၄၈၇၆)**ကိုင်ဆောင်သူသည် မိဘများ၏ဆုံးမမှုကို နာခံခြင်းမရှိသည့်အတွက် (၁၅-၁၀-၂၀၂၃)ရက်နေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးမြင့်စိုး(၉/မရတ(နိုင်)၀၆၁၈၁၄)**
**ဒေါ်စန်းနွဲ့ (၉/မရတ(နိုင်)၀၆၁၇၇၇)**

"အဂတိပယ်ခွာ ပြည်သာယာ"
**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

ရန်သူ
မီးဘေး
တားဆီးရေး
မနေး
ဆောင်ရွက်ကြ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မည်သည့်ကိစ္စမဆို လူသာလျှင် အရေးအကြီးဆုံးဖြစ်ပါတယ်။ လူသာလျှင် ပဓာနဖြစ်ပါတယ်။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး စတဲ့ကိစ္စရပ်တွေအားလုံးမှာ လူပါဝင်ဆောင်ရွက်ရတာဖြစ်ပါတယ်။ လူရဲ့ ဦးဆောင်မှု၊ လူရဲ့ လိုက်နာဆောင်ရွက်မှု၊ လူရဲ့ ပြုပြင်ဖန်တီးမှုတို့ဟာ အဓိကကျပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ် ဧပြီ ၁၇ ရက်တွင်ကျရောက်သော မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နှစ်သစ်ကူးအခါသမယတွင် ပြောကြားသည့် မြန်မာနှစ်သစ်ကူးနှုတ်ခွန်းဆက်မင်္ဂလာစကားမှ ကောက်နုတ်ချက်)

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ရှစ်နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၁၄**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ရှစ်နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနားကို အောက်တိုဘာ ၁၅ ရက်**(ယနေ့)** နံနက် ၉နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန**(MICC-II)**၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို နံနက် ၈ နာရီ ၄၅ မိနစ်မှ စတင်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား **MRTV-HD Channel**၊ **MRTV-News Channel**၊ **MRTV Farmers' Channel**၊ **MRTV Sports Channel**၊ **MRTV Parliament Channel**၊ **MRTV-NRC** တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း၊ **MITV** နှင့် **MWD-HD Channel**၊ **MWD Variety-HD Channel**၊**Channel LIGHT Channel**တို့အပြင် **Sky Net**တိုင်းရင်းသား **Channel**၊ **Reader's Channel** နှင့် **MOI Website**၊ **MOI Youtube**၊ **MRTV APP:** တို့အပါအဝင် **Online** များမှလည်း တိုက်ရိုက်**(LIVE)** ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံရေဒီယို၊ ပတ္တမြား **FM**၊ ချယ်ရီ **FM**၊ မန္တလေး **FM**၊ ပဒ္မဝတီ **FM**၊ ရွှေ **FM**၊ **FM** ပုဂံ၊ **Star FM**၊ သဇင် **FM** တို့မှလည်း တိုက်ရိုက်**(LIVE)**ထုတ်လွှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဧရာဝတီမြစ်ရေအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၄**

ယနေ့နံနက် ၁၀ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်(၇၄စင်တီမီတာ)တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ငယ်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

## တပ်မတော်တွင် စတုတ္ထအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှုလုပ်ငန်းဆောင်ရွက်



တပ်မတော်မှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့နှင့် အိန္ဒိယနိုင်ငံမှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့တို့ ပူးပေါင်း၍ အသည်းအစားထိုးခွဲစိတ်ကုသစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၄**

တပ်မတော်တွင် ပထမအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် အသည်းအစားထိုးလူနာနှစ်ဦးကိုလည်းကောင်း၊ ဒုတိယအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၀ ရက်၊ ၃၁ ရက်နှင့် ဖေဖော်ဝါရီ ၁ ရက်တို့တွင် အသည်းအစားထိုးလူနာ သုံးဦးကိုလည်းကောင်း၊ တတိယအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ၂၀၂၃ ခုနှစ် ဇူလိုင် ၁၈ ရက်မှ ၂၀ ရက်ထိ လည်းကောင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ ယခုအခါ စတုတ္ထအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုကို လူနာ သုံးဦးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမနေ့ အသည်းအစားထိုးခွဲစိတ်ကုသမှုကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင် ၁၀၀၀)

စာမျက်နှာ ၂၁ ကော်လံ ၁ ☆

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

OUR SERVICES

Current Deposit Account
Savings Deposit Account
Fixed Deposit Account
Call Deposit Account
Scholarship Funding Service
Loans , Overdraft and Hire Purchase System
Gift Cheque Services and Payment Order Services
Safe Deposit Locker
ATM / POS Services / MPU Debit Card / Credit Card
Mobile Banking and Internet Banking Services

လုံခြုံလျှင်မြန် ဆောင်ရွက်ပြီးမှန် မြဝတီဘဏ်

MPU UnionPay

Phone No: (01) 2301367, 2301368, 2301452, 2301378